## အခန်း(၁၉၆) - ပြန်လည် တိုက်ခိုက်ခြင်း....

နူမင်က ချက်ချင်း အပြင်ထွက်ပြီး ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

အကွာအဝေးက ခုနှစ် ကီလိုမီတာ၊ ရှစ်ကီလိုမီတာခန့် ကွာဝေး နေသော်လည်း ချင်ယန်တို့ စီးသွားသည့် တိမ်ငန်းက ကြီးမားလွန်းသဖြင့် ရှင်းရှင်းလင်းလင်း လှမ်း မြင်နေရသည်။

"လုံမိသားစုရဲ့ တိမ်ငန်းလား.."

နှုမင်းက အေးစက်စွာ နှာခေါင်း တစ်ချက်ရှုံ့လိုက်ရာ အိမ်နောက်ဖေး ခြံဝင်းထဲမှ ငါးမီတာခြောက်မီတာခန့် ရှိသည့် အသူရာ နွားထီးကြီးတစ်ကောင်က နှုမင် အနားသို့ လျှင်မြန်စွာ ရောက်ရှိလာသည်။

“မင်းက လုံမိသားစု ခေါင်းဆောင်ကို သွားတွေ့လိုက်...”

နှုမင်က အော်ဟစ်လိုက်သည်။

“ဟုတ်ကဲ့ ခေါင်းဆောင်...”

နူမင်နှင့် အခြားလူများက နွားထီးကြီးပေါ် ခုန်တက်သွားပြီး လူငယ်လေးက ချက်ခြင်း ပြေးထွက်သွားသည်.။

ဟူး....ဟူး.....

လေအေးများက အသာကုန် တိုက်ခတ်နေသည်။ အသူရာ နွားထီးက အရှိန် မမြန်သော်လည်း ယွမ်ဟိုင်နယ်ပယ် ဖြစ်နေသဖြင့် ပြေးနေသည်မှာ ခြေထောက်နှင့် မြေကြီးပင် မထိဘူးဟု ထင်ရသည်။ ကောင်းကင်ပေါ် ပျံသန်းနေသော တိမ်ငန်းထက် နှေးကွေးခြင်း မရှိပေ။

မကြာခင် ချင်ယန်တို့ အဖွဲ့က သားရဲတစ်ထောင်မြို့ နယ်နမိတ်မှ ထွက်သွားတော့မည် ဖြစ်သဖြင့် နူမင်တို့က အခြား မိုးပျံသားရဲ ရှာဖွေရန် အချိန် မရှိတော့ပေ။ သူတို့၏ နွားထီးကြီးကလည်း မြို့ပြင် ထွက်လာသည်။ မြို့အပြင်သို့ ရောက်သည်နှင့် အရှိန်က ပိုမြန်လာသည်။

မူလက သူတို့ကြားတွင် ငါးကီလိုမီတာ၊ ခြောက် ကီလိုမီတာခန့် ကွာဝေး နေသော်လည်း ဆယ်မိနစ်ခန့် ကြာပြီးနောက် အကွာအဝေးက

နှစ်ကီလိုမီတာ ၊ သုံးကီလိုမီတာ အထိသာ ကွာဝေးတော့သည်။

တိမ်ငန်းပေါ်တွင် ချင်ယန်တို့ အဖွဲ့က မြေပြင်မှ ပြေးလိုက်နေသော နွားထီးကြီးကို ထုံးစံအတိုင်း မြင်နေရသည်။

"ချင်ယန်၊ မင်းပဲဆိုတာ ငါသိတယ်.. ရပ်လိုက်စမ်း..."

သူတို့ကြားတွင် အကာအဝေးက နှစ်ကီလိုမီတာ၊ သုံး ကီလိုမီတာမျှသာ ကွာဝေးတော့သဖြင့်

ယွမ်ဟိုင်နယ်ပယ် ရှိသည့် နူမင်၏ အသံကို ချင်ယန်က ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

"မင်းရဲ့ အရည်အချင်းကို အရှင်မင်းကြီးက သဘောကျ မြတ်နိုးတယ်။ မီးနဂါး အင်ပါယာထဲ ဝင်မယ်ဆိုရင် အရှင်းမင်းကြီးက မင်းကို ကြီးမားတဲ့ အကျိုးကျေးဇူးတွေ ပေးလိမ့်မယ်...."

ချင်ယန်၏ အသံက တိမ်ငန်းပေါ်မှ ပျံ့လွင့်လာသည်။

"နူမင်၊ ငါ့မှာ မီးနဂါး အင်ပါယာနဲ့ ပူပေါင်းဖို့ ရည်ရွယ်ချက် မရှိဘူး။ မီးနဂါး အင်ပါယာနဲ့လည်း

ရန်သူ မဖြစ်ချင်ဘူး။ ဒါကြောင့် ငါ့နောက် ဆက်မလိုက်ဖို့ မျှော်လင့်တယ်။ ခေါင်းဆောင်ကျိရဲ့ ကြင်နာမှုကို ဒီချင်ယန်က မှတ်ထားပါ့မယ်.....”

နူမင်၏ လေသံက တင်းမာလာပြီး....

“ချင်ယန်၊ ပြောတဲ့စကားပဲ နားထောင်...”

“ ခုဆို တန်ထန် အင်ပါယာက ငါတို့ မီးနဂါး အင်ပါယာရဲ့ လက်အောက်ခံ ဖြစ်နေပြီ။ တန်ထန် အင်ပါယာမှာ မင်းလုပ်ခဲ့တဲ့ ကိစ္စတွေလည်း ငါ သိတယ်....”

“မင်းသာ အရှင်းမင်းကြီး အပေါ်မှာ နာခံမှုရှိရှိ သစ္စာရှိမယ် ဆိုရင် တန်ထန် အင်ပါယာက အင်အားစုတွေနဲ့ ပဋ္ဌိပက္ခကို အရှင်မင်းကြီးက ဖြေရှင်း ပေးလိမ့်မယ်။ ဒီလိုမဟုတ်ရင် မင်းက တန်ထန် အင်ပါယာရဲ့ ရန်သူပဲ မဟုတ်တော့ဘူး။ ငါတို့ မီးနဂါး အင်ပါယာရဲ့ ရန်သူလည်း ဖြစ်လာလိမ့်မယ်....”

“အခု ကောင်းကင်ပေါ်မှာ ပျံနေလို့ မင်းလွတ်မယ် မထင်နဲ့။ မင်းစီးနေတဲ့ တိမ်ငန်းက ရေရှည် ပျံသန်းဖို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့

ငါ့နွားကတော့ တစ်နေကုန်ပြေးလို့ ပြဿနာ မရှိနိုင်ဘူး..”

နူမင်၏ စကားကြောင့် အားတက်စရာ မရှိတော့ပေ။ သူတို့စီးလာသည့် နွားထီးကြီးက တိမ်ငန်းလောက် မြန်နေရုံသာမက ခံနိုင်ရည်လည်း အလွန် ကောင်းနေသည်။

“နူမင်၊ မီးနဂါး အင်ပါယာထဲ မဝင်ချင်ဘူးလို့ ပြောပြီးပြီ..... ငါတို့နောက် လိုက်နေတာ ရပ်လိုက်တော့....”

ချင်ယန်၏ လေသံက တင်းမာလာသည်။

မီးနဂါး အင်ပါယာထဲ ဝင်ရင် မည်သို့မှ မဖြစ်နိုင်ပေ။ ဒါက မီးတွင်းကြီးပင်....

နှုမင်က အေးစက်သော လေသံနှင့်....

“ချင်ယန်၊ ဒီလိုဆိုရင်တော့ မင်းက မီးနဂါး အင်ပါယာထဲကနေ အသက်ရှင်ရက် ထွက်သွားစရာ မလိုတော့ဘူး။ မင်းတစ်ယောက်တည်းကို ပြောတာ မဟုတ်ဘူး။ မင်းတို့ တစ်ဖွဲ့လုံးကို ပြောတာ....”

“အမှောင်ထဲကနေ ထွက်ပြေးဖို့ မစဉ်းစားနဲ့ မင်းတို့စီးလာတဲ့ တိမ်ငန်းက မျက်ကန်းတောတိုး ရောဂါ ဖြစ်နေတယ်။ အမှောင်ထဲမှာ မမြင်နိုင်ဘူး..”

တိမ်ငန်းပေါ်တွင် ချင်ယန့်၏ မျက်လုံးက အေးစက်နေသည်။

ရှီယန်က သက်ပြင်းချလိုက်ပြီး..

"ယန်အာ၊ တစ်နာရီ၊ နှစ်နာရီ နောက်ကျပြီး မှောင်မှ ထွက်လာသင့်တာ... ဒီလိုဆိုရင် တန်ခိုးရှင်တွေ မြင်တော့မှာ မဟုတ်ဘူး...."

ရှောင်ကျူဝမ်က....

"အန်တီယန်၊ ချင်ယန်က ဒီအချိန်ကို သက်သက် ရွေးချယ်ခဲ့တာ။ ရိုးရိုးလေး ထွက်သွားချင်တဲ့ စိတ် မရှိမှာဘဲ ကြောက်မိတယ်.."

ရှီယန်က အံ့အောသင့် သွားပြီး....

"ယန်အာ...။ သားက သူတို့ကို သတ်ဖို့ ကြံနေတာလား...."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"အမေ၊ သားတို့က ဒီနေ့ တိတ်တိတ်လေး ထွက်သွားရင် မီးနဂါး အင်ပါယာက ဒုက္ခ မပေးတော့ဘူးလို့ ထင်နေတာလား....။ ဒီလို မဟုတ်ဘူး..."

"မီးနဂါး အင်ပါယာက ပြဿနာ ထပ်ရှာလိမ့်မယ်.."

"အခု ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက် ရှိနေလို့ ကြယ်ငါးပွင့် အင်အားစု ဖြစ်နေတာ။ တကယ်လို့ တစ်ယောက်လျှော့ပြီး နှစ်ယောက်ပဲ ကျန်တော့မယ် ဆိုရင် မီးနဂါး အင်ပါယာက

ကြယ်ငါးပွင့် အဆင့်ကနေ ချက်ချင်း ပြုတ်ကျ သွားလိမ့်မယ်။ မီးနဂါး အင်ပါယာရဲ့ ဖွံ့ဖြိုး တိုးတက်မှုလည်း အများကြီး နောက်ကျ သွားလိမ့်မယ်....”

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

ရှီယန်က မျက်မှောင် ကြုတ်လိုက်ပြီး...

“ယန်အာ... ဒါပေမဲ့ နှမင်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်လေ.....။ ပြီးတော့ သူ့မှာ တခြား

ရတနာတွေလည်း ရှိသေးတယ်။ အန္တရာယ် အရမ်းများတယ်နော်.. သူ့ကိုသတ်ဖို့ ထိုက်တန်လို့လား...”

“တန်တယ်....”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

အကယ်၍ နူမင်တွင် နွားဒေါ်သအိုး သွေးမျိုးဆက် လုံး၀ မရှိပါက မထိုက်တန်ပေ။ ယခုမူ ထိုလူတွင် နွားဒေါ်သအိုး သွေးမျိုးဆက် ရှိနေပြီး ထိုသွေးမျိုးဆက်က မဆိုးပေ။

ယခုအချိန်တွင် နွားဒေါ်သအိုး သွေးမျိုးဆက်က မနိုးထသေးပေ။ ဒါသည် လုံးဝ ဖြုန်းတီးခြင်းသာ ဖြစ်နေသည်။

နွားဒေါ်သအိုး သွေးမျိုးဆက်အား ချမ်ဟိုင်ထံ လွှဲပြောင်းနိုင်မည့် အခွင့်အရေးကို ချင်ယန်က မည်ကဲ့သို့ လက်လွှတ် ခံနိုင်မည်နည်း...။ လွှဲပြောင်း ပြီးသွားပါက ချမ်ဟိုင်၏ ခွန်အားက သိသိသာသာ တိုးတက် လာလိမ့်မည်။

"ဘာဖြစ်နေတာလဲ။ တိမ်ငန်း လူဆယ်ယောက် တင်ပြီး ပျံနေတာကို အခုချိန်ထိ မောပန်းလာတဲ့ အရိပ်အယောင် မတွေ့သေးပါလား...."

နာရီဝက်ခန့် ကြာပြီးနောက် နူမင်က လေးနက်စွာ ပြောလိုက်သည်။

"ခေါင်းဆောင်။ မကြာခင် ဖြစ်လာလိမ့်မယ်။ လုံမိသားစု တိမ်ငန်းရဲ့ အခြေအနေကို လူတိုင်း သိတယ်။ ပြဿနာ မရှိနိုင်ဘူး..."

နူမင် ဘေးနားမှ တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။

ထိုအချိန်တွင် ချင်ယန်တို့ စီးလာသော တိမ်ငန်း၏ ခန္ဓာကိုယ်က ရုတ်တရက် တုန်ခါလာသည်။ ပျံသန်းနေသော အရှိန်လည်း သိသိသာသာ ကျဆင်းသွားသည်။ အမြင့်ကလည်း လျင်မြန်စွာ နိမ့်ကျလာသည်။

"ခေါင်းဆောင် ကြည့်..."

ခုနက ပြောခဲ့သည့် တန်ခိုးရှင်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

အသူရာ နွားထီးကြီးနှင့် နီးကပ်လာသည်ကို ကြည့်ပြီး နူမင် မျက်နှာပေါ်တွင် အပြုံးတစ်ခု

ပေါ်လာသည်။ မြစ် သို့မဟုတ် ရေကန်တွေ့လျှင်ပင် နွားထီးကြီးကို တားဆီးနိုင်ခြင်း မရှိပေ။ ၎င်းက ရေပြင်ပေါ်မှာလည်း ဖြတ်ပြေးနိုင်သည်။

"နေအုံး... တောင့်ခံထား.."

"အားလုံး သတိထား.."

တိမ်မင်ငန်းပေါ်တွင် ချင်ယန်က စိုးရိမ်နေသော မျက်နှာနှင့် အော်ဟစ်လိုက်သည်။

"ဟား.... ဟား.."

နောက်မှ ပြေးလိုက်လာသော နွားထီးကြီးပေါ်မှ ရယ်မောသံကြီး ထွက်ပေါ်လာသည်။

"ပျံလေ။ စိတ်ကြိုက် ပျံလေ.... ရှုနာရှိုက်ကုန်း တိမ်ငန်းကို အားကိုးပြီး ထွက်ပြေးချင်တယ် ဟုတ်လား.....။ ဘာလဲ အခုမှ နောင်တရနေပြီလား...."

"ချင်ယန်ရေ ဒီညတော့ မင်းရဲ့ အိမ်ဖော်လေးတွေက ငါ့ အိပ်ယာကို နွေးအောင် လုပ်ပေးတော့မှာပဲ..."

အသူရာ နွားထီးကြီးပေါ်တွင် ရှိနေသည့် ကျန်သည့် တန်ခိုးရှင်များကလည်း ရယ်မောနေသည်။

နူမင်နှင့် အခြားလူများသည် အအေးဒဏ်ကို မကြောက်သော်လည်း ဤမျှ အေးစိမ့်နေသော ရာသီဥတုထဲတွင် ပြေးလွှား လာရသဖြင့် စိတ်မကြည်လင် ကြပေ။

ချင်ယန်ကို ဖမ်းမိပါက ကောင်းကောင်း အနိုင်ကျင့်လိုက် အုံးမည်။

ဘုန်း....

တိမ်ငန်းက အရုပ်ကျိုးပျက် ပြုတ်ကျလာသည်။ ပြုတ်ကျသည့် အရှိန်က လျှင်မြန်လွန်းသဖြင့် သစ်ပင်များပင် ကျိုးကြေပြီး နှင်းများ လွင့်ထွက်သွားသည်။

"ချင်ယန်၊ မင်းက လူငယ် မဟာသခင် တစ်ယောက်လို့ ကြားထားပေမဲ့ အခု ကြည့်ရတာတော့ စွံတဲ့ပုံ မရှိပါဘူး..."

ချင်ယန်တို့ ပြုတ်ကျလာသည့် အချိန်တွင် နူမင်က အနား ရောက်နေပြီ......

သူကိုယ်တိုင်က ယွမ်ဟိုင် နယ်ပယ်၊ နွားထီးကြီးကလည်း ယွမ်ဟိုင် နယ်ပယ်။ သူ့နောက်တွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်လေးယောက်လည်း ပါသေးသဖြင့် နူမင်က လုံးဝ မကြောက်ပေ။

“နူမင်၊ အရှင်မင်းကြီးက ငါ့ကို ဒီထက်ပိုကောင်းတဲ့ အခွင့်အရေး ပေးနိုင်မလား မသိဘူးနော်...”

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

နူမင်က ပြန်ဖြေရန် လုပ်လိုက်စဉ် ချင်ယန်က အဆောင်တစ်ခုနှင့် ရုတ်တရက် ပစ်ပေါက်လိုက်သည်။

မျက်စိတစ်မှိတ် အတွင်းမှာပင် အဆောင်ထဲမှ စွမ်းအင်များ ဖြာထွက်လာပြီး အချင်း နှစ်ဆယ် စင်တီမီတာ ရှိသော ထူးဆန်းသည့် မျက်လုံး တစ်လုံး ပေါ်လာသည်။ ထိုမျက်လုံးက မြွေမျက်လုံးနှင့် တူနေသည်။

မြွေမျက်လုံးက နူမင်ကို စိုက်ကြည့်နေသည်။

ကျန်သည့် လူများအပေါ်တွင် သက်ရောက်မှု မရှိသော်လည်း နူမင်၏ အကြည့်ကို အခိုင်အမာ ဆွဲဆောင်သွားသည်။

နူမင်က အတိုင်းအတာ တစ်ခုအထိ ခံနိုင်စွမ်း ရှိသော်လည်း အဆင့် (၆) ရွှေနတ်ဆိုး မျက်လုံးသူငယ်ကို အသုံးပြုထားသဖြင့် နူမင်အပေါ် ဆယ်စက္ကန့် ကြာအောင် သက်ရောက်မှု ရှိနေသည်။

"ရေခဲနဂါး နှောင်ကြိုး...."

ရှောင်ကျူဝမ်နှင့် ရှောင်ကျူယင်တို့က အတူတူ ပူးပေါင်းပြီး ရေခဲနှင့် စည်းနှင့်များကို ဖွဲ့စည်းပြီး ရေခဲနဂါး တစ်ကောင်ကို ဖန်တီးလိုက်သည်။

ရေခဲနဂါးကြီး နွှာထီးကြီးကို ချက်ချင်း ဝါးမြိုလိုက်သည်။

နွားထီးကြီးက အသည်းအသန် ရုန်းကန်နေသော်လည်း ယခုအခါ ရှောင်ကျူဝမ်တို့ ညီအစ်မ နှစ်ယောက် ပေါင်းထားသဖြင့် သူတို့၏ ခွန်အားက ယွမ်ဟိုင် နယ်ပယ်သို့ ရောက်ရှိ နေကြသည်။

ထို့ကြောင့် နွားထီးကြီးက မချိုးဖျက်နိုင်တော့ပေ။ နူမင်အတွက် ကူညီပြီး ချင်ယန်ကို မတိုက်ခိုက်နိုင်တော့ချေ။

"မင်းတို့ရဲ့ ပြိုင်ဘက်က ငါပဲ..."

ဟွာဝမ်ရိုက ပြုံးပြီး ပြောလိုက်ရာ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်ထဲတွင် သုံးယောက်က အသိစိတ် ကင်းမဲ့သွားသည်။

ကျန်တစ်ယောက်ကိုမူ ရှန်းယုလင်းက စိတ်ဝိညာဉ်ဖြင့် တိုက်ခိုက်လိုက်သည်။

တစ်ချိန်တည်းမှာပင် ချမ်ဟိုင်နှင့် အခြားလူများကလည်း တိုက်ခိုက်လိုက်သည်။

ဒါသည် အစွမ်းထက်သော တန်ခိုးရှင်များ တပြိုင်နက်တည်း ပူးပေါင်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖောက် ဖောက် ဖောက်....

ချင်ယန်က ဆေဘာကို ဆွဲထုတ်လိုက်ရာ ဆေဘာအလင်း သုံးခု ဖြတ်ခနဲ လက်သွားပြီး ဟွာဝမ်ရှိကြောင့် ယာယီ ငေးငိုင်သွားသည့်

တန်ခိုးရှင်သုံးယောက်ကို ထိမှန်သွားကာ တန်ခိုးရှင်သုံးလောက်လုံး လဲကျသွားသည်။

ဖောက်.....

ချမ်ဟိုင်နှင့် အခြားလူများ၏ ပူးပေါင်းတိုက်ခိုက်မှုကလည်း အောင်မြင်ခဲ့သည်။

ရှန်းယုလင်းက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်ကို ခတ္တမျှသာ ငေးငိုင်း စေခဲ့သော်လည်း ချမ်ဟိုင်တို့အဖွဲ့က ထို အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး သတ်ဖြတ်နိုင်ခဲ့သည်။

ချမ်ဟိုင်၊ နန်ရွှမ်နှင့် ရှန်ကွမ်ယင်တို့ သုံးယောက်လုံးက ယွမ်ဟူနယ်ပယ်တွင် ရှိနေပြီး ကျွမ်းစစ်၏ တိုက်ခိုက်ရေး အစွမ်းကလည်း အားမနည်းပေ။

"နူမင်မှာ အစွမ်းထက်တဲ့ ကာကွယ်ရေး ရတနာ ရှိလိမ့်မယ်။ မင်းတို့အားလုံးက သူ့ကို ဝိုင်းပြီး တိုက်ခိုက်ထား... ငါက သူ့ရဲ့ ကာကွယ်ရေး ရတနာစွမ်းအား ကုန်ဆုံးသွားတဲ့အထိ သူ့ကို ထိန်းထားမယ်."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

"ဟုတ်...."

ချမ်ဟိုင်တို့အဖွဲ့က အပြင်းထန်ဆုံး တိုက်ခိုက်မှုများနှင့် ဝိုင်းပြီး တိုက်ခိုက် လိုက်ကြသည်။

နူမင်၏ ခန္ဓာကိုယ်ပေါ်တွင် အဝါရောင် အလင်းများ ရုတ်တရက် ထွက်ပေါ်လာသည်။

ဝုန်း ဖုန်း ဒိုင်း.....

ရှီယန်တို့ အဖွဲ့၏ တိုက်ခိုက်မှုများက အလွန်ပြင်းထန် လွန်းသဖြင့် အနီးအနားရှိ ကျောက်တုံးများက အမှုန့်ဖြစ်အောင် ကွဲကြေ

သွားသော်လည်း အဝါရောင် အလင်းကြောင့် ဖြစ်ပေါ်လာသည့် ကာကွယ်မှုက လုံးဝ မပြိုကွဲသွားသေးပေ။

မူလက တော်တော်လေး တောက်ပနေသော အဝါရောင် အလင်းများက မကြာခင် မှိန်ဖျော့လာသည်။

## အခန်း(၁၉၇) - ကြွားလို့ ကောင်းနေတုန်း..

နှုမင်၏ မျက်လုံးက ခက်ထန်လာသည်။ ကြီးမားသော နတ်ဆိုး မျက်လုံးကြောင့် ငေးငိုင်သွားသည့် အချိန်တွင် ပြင်းထန်သော တိုက်ခိုက်မှုကို ခံလိုက်ရသည်။ သေခြင်းတရား၏ ခြိမ်းခြောက်မှုကြောင့် မကြာခင် နတ်ဆိုး မျက်လုံး၏ ထိန်းချုပ်မှု အောက်မှ လွတ်မြောက်လာသည်။

ဖောက်....

ချင်ယန်က နူမင်ကို မည်ကဲ့သို့ အခွင့်အရေး ပေးမည်နည်း.......

ရှီယန်နှင့် အခြားလူများ၏ ဝိုင်းဝန်း တိုက်ခိုက်မှုကြောင့် အကာအကွယ် ရတနာက အားအနည်းဆုံး ဖြစ်သွားသည့် အချိန်တွင် ချင်ယန်က အကာအကွယ် ရတနာ၏ စွမ်းအင်ကို ဖြတ်တောက် လိုက်သည်။

ရုတ်တရုတ် ဆိုသလို အလင်းရောင်များက ရုတ်တရုတ် ပျောက်ကွယ်သွားသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ယွမ်ချီ စွမ်အား အမြောက်အများကို ပိုင်ဆိုင်ထားသဖြင့် ပုံမှန်ဆိုလျှင် ယွမ်ချီများ အကုန်ခံပြီး အသားများကို ပြန်လည် ပေါက်ဖွားနိုင်သည်။ နူမင်၏ ခန္ဓာကိုယ်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များထက် အဆပေါင်း များစွာ မာကြောနေသည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် တစ်ယောက်က နူမင်၏ လည်ပင်းကို ဓါးနှင့် ခုတ်ပိုင်းလျှင်ပင် ဖြတ်တောက်နိုင်မည် မဟုတ်ချေ။

သို့သော် ချင်ယန်ကမူ သာမန် ယွမ်ဟူနယ်ပယ် တန်ခိုးရှင် မဟုတ်ပေ။

ထို့အတူ ချင်ယန် လက်ထဲမှ ဆေဘာကလည်း အဆင့် (၆) ရတနာ ဖြစ်နေသေးသည်။

ထက်ရှသော ဆေဘာ အသွားက နူမင်၏ လည်ချောင်းကို ချက်ချင်း ဖြတ်တောက သွားသည်။

ထိုအချိန်တွင် နူမင်က နတ်ဆိုးမျက်လုံး၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက် လာသော်လည်း ပြတ်တောက်သွားသည့် လည်ပင်းထဲတွင် သွေးကြောများ ပါဝင်နေသောကြောင့်

အာရုံကြောများ ပြတ်တောက်သွားပြီး ခန္ဓာကိုယ်က မလှုပ်ရှား နိုင်တော့ပေ။ အစွမ်းထက်သော ယွမ်ချီ ရှိသော်လည်း သူသေရတော့မည်။

“မင်း.. မင်း....”

နူမင်၏ မျက်လုံးက ပြူးကျယ်နေသည်။ သူကိုယ်တိုင်က ယွမ်ဟိုင်နယ်ပယ် ဖြစ်ပြီး သူ၏ ဝိညာဉ်သားရဲကလည်း ယွမ်ဟိုင် နယ်ပယ် ဖြစ်နေသည်။ သူ့ခန္ဓာကိုယ် ပေါ်တွင်လည်း အစွမ်းထက်သော ကာကွယ်ရေး ရတနာကို ဝတ်ဆင်ထားသေးသည်။

ထို့အတူ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်လေးယောက်လည်း ပါလာသောကြောင့် ချင်ယန်လက်ချက်နှင့် သေရလိမ့်မည်ဟု ယောင်၍ပင် မတွေးခဲ့ဖူးပေ။

သေခါနီး အချိန်ကိုရောက်မှ ချင်ယန်တို့ အဖွဲ့က ခွန်အားကို ဖုံးကွယ်ထားကြောင်း သိလိုက်ရသည်။

‘တန်ထန် အင်ပါယာက တန်ခိုးရှင်တွေ အလဲလဲအကွဲကွဲ ခံလိုက်ရတာကို... ငါကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် စောင်ထင်ကြီးပြီး ညံ့လွန်းပါတယ်ကွာ...’

နူမင် စိတ်ထဲတွင် နောင်တများ ပြည့်နှက်လာသည်။

"သွားစမ်း.."

ချင်ယန် လက်ထဲတွင် နောက်ထပ် အဆောင်တစ်ခု ပေါ်လာသည်။ လက်ကို ဝှေ့ယမ်းလိုက်ရာ အဆောင်က အလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲပြီး နူမင်၏ လည်ပင်းထဲ တိုးဝင်သွားသည်။

နူမင်တွင် နွားဒေါသအိုး သွေးမျိုးဆက် ရှိပြီး အသက် မသွင်းရသေးကြောင်း ချင်ယန်က

သိနေသည်။ ထို့ကြောင့် ဒါကို အသင့် ပြင်ဆင်ထားခြင်း ဖြစ်သည်။

ဒါသည် ပြည့်စုံခြင်းအဆင့် အဆင့် (၅) သွေးခုန်နှုန်း အဆောင် ဖြစ်ကာ ချမ်ဂျူး ကျွန်ဆွယ်တွင် စာရင်း မသွင်းရသေးသည့် အလွန် ရှားပါးသော အဆောင်တစ်ခု ဆိုလည်း မမှားပေ။ နဂါးဟိန်း တိုက်ကြီး တစ်ခုလုံးမှာပင် ထိုအဆောင်ကို မည်ကဲ့သို့ သန့်စင်ရကြောင်း သိသည့်လူက အလွန် နည်းပါးသည်။

သွေးခုန်နှုန်း အဆောင်က သွေးမျိုးဆက်ကို အနိုင်ယူနိုင်သည်။

သို့သော် သွေးမျိုးဆက် အားလုံးကို ဖမ်းယူ၍ မရပေ။ အချို့ သွေးမျိုးဆက်များကို ဖမ်းယူနိုင်သော်လည်း အလွန် ခက်ခဲသည်။ အဆင့် (၅) ပြည့်စုံခြင်း အဆင့်ထက် နိမ့်ကျပါက မလုပ်ဆောင်နိုင်ပေ။ ဒါသည်ပင် ကျရှုံးနိုင်ခြေ ရှိနေသေးသည်။

ကံကောင်းသည်မှာ နွားဒေါသအိုး သွေးမျိုးဆက်က ဖမ်းရ လွယ်ကူသော သွေးမျိုးဆက်ထဲ ပါဝင်နေသည်။

ထို့အပြင် နွားဒေါသအိုး သွေးမျိုးဆက်က ဖမ်းယူပြီးသည်နှင့် လွှဲပြောင်းပေးရန် လွယ်ကူသည်။ ထိုအချက်တွင် အခြား သွေးမျိုးဆက်များက ၎င်းကို မယှဉ်နိုင်ပေ။

သွေမျိုးဆက် မကိုက်ညီပါ သွေသား ငြင်းဆိုမှု ဖြစ်ပေါ်တတ်ပြီး အကျိုးဆက် အလွန် ပြင်းထန် သွားနိုင်သည်။

"သခင်လေး.. ဒါက ဘာလဲ...."

"ငါလည်း မသိဘူး.."

နှစ်မိနစ်ခန့် ကြာပြီးနောက် ရှန်းယုလင်းနှင့် အခြားလူများက နွားထီးကြီးကို ဝိုင်း သတ်လိုက်ကြသည်။

ရှန်းယုလင်းနှင့် ရှောင်ကျူယင်တို့က တိုးတိုးလေး ပြောနေကြသည်။

နူမင်က သေဆုံး သွားခဲ့ပြီ။ သို့တိုင်အောင် နူမင် အလောင်းကို ဖြူးတစ်ကောင်ပုံစံမျိုး ဖြစ်သည့်အထိ ချင်ယန်က အပ်များ ထိုးစိုက်နေသည်။

ချင်ယန်၏ အပ်များက နွားဒေါ်သအိုး သွေးမျိုးဆက်ကို လှုံ့ဆော်ပေးပြီး အဆောင် စုပ်ယူမှု ပိုသေချာအောင် လုပ်ပေးနေသည်။ ထိုကဲ့သို့ မဟုတ်ပါက အစိတ်အပိုင်း အချို့ကိုသာ စုပ်ယူနိုင်လိမ့်မည်။ ထိုအခါ ချမ်ဟိုင်က သွေးမျိုးဆက် လက်ခံလျှင်ပင် အကျိုးကျေးဇူး သိပ်များမည် မဟုတ်ပေ။

နောက်ဆုံး၌ ငါးမိနစ်၊ ခြောက်မိနစ်ခန့် ကြာပြီးနောက် ချင်ယန်လည်း ရပ်တန့်လိုက်သည်။

"ပြန်လာ..."

ချင်ယန်က အော်ဟစ်လိုက်ရာ နူမင် အလောင်းထဲမှ ရွှေအလင်းတန်းများ ပျံထွက်လာပြီး ထိုအချိန်တွင် ချင်ယန်က သူဘေးမှ ချမ်ဟိုင်၏ လက်ကို ဆေဘာနှင့် မွှန်းလိုက်သည်။

ရွှေရောင် အလင်းတန်းများက ချမ်ဟိုင် ဒဏ်ရာထဲ ချက်ချင်း တိုးဝင်ပြီး ပျောက်ကွယ် သွားသည်။

ရုတ်တရက် ဆိုသလို ချမ်ဟိုင် တစ်ကိုယ်လုံး နာကျင်လာသည်။

"တောင့်ခံထား...."

ချင်ယန်က ချမ်ဟိုင် ခန္ဓာကိုယ်ပေါ် အပ်တစ်ချောင်း စိုက်လိုက်သည်။

ချမ်ဟိုင်က အံကြိတ်ပြီး တောင့်ခံနေသည်။ ရေခဲနှင့် နှင်းများ ဝိုင်းရန်နေသည့် နေရာ ဖြစ်သော်လည်း ချမ်ဟိုင်ကိုယ်မှ ချွေးလုံးကြီးများ စီးကျ နေသည်။ ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ် တုန်ယင်နေသည်။

"အကုန်လုံး ထုတ်..."

ချင်ယန်က အော်ဟာစ်ရင်း အပ်စိုက် (၁၂) ချောင်းကျော်ကို အဆက်မပြတ် ထိုးစိုက်လိုက်သည်။

ထို့နောက် ချင်ယန်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်၏ အလောင်းများ အပါအဝင် အလောင်း အားလုံးကို သိုလှောင် လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

ချင်ယန် တို့အဖွဲ့က တိမ်ငန်း အပေါ်သို့ နောက်တစ်ကြိမ် ပြန်ရောက်သွားသည်။

တိမ်းငန်က ထိန်းမနိုင်၊ သိမ်းမရ ပုံစံဖြစ်ခဲ့သော်လည်း ယခုအခါ ချင်ယန်တို့အဖွဲ့ကို သယ်ဆောင်ပြီး တည်တည်ငြိမ်ငြိမ် ပျံသန်းသွားသည်။

တိမ်ငန်း၏ ရောဂါက အလွန် ပြင်းထန်ခြင်း မရှိတော့ပေ။ ချင်ယန်က တိမ်ငန်း၏ ရောဂါ တစ်စိတ်တစ်ပိုင်းကို ကုသ ပေးထားသည်။

အစောပိုင်းက တိမ်ငန်း ဖြစ်ပျက်ခဲ့သော ပုံစံသည် ဟွာဝမ်ရိုက အစွမ်းပြပြီး ထိန်းချုပ်ထားခြင်း ဖြစ်သည်။

"သူဌေး၊ ကျားဘုရင်က..."

ကျွမ်းစစ်က အလွန် သိချင်နေသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်.....

"နူမင်မှာ နွားဒေါသအိုး သွေးမျိုးဆက် ရှိနေတယ်။ ဒါပေမဲ့ မနိုးထ သေးဘူး။ နည်းလမ်းတစ်ခု သုံးပြီး အဲ့ သွေးမျိုးဆက်ကို ချမ်ဟိုင်ဆီ လွှဲပြောင်း ပေးလိုက်တာ..."

ကျွမ်းစစ်နှင့် အခြားလူများ၏ မျက်လုံးထဲတွင် အံ့အောသင့်နေသော အမူအရာများ ပေါ်နေသည်။

သွေးမျိုးဆက် လွှဲပြောင်းခြင်း....

ဒါက ရိုးရှင်သော ကိစ္စတစ်ခု မဟုတ်ပေ။

"နွှားဒေါ်သအိုး သွေးမျိုးဆက်က ချမ်ဟိုင်နဲ့ ပိုသင့်တော်တယ်။ အလုပ်ကောင်းကောင်း လုပ်၊ နောက်ပိုင်းမှာ မင်းတို့နဲ့ သင့်တော်တဲ့ အရာတွေ့ရင် မင်းတို့ရဲ့ သွေးမျိုးဆက်ကိုလည်း ပြောင်းလဲပေးမယ်.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျွမ်းစစ်နှင့် အခြားလူများက စိတ်လှုပ်ရှားနေသော အမူအရာနှင့်…

"သူ့ဌေးဆီမှာ သေတဲ့အထိ သစ္စာခံဖို့ ကျိန်ဆိုပါတယ်…"

ပြောရမည် ဆိုလျှင် ချင်ယန်နှင့် နေရသည်က အန္တရာယ်များသည်။ မကြာခဏ ဆိုသလို အင်းအားကြီး ရန်သူများနှင့် ရင်ဆိုင်ရသည်။ သို့သော် အချိန်တိုင်းတွင် ချင်ယန်က သူတို့ကို အံ့အောစရာ ကြီးကြီးမားမား ပေးခဲ့သည်။

"ပတ်ဝန်းကျင်ကို အာရုံစိုက်ပြီး စောင့်ကြည့်ထား..."

ချင်ယန်က စကား ပြောပြီးနောက် မျက်လုံးမှိတ်ပြီး ကျင့်ကြံလိုက်သည်။ အစောပိုင်းခွန်အား အများကြီး အသုံးပြုခဲ့ရသောကြောင့် အားပြန်ဖြည့်ရန် လိုအပ်နေသည်။

.....

မီးနဂါး အင်ပါယာ၏ အင်ပါယာမြို့တော် မီးနဂါးမြို့.....

အင်ပါယာ နန်းတော်....

“မင်းသား တန်ချမ်ဒေါင်က အရှင်မင်းကြီးဆီကို အခစား ဝင်ပါတယ်...”

တန်ချမ်ဒေါင်က ဝမ်းနည်းစွာ ဦးညွှတ်လိုက်သည်။

တန်ထန် အင်ပါယာနှင့် မီးနဂါး အင်ပါယာက တစ်ခုနှင့် တစ်ခု နယ်မြေခြင်း ထိစပ်လျှက် ရှိနေပြီး သူတို့ နှစ်ဖွဲ့လုံးက ကြယ်လေးပွင့် အင်အားစုများ ဖြစ်ခဲ့ကြသည်။ ယခင်က အကြိမ်ပေါင်းများစွာ ဆက်ဆံခဲ့ဖူးသည်။ ထိုအချိန် တန်ချမ်ဒေါင်နှင့်

ကျိုဝူချန်တို့က တန်းတူညီတူ ဆက်ဆံခဲ့ကြခြင်း ဖြစ်သည်။

ယခုအခါ ကျိုဝူချန်က ပလ္လင်ပေါ် ထိုင်နေပြီး တန်ချမ်ဒေါင်က ဦးညွှတ် အရိုအသေ ပေးရန် လိုအပ်သွားခဲ့ပြီ.....

"အရှင်းမင်းကြီးဆီ အခစား ဝင်ပါတယ်..."

တန်ပင်ဂျီကလည်း အရိုအသေ ပေးလိုက်သည်။

"ဟားဟား ကောင်းတယ်..."

ကျိုဝူချန်က မတ်တပ်ထရပ်ပြီး ရယ်မောလိုက်သည်။

သာမန်လူများက သူ့ကို ဦးညွှတ်ခြင်းသည် ကျိုဝူချန်အတွက် မည်သည့် ခံစားချက်မှ မရှိခဲ့ပေ။ သို့သော် တန်ချမ်ဒေါင်ကဲ့သို့ လူမျိုးက ဦးညွှတ်ခြင်းသည် ကျိုဝူချန်အတွက် တော်တော်လေး ခံစား၍ ကောင်းနေသည်။

"ချမ်ဒေါင်၊ မင်းတို့ အားလုံး ထိုင်ကြကွာ... ဒီနေ့ကစပြီး ငါတို့က ခမည်းခမက်တွေ ဖြစ်လာပြီ ဆိုတော့ သိပ်ပြီး ယဉ်ကျေးနေစရာ မလိုပါဘူး..."

ကျိုဝူချန်က စိတ်ပါလက်ပါ ရယ်မောပြီး ပြောလိုက်သည်။

တန်ချမ်ဒေါင်က ပြန်လည် ခါးမတ်လိုက်ပြီး ယခင် တန်ပင်ဂျီ တောင်းဆိုခဲ့သည့် အကြောင်းကို ပြောလိုက်သည်။

ကျိုဝူချန်က တစ်ချက် ပြုံးလိုက်ပြီး....

"ပင်ဂျီက ချမ်ဂျူး အကယ်ဒမီ သွားတက်ဖို့လား။ အခုလည်း အိမ်ရှေ့ မင်းသားက ချမ်ဂျူး အကယ်ဒမီမှာ ကျောင်းတက်နေတယ်..."

"နောက်နှစ်ဆိုရင် မင်းတို့နှစ်ယောက် ချမ်ဂျူး အကယ်ဒမီကို အတူတူ သွားလို့ ရပြီ...."

တန်ပင်ဂျီက လျင်မြန်စွာ အရိုအသေ ပေးလိုက်ပြီး...

"ကျေးဇူး အများကြီး တင်ပါတယ်. အရှင်မင်းကြီး..."

ကျိဝူချန်က စိတ်ပါလက်ပါ ရယ်မောလိုက်ပြီး....

"ကြည့်စမ်းပါအုံး... ချမ်ဒေါင်ရေ၊ မင်းကို ထိုင်ဖို့ပြောပြီး ထိုင်ခုံပေးဖို့ မေ့နေတယ်"

"လာကြစမ်း.. ထိုင်ခုံ ချပေးလိုက်..."

"ကျေးဇူး အများကြီး တင်ပါတယ် အရှင်မင်းကြီး...."

တန်ချမ်ဒေါင်က ထိုင်လိုက်ပြီးနောက်...

"အရှင်မင်းကြီး.. ချင်ယန်က မီးနဂါး အင်ပါယာမှာ ရှိနေနိုင်တယ်။ အရှင်မင်းကြီးက ချင်ယန်ကို စုဆောင်း ချင်နေတယ်လို့ ကြားထားပါတယ်..."

ကျိဝူချန်က ပါးပါးလေး ပြုံးလိုက်ပြီး....

"ချမ်ဒေါင်၊ ဒီအကြံကို ဘယ်လိုထင်လဲ...."

တန်ချမ်ဒေါင်က ခဏတ္တမျှ စဉ်းစားလိုက်ပြီးနောက်....

"ချင်ယန် အပေါ် နားလည်တဲ့ နားလည်မှုကို အခြေခံပြီး ပြောရမယ်ဆို အရှင်မင်းကြီးရဲ့ မီးနဂါး အင်ပါယာထဲ အလွယ်တကူ မဝင်မှာ ကြောက်မိတယ်။ အရှင်မင်းကြီးက သူတို့ကို လိုက်ဖမ်းဖို့ ဆိုရင် သေသေချာချာ ပြင်ဆင်ထားသင့်တယ်။ ငါတို့ တန်ထန် အင်ပါယာက

လူတွေလည်း သူ့လက်ထဲမှာ တော်တော်လေး ဒုက္ခရောက်ခဲ့တယ်....”

“ချင်ယန်အဖေ၊ ချမ်ဟိုင်က အသက်ရှင်နေပြီး ချင်ယန်ကို တိတ်တိတ်လေး ကာကွယ်ပေးနေတာ ဖြစ်နိုင်တယ်။ ချမ်ဟိုင်ရဲ့ ပင်ကိုယ် ပါရမီက တော်တော် ကောင်းတယ်။ သူသာ အသက်ရှင်နေသေးရင် ယွမ်ဟိုင် နယ်ပယ် ရောက်နေနိုင်တယ်....”

ကျိုဝူချန်က ပေါ့ပေါ့ပါးပါး လေသံနှင့်....

"ချမ်ဒေါင်၊ ချင်ယန်က ငါ့ အမိန့်ကို ဖီဆန်မယ်လို့ မင်း ထင်နေတာလား။ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီ။ ကြယ်ငါးပွင့် အင်အားစုနဲ့ ကြယ်လေးပွင့် အင်အားစု ကွာခြားမှုကို ချင်ယန် ရှင်းရှင်းလင်းလင်း သိမှာပါ..."

တန်ပင်ဂျီက....

"အရှင်မင်းကြီး... ပွင့်ပွင့်လင်းလင်း ပြောသလို ဖြစ်သွားရင် ခွင့်လွှတ်ပေးပါ။ ချင်ယန်က အခုချိန်ထိ အသက် (၁၆) နှစ်မပြည့်သေးပါဘူး။ မဟာသခင် တစ်ယောက် ဖြစ်နေပါပြီ။ တကယ်လို့

သူလိုက်လာရင် အရှင်မင်းကြီး သူ့ကို တကယ် ပျိုးထောင်ပေးဖို့ စိတ်ကူးနေတာလား။ ငါတို့ တန်ထင် အင်ပါယာက မိသားစုတွေနဲ့ ချင်ယန်က မဟာရန်သူကြီးတွေပါ...”

“ပြီးတော့ အခုအချိန်မှာ ချင်ယန်က နာခံနေရင်တောင် အဆောင်ဘုရင် ဖြစ်လာတဲ့ အချိန်ကျရင် နာခံအုံးမယ်လို့ မထင်မိပါဘူး...”

ကျိုဝူချန်က မျက်လုံးမှေးပြီး ကြည့်လိုက်သည်။

“အရှင်မင်းကြီး.... အချိန်တန်ရင် မီးနဂါး အင်ပါယာက သန်မာတာထက် ပိုသန်မာ

လာအုံးမှာပါ။ ချင်ယန်ကို ထိန်းချုပ်ဖို့ ပြဿနာ မရှိနိုင်ပါဘူး။ ဒါပေမဲ့ ငါတို့ တန်ထန် အင်ပါယာက တန်ခိုးရှင်တွေကိုလည်း အရှင်မင်းကြီးက ထည့်သွင်း စဉ်းစားပေးဖို့ မျှော်လင့်ပါတယ်။ ငါတို့က အရှင်မင်းကြီးကို အကျိုးပိုရှိအောင် လုပ်ဆောင် ပေးနိုင်ပါတယ်”

ကျိဝူချန် မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။ တန်ထန် အင်ပါယာက သူ့အတွက် အကျိုးဆောင်ပေးမည် ဆိုလည်း မဆိုးလှပေ။

“ကောင်းမွန် ပါပေတယ်”

ယခုအခါ တန်ထန် အင်ပါယာက သူ့လက်အောက်ခံ ဖြစ်သော်လည်း အပြည့်အဝ ထိန်းချုပ်မည့် ကိစ္စက အချိန်တိုလေးအတွင်း အောင်မြင်နိုင်သည့် ကိစ္စ မဟုတ်ပေ။

"ချမ်ဒေါင်က ဒီလို ပြောနေမှတော့ ချင်ယန်က မီးနဂါးမြို့ ရောက်လာရင် အသက်ရှည်မှာ မဟုတ်ဘူးလို့ တွေးမိပါတယ်...."

ကျိုဝူချန်က ပြောလိုက်သည်။

တန်ချမ်ဒေါင်က ကြိတ်ပြီး စိတ်အေးသွားသည်။ သူက ချန်ယန်ကို ဝန်းကြီးတစ်ယောက် မဖြစ်လာစေချင်ပေ။

တန်ပင်ဂျီလည်း ဝမ်းသာသွားသည်။ ကျိဝူချန်က ချင်ယန်ကို ဖမ်းမိသည့်အချိန်တွင် ချင်ယန်ကို သတ်ပြီး ချင်ယန်၏ ပင်ကိုယ် ပါရမီကို ဝါးမြိုနိုင်သည့် အကြောင်းအား ကျိဝူချန်ကို ပြောပြလိုက်မည်။

ထိုအချိန်တွင် အမှုထမ်း တစ်ယောက် ဝင်လာပြီး...

"သားရဲတစ်ထောင်မြို့မှာ ချင်ယန်ကို ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ တိမ်ငန်းစီးပြီး ထွက်ပြေးသွားလို့ သခင်ကြီးနူမင်က လူတွေခေါ်ပြီး နောက်က လိုက်သွားပါတယ်..."

"ရဲတင်းလိုက်တာ.."

ကျိုဝူချန်က အနည်းငယ် ရှက်ပြီး ဒေါသ ထွက်သွားသည်။

ချင်ယန်က သူ့အမိန့်ကို မဖီဆန်ရဲပါဘူးဟု ယခုလေးတင် ပြောခဲ့သည် မဟုတ်ပါလား...။

ဒါက မျက်နှာကို ဖြတ်ရိုက်လိုက်ခြင်းပင်....

ချင်ယန်နှင့် အခြား လူများက သားရဲ တစ်ထောင်မြို့တွင် ကပ်ထားသော သူ့အမိန့်ကို မြင်သော်လည်း သူ့ကို လျစ်လျူရှုပြီး ထွက်သွားသည်။

“အရှင်မင်းကြီး... စိတ်မပူပါနဲ့... သခင်ကြီး နူမင်နဲ့ တခြားလူတွေက ချင်ယန်တို့ အဖွဲ့ကို သေချာပေါက် ဖမ်းမိမှာပါ...”

အမှုထမ်းက ထပ်ပြောလိုက်ည်။

ကျိုဝူချန်က အေးစက်စွာ နှာခေါင်း ရှုံ့လိုက်ပြီး...

“အမိန့်တော် ကြေငြာစမ်း...။ မောက်မာရဲတင်းတဲ့ ချင်ယန်ကို ဖမ်းမိရင် မီးနဂါးမြို့တော်ဆီ ခေါ်လာပြီး ဒီကောရာဇ် ရှေ့မှောက် တရွတ်တိုက် ဆွဲခေါ်လာခဲ့....”

“ကျားအသည်း စားထားလားဆိုတာ ဒီကောရာဇ် ကြည့်ချင်သေးတယ်...”

# အခန်း(၁၉၈) - နောက်တစ်ကြိမ် ထပ်ကြွားမိခြင်း..

"မြန်မြန် သွားပါဟ..."

"လုံမိသားစုရဲ့ တိမ်ငန်းက အကြာကြီး မခံပါဘူး။ အခုချိန်လောက်ဆို သခင်ကြီးနူမင်က ချင်ယန်တို့ အဖွဲ့ကို လိုက်မိသွားပြီး တိုက်ပွဲဖြစ်နေပြီလို့ ခန့်မှန်းရတယ်။ ငါတို့က တိုက်ပွဲကို ကူပြီး မတိုက်ပေးနိုင်ပေမယ့် ဘေးကနေ ချင်ယန်တို့ကို ပိတ်ပေးထားလို့ ရတယ်..."

"ချင်ယန်၊ ဒီကောင်တွေ တော်တော်လေး ရယ်ဖို့ကောင်းတဲ့ ကောင်တွေပဲ။ ဒီ တိမ်ငန်းကိုမှ ဝယ်ရတယ်လို့... ဒါလေးတောင် သေသေချာချာ မသိကြဘူးလား မသိဘူး။ လုံမိသားစုကလည်း သူတို့ကို နေမကောင်းတဲ့ တိမ်ငန်းကို ဂျင်းထည့်ပြီး ရောင်းလိုက်တယ်....။ အခုတော့ ဟားဟား....."

"ငိုတာတောင် မျက်ရည် မကျနိုင်ဖြစ်နေလောက်ပြီ...."

“သခင်ကြီး နူမင်က အလုပ်ကြီး လုပ်နေလောက်ပြီ.....။ အချိန်တန်ရင် ငါတို့ကလည်း ဝင်ပြီး ကောင်းစားလိုက်မယ်...”

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက နွားထီးကြီး ထားခဲ့သော ခြေရာအတိုင်း လျှင်မြန်စွာ လိုက်လာကြသည်။ အသူရာ နွားထီးကြီး သူတို့ကို အတူတူ မခေါ်သွားနိုင်သဖြင့် သူတို့ဘာသာ သူတို့ နောက်မှ လိုက်လာကြခြင်း ဖြစ်သည်။

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များ၏ ခရီးသွား နှုန်းက မနှေးပေ။ သူတို့က တိုက်ပွဲ ဖြစ်ပွားခဲ့သည့် နေရာနှင့် နီးကပ် လာကြသည်။

"ကြည့်.. အပင်မှာ နှင်းတွေ မရှိတော့ဘူး..."

"ဒီနေရာမှာ ရှိကို ရှိရမယ်..."

ထို့နောက် အရှိန်မြှင့်ပြီး ပြေးလိုက်ရာ တိုက်ပွဲ ဖြစ်ပွားခဲ့သည့် နေရာသို့ ရောက်လာကြသည်။ မြေပြင်ပေါ်တွင် အလောင်းများ မတွေ့ရသော်လည်း သွေးကွက်များ စွန်းထင်းနေသည်။

“သခင်ကြီး နူမင်.. မင်း ဘယ်မှာလဲ…”

“သခင်ကြီး နူမင်… ငါတို့ မင်းနဲ့တွေ့ဖို့ လိုက်လာတာပါ..”

တန်ခိုးရှင် နှစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

မကြာခင် အခြား တန်ခိုးရှင် တစ်ယောက်က ရုတ်တရက် မျက်နှာပျက်သွားပြီး….

“တိတ်ဆိတ်နေတယ်။ ဒါ ပုံမှန် မဟုတ်ဘူး။ သခင်ကြီး နူမင်နဲ့ ကျန်တဲ့လူတွေ ရှိနေရင် ငါတို့

ရောက်တာနဲ့ သိမှာပါ။ အခုတော့ သခင်ကြီး နူမင်နဲ့ ကျန်တဲ့လူတွေရဲ့ အရိပ်အယောင်ကို လုံးဝ မမြင်ရဘူး...”

“ပြီးတော့ ခြေရာကိုကြည့်....”

ထိုတန်ခိုးရှင်က မြေပြင်ပေါ်က ခြေရာများကို လက်ညှိုးထိုးပြ လိုက်ပြီး စကားထပ်မပြော ဝံ့တော့ပေ။

မြေပြင်တွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေသည်။

တိုက်ခတ်နေသည့် လေက အေးစက် နေသဖြင့် လူတိုင်း၏ စိတ်ထဲတွင် နှလုံးကို လက်အေးကြီးနှင့် ကိုင်လိုက် သကဲ့သို့ အေးစက်နေသည်။

အသူရာ နွားထီးကြီးက ယွမ်ဟူနယ်ပယ် ဖြစ်သော်လည်း မပျံ့သန်းနိုင်ပေ။ ထို့အပြင် အသက်ရှင်နေသော ဝိညာဉ်သားရဲကို သိုလှောင် လက်စွပ်ထဲ ထည့်သိမ်း၍ မရချေ။

မြေပြင်ပေါ်တွင် ရှိသော ကြီးမားသည့် ချိုင့်ခွက်ကြီးများနှင့် ပေါင်းစပ်လိုက်ပါက အသူရာ

နွားထီးကြီး အသတ်ခံရရန် အလားအလာ အလွန်များသွားသည်။

"သခင်နူမင်နဲ့ သူတို့....."

လူတစ်ယောက်က ကြောက်လန့်စွာ ပြောလိုက်သည်။

အခြားလူတစ်ယောက်က တုန်ယင်နေသော လေသံနှင့်....

"ဘယ်လို ဖြစ်နိုင်မှာလဲ။ သခင်ကြီး နူမင်က ယွမ်ဟူနယ်ပယ်။ သူရဲ့ နွားကလည်း ယွမ်ဟူ

နယ်ပယ်ပဲ။ ငါသိသလောက်တော့ သခင်ကြီး နူမင်ရဲ့ ခန္ဓာကိုယ်က အရမ်း သန်မာတယ်။ အဆင့်တူ တန်ခိုးရှင်က အလစ်ချောင်း တိုက်ခိုက်ရင်တောင် သူ့ရဲ့ အကာအကွယ်ကို ဖြတ်ကျော်ဖို့ ခက်တယ်..”

“ဒီနားမှာ သခင်ကြီး နူမင်နဲ့ ကျန်တဲ့လူတွေရဲ့ ခြေရာ ရှိ၊ မရှိ ပတ်ရှာကြပါအုံး..”

မကြာခင် တန်ခိုးရှင်များသည် နှင်းပြင်မှလွဲ၍ ဘာမှ ရှာမတွေ့ခဲ့ပေ။

“သခင်ကြီး နူမင်မှာ ပျံသန်းနိုင်တဲ့ သိုင်းဝိဉာဉ် ရှိလား..”

လူအုပ်ကြီး ပြန်စုဝေးပြီးနောက် အဘိုးအို တစ်ယောက်က မေးလိုက်သည်။

"မရှိဘူး..."

အခြား လူတစ်ယောက်က သေချာသော လေသံနှင့်.....

"သခင်ကြီး နူမင်ရော၊ သူနဲ့ ပါသွားတဲ့ လူတွေမှာရာ ဒီလို သိုင်းဝိညာဉ် မရှိဘူး..."

"ဒါဆိုရင် သခင်ကြီးနူမင်နဲ့ တခြားလူတွေ ပြန်ပြီး အသတ်ခံလိုက်ရတာ ဖြစ်နိုင်တယ်..."

"သားရဲတစ်ထောင်မြို့ကို ချက်ချင်း ပြန်ရအောင်..... တကယ်လို့ သခင်ကြီးနူမင်နဲ့ တခြားလူတွေ အဲ့မှာ မရှိရင် အင်ပါယာ မြို့တော်ကို ချက်ချင်း သတင်းပို့ဖို့ လိုနေပြီ..."

ကျန်သည့် တန်ခိုးရှင်များက ခေါင်းညိတ် ပြကြသည်။

ထို့နောက် တန်ခိုးရှင်များသည် လာခဲ့သည့် အရိုန်ထက် ပိုမို လျင်မြန်စွာ ပြန် ပြေးသွားကြသည်။

အကယ်၍ နူမင်နှင့် အခြားလူများ အမှန်တကယ် အသတ်ခံ လိုက်ရပါက သူတို့လည်း

အသုံးမဝင်တော့ပေ။ သူတို့၏ခွန်အားက နူမင်နှင့် အခြားလူများလောက် မသန်မာပေ။

နာရီဝက်ကျော် ကြာပြီးနောက် လူတိုင်းက သားရဲတစ်ထောင်မြို့သို့ ပြန်ရောက် သွားကြသည်။

မကြာခင် နူမင်တို့အဖွဲ့က လုံးဝ ပြန် မရောက်သေးကြောင်း သိလိုက်ရသည်။

တန်ခိုးရှင်များ၏ မျက်နှာ အမူအရာ အလွန်လေးလံ လာကြသည်။

အကယ်၍ နူမင် သေဆုံးသွားပြီ ဆိုပါက ပြဿနာ အကြီးကြီး တက်ပြီ....

ခွန်အားအရ နူမင်က ယွမ်ဟိုင်နယ်ပယ်တွင် ရှိနေသည်။ ထို့အပြင် ယွမ်ဟိုင် နယ်ပယ် ဝိညာဉ်သားရဲ တစ်ကောင်လည်း ရှိသေးသည်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ဟုပင် ပြောနိုင်သည်။

ထို့အပြင် နူမင်က ကျိဝူချန်အပေါ် သစ္စာ စောင့်သိပြီး ကျိဝူနန်၏ သံယောဇဉ် အရှိဆုံး ထောက်ခံသူလည်း ဖြစ်နေသေးသည်။

နူမင် ခေါင်ဆောင်သွားသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် လေးယောက်ကလည်း အား မနည်းပေ။

"အင်ပါယာ မြို့တော်ကို ချက်ချင်း သတင်းပို့...."

"သခင်ကြီးနူမင်က ချင်ယန်တို့ကို ဖမ်းပြီး အင်ပါယာ မြို့တော်ကို ခေါ်သွားတာပဲ ဖြစ်ပါစေလို့ ငါတော့ မျှော်လင့်နေမိတယ်.."

တန်ခိုးရှင် နှစ်ယောက်က ယွမ်ဟူနယ်ပယ် မိုးပျံသားရဲ တစ်ကောင်ကို စီးပြီး လျင်မြန်စွာ ထွက်ခွာသွားသည်။ ယွမ်ဟူနယ်ပယ် မိုးပျံ သားရဲတစ်ကောင် ခွန်အားအပြည့်နှင့် ပျံသန်းမည်

ဆိုလျှင် ကီလိုမီတာ တစ်ထောင် အကွာအဝေးကို တစ်နာရီအတွင်း ရောက်နိုင်သည်။

..........

အခြား တစ်ဖက်တွင်မူ....

ကျိုဝူချန်က တန်ချမ်ဒေါင်နှင့် အခြားလူများအတွက် ဂုဏ်ပြု ညှော်ခံစားပွဲ ကျင်းပ ပေးနေသည်။

ယခုအခါ တန်ထန် အင်ပါယာက လက်အောက်ခံ နယ်မြေ ဖြစ်သော်လည်း တန်ချမ်ဒေါင်က တန်ထန်

အင်ပါယာ၏ ကေရာဇ်တစ်ပါး ဖြစ်နေဆဲ ဖြစ်ပြီး သူ့အဆင့်အတန်းက သာမန် မဟုတ်ပေ။

အကယ်၍ ကျိုဝူချန်က မီးနဂါး အင်ပါယာကို ပိုမို တိုးတက်စေချင်ပါက တန်ချမ်ဒေါင်၏ ထောက်ပံ့မှုကို လိုအပ်နေသေးသည်။

"အရှင် မင်းကြီးနဲ့ ခေါင်းကိုင်အဖေ၊ ချင်ယန်တို့ကို ဖမ်းမိဖို့ သိပ်မကြာနိုင်ဘူး မဟုတ်လား။ အဲ့အချိန်ကျရင် ချင်ယန်ကို သင်ခန်းစာ ပေးလို့ ရမလား မသိဘူးနော်...."

လျှို့ရူရှန်းက တိုးတိုးလေး ပြောလိုက်သည်။

ချိုင်ရောင်ဖူကလည်း ပွဲတော်ကို တက်ရောက်ခဲ့သည်။ လျှိုရှုရှန်းကလည်း ချိုင်ရောင်ဖူ၏ ခေါင်းကိုင် သမီးအနေနှင့် ညှော်ခံပွဲကို တက်ရောက်နေသည်။

“အင်မော်တယ် တစ်ယောက်က ဒီလိုမျိုး တောင်းဆိုလာတော့ ငါတို့ မငြင်းရဲပါဘူးဗျာ…”

ကျိုဝူချန်က စိတ်ပါလက်ပါ ရယ်မောပြီး ပြောလိုက်သည်။

လျှိုရှုရှန်ကဲ့သို့ အလှလေးကို ကျိုဝူချန်က သဘောကျ နေသည်။

လျိုရှူရှန်းကို ခေါင်းကိုင် သမီးအနေနှင့် လက်ခံခဲ့သည့် ချိုင်ရောင်ဖူ၏ အဓိပ္ပါယ်ကို ကျိုဝူချန်က ကောင်းကောင်း သိနေသည်။ ချိုင်ရောင်ဖူ လက်ထဲမှ အရာကို လုယူ၍ မကောင်းသဖြင့် ကျိုဝူချန်က စိတ်ထိန်းနေရခြင်း ဖြစ်သည်။

"ရှူရှန်း၊ အရှင် မင်းကြီးကို ကျေးဇူး တင်လိုက်လေ.."

ချိုင်ရောင်ဖူက ပြုံးပြီး ပြောလိုက်သည်။

လျှိုရူရှန်းက အမြန် ထရပ်ပြီး အရိုအသေ ပေးလိုက်ကာ......

"အရှင်မင်းကြီးကို ရူရှန်းက အများကြီး ကျေးဇူး တင်ပါတယ်။ အရှင်မင်းကြီးက သန်မာသထက် သန်မာလာပြီး မီးနဂါး အင်ပါယာက သန်မာသထက် သန်မာ လာပါစေ။ နောင်တစ်ချိန်မှာ အဆင့် (၆) မဟုတ်သေးဘူး အဆင့် (၇) အင်အားစုကြီးအထိ ဖြစ်လာပါစေ..."

"ဟားဟား.."

ကျိုဝူချန်က ရယ်မောလိုက်ပြီး.....

"ချိုင်ရောင်ဖူ၊ မင်းရဲ့ ခေါင်းကိုင် သမီးလေးက အင်မော်တယ် တစ်ပါးလို လှပပြီးတော့ တကယ် မင်္ဂလာ ရှိတာပဲ..."

ချိုင်ရောင်ဖူက စပ်ဖြဲဖြဲ ရယ်မောလိုက်ပြီး...

"အရှင်မင်းမြတ်က အရမ်း ချီးကျူးနေပြီ။ အစ်ကိုနူ မြန်မြန် ရောက်သင့်နေပြီ။ အခု ပြန်ရောက်လာရင် ငါတို့ အတူတူ သောက်လို့ရတယ်.."

"ဒီလိုဆိုရင် အကောင်းဆုံးပဲပေါ့..."

ကျိုဝူချန်က ပြုံးလိုက်သည်။ ယခင်က အရှက်ကွဲခဲ့ရသည်။ နူမင်က ချင်ယန်တို့ကို ဖမ်းမိပြီး ပြန်ခေါ်လာနိုင်မှ သူ့မျက်နှာကို အနည်းငယ် အဖက်ဆယ် နိုင်လိမ့်မည်။

"ချမ်ဒေါင်၊ နူမင်က ချင်ယန်တို့ကို ဖမ်းပြီး ပြန်ရောက်လာရင် နောက်တစ်ဝိုင်း ထပ်သောက် ရမယ်နော်"

ကျိုဝူချန်က ပြုံးပြီး ပြောလိုက်သည်။

"သေချာတာပေါ့.. အရှင်မင်းကြီး.."

တန်ချမ်ဒေါင်က ကမန်းကတန်း ပြောလိုက်သည်။

"ချင်ယန်က ငါတို့ တန်ထန် အင်ပါယာက တန်ခိုးရှင် အများကြီးကို သတ်ခဲ့တယ်။ နူမင် ပြန်လာရင် အရင်ဆုံး သုံးခွက်နဲ့ ဂုဏ်ပြုမယ်.."

"ဟားဟား... ကောင်းတယ်..."

ကျိဝူချန်က ပါးစပ် နားရွက် တက်ချိတ်အောင် ပြုံးလိုက်သည်။

ထိုစဉ် နန်းတော်ရင်ပြင်သို့ မိုးပျံ သားရဲ တစ်ကောင် ဆင်းသက်လာပြီး ယွမ်ဟူနယ်ပယ်

တန်ခိုးရှင် နှစ်ယောက်က နန်းတော်ခန်းမထဲကို အလျှင်အမြန် ဝင်ရောက်သွားသည်။

ထို ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်အနက် တစ်ယောက်တွင် အထူး တံဆိပ်တစ်ခုရှိပြီး အရေအပေါ် အခြေအနေ ဖြစ်ပါက ကြိုတင် အကြောင်းကြားထားခြင်း မရှိဘဲ နန်းတော်ထဲသို့ တိုက်ရိုက် ဝင်ထွက်နိုင်သည်။

"သခင်ကြီး နူမင်က ဒီမှာလည်း မရှိဘူး။ ဒါဆို အခြေအနေ မကောင်းတော့ဘူး...."

"ဟုတ်တယ်..."

အထဲဝင်လာသော တန်ခိုးရှင် နှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် အသံပို့လွှတ်ပြီး ပြောဆိုနေကြသည်။ ခန်းမထဲတွင် နူမင်ကို မတွေ့ရသဖြင့် သူတို့၏ မျက်နှာ အမူအရာက အနည်းငယ် ပျက်ယွင်းနေကြသည်။

အကယ်၍ နူမင်သာ ပြန်လာခဲ့ပါက ဒီနေရာတွင် ကျိန်းသေပေါက် ရှိနေရမည်။ ကျိဝူချန်နှင့် အတူတူ အရက်သောက် နေမည်ကို ငြင်းစရာ အကြောင်း မရှိပေ။

"ဒူရန်၊ ဘာဖြစ်လို့ ဒီရောက်လာတာလဲ.."

ကျိုဝူချန်က ရုတ်တရက် ပြောလိုက်သည်။

ရောက်ရှိလာသော တန်ခိုးရှင် နှစ်ယောက်က ချက်ချင်း အရိုအသေ ပေးလိုက်သည်။ ထို့နောက် ဒူရန်ဟု ခေါ်သည့် တန်ခိုးရှင်က အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး…

“အရှင်မင်းကြီး… သားရဲတစ်ထောင် မြို့ဘက်ခြမ်းက အရေးကြီး သတင်း သယ်ဆောင်လာပါတယ်…”

“ပြော…”

ကျိဝူချန်က လေးနက်စွာ ပြောလိုက်သည်။

ဒူရန်က ခတ္တမျှ တွေဝေ သွားသော်လည်း ...

"အရှင်မင်းကြီး... သခင်ကြီးနူမင်က ချင်ယန်တို့နောက်ကို လိုက်ဖမ်း ခဲ့ကြပါတယ်။ ကျွန်တော်နဲ့ တခြား တန်ခိုးရှင်တွေက သခင်ကြီး နူမင် ချန်ထားခဲ့တဲ့ ခြေရာတွေကို ကြည့်ပြီး နောက်က လိုက်သွားခဲ့ပါတယ်။ နောက်ဆုံး တိုက်ပွဲ ဖြစ်ပွားခဲ့တဲ့ သဲလွန်စကို တွေ့ခဲ့တယ်။ သွေးကွက်တွေလည်း အများကြီး စွန်းထင်းနေပါတယ်.."

"သခင်ကြီ နူမင်နဲ့ တခြားလူတွေကို ရှာမတွေ့ခဲ့ဘူး။ သခင်ကြီး နူမင်ရဲ့ ဝိညာဉ်သားရဲ လဲကျသွားတဲ့ သဲလွန်စကိုလည်း တွေ့ခဲ့ပါတယ်။ ပြီးတော့ သခင်ကြီး နူမင်တို့က ပြန်မထွက်သွားဘူး.. သဲလွန်စက....."

ဝုန်း......

ရုတ်တရက် ဆိုသလို ကျိဝူချန်ထံမှ ကြောက်စရာကောင်းသော အော်ရာများ ပေါက်ကွဲထွက်သွားသည်.။

ခန်းမထဲတွင် ချိုင်ရောင်ဖူမှ လွဲ၍ လူတိုင်းက ဖိအားကို ခံစားလိုက်ရသည်။

"နူမင်နဲ့ သူ့ ဝိညာဉ်သားရဲ နွားကြီး သေသွားပြီလို့ ပြောချင်တာလား..."

ကျိုဝူချန်က တင်းမာစွာ ပြောလိုက်သည်။

ဒူရန်က ခေါင်းငုံ့လိုက်ပြီး.....

"အရှင်မင်းကြီး.. ငါတို့လည်း မသေချာသေးပါဘူး....။ အဲ့ဘက်က တိုက်ပွဲ သဲလွန်စကို လာပြီး တင်ပြရုံ သက်သက်ပါ...."

ကျိုဝူချန်သည် စိတ်လွတ်တော့မလို ခံစားနေရသည်။

နူမင်က သူ့လက်အောက် ငယ်သား တစ်ယောက်သာမက သူ့အစ်ကိုဆိုလည်း ဟုတ်နေသည်။

## အခန်း(၁၉၉) - လွတ်မြောက် သွားခြင်း...

ကျိုဝူချန် ဒေါသ ပေါက်ကွဲနေသဖြင့် ခန်းမကြီးထဲရှိ တန်ခိုးရှင်တိုင်း ငြိမ်ကုတ် နေကြသည်။

တန်ချမ်ဒေါင်က သူ့မျက်နှာကို အတင်းတည် ထားပြီး လုံးဝ မပြုံးရဲပေ။ ဒီအချိန်တွင် ကျိုဝူချန်၏ စိတ်က ပေါက်ကွဲလွယ်ပြီး အချိန်မရွေး လူသတ်မှု ဖြစ်သွားနိုင်သည်။

ချင်ယန်က သူ့အမိန့်ကို မဖီဆန်ရပါဘူးဟု ပြောခဲ့သည့် အချိန်က ချင်ယန် ထွက်ပြေးသွားသည်။

နောက်ပိုင်းတွင် နူမင်နှင့် အခြားလူများက ချင်ယန်ကို ကျိန်းသေပေါက် ဖမ်းလာလိမ့်မည်ဟု ပြောသည့် အချိန်တွင် နူမင်နှင့် အခြားလူများက သေသွားရန် အလားအလာ များနေသည်။

ဒီတစ်ကြိမ် မျက်နှာ ဖြတ်ရိုက်ခြင်းက ပြင်းထန်လွန်းသည်။

တန်ချမ်ဒေါင်၏ ခံစားချက်က တော်တော်လေး ရှုပ်ထွေးနေသည်။

နူမင် သေဆုံးသွားသဖြင့် ကျိုဝူချန်၏ ယုံကြည်မှု တော်တော်လေး အားနည်း သွားနိုင်သည်။ သူတို့ တန်ထင် အင်ပါယာအပေါ် သဘောထား ပိုကောင်း လာနိုင်သဖြင့် သူက ပျော်ရမည်လော.........

နူမင်နှင့် အခြားလူများကို သတ်သည့်လူက ချင်ယန်တို့ အဖွဲ့ ဖြစ်နိုင်သည်။

ချင်ယန်က ရန်သူပင်....

"ဒီနေရာမှ အချက်အလက် အားလုံး ချန်ထားစရာ မလိုဘူး။ အသေးစိတ်ပြော...."

"ထားလိုက်တော့၊ ငါ ကိုယ်တိုင်သွားကြည့်မယ်..."

ကျိုဝူချန်၏ ပုံစံက အမှန်တကယ်အေးစက်နေသည်။ ထို့နောက် ခြေလှမ်းကျဲကြီးများနှင့် ခန်းမ အပြင်ဘက်သို့ လမ်းလျှောက်သွားသည်။

တန်ချမ်ဒေါင်နှင့် အခြားသူများက သူ့နောက်မှ လိုက်သွားကြသည်။

ကြီးမားသော ရွှေလင်းယုန်ကြီး တစ်ကောင်က ကျိုဝူချန်နှင့် အခြားလူများ ရှေ့သို့ လျင်မြန်စွာ ဆင်းသက်လာသည်။

ကျိုဝူချန်က ရွှေလင်းယုန်၏ နောက်ကျောပေါ် တက်လိုက်သည်။

တန်ချမ်ဒေါင်နှင့် အခြား လူများလည်း လိုက်တက် လိုက်ကြသည်။ ကျိုဝူချန်ကလည်း မငြင်းခဲ့ပေ။

"သွား…"

ရွှေလင်းယုန်ကြီးက ကောင်းကင်ပေါ် ချက်ချင်း ထိုးတက်သွားသည်။

ရွှေလင်းယုန်းကြီးက ယွမ်ဟိုင် နယ်ပယ် မဟုတ်သော်လည်း ယွမ်ဟူနယ်ပယ် အဆင့် (၉) ဝိညာဉ်သားရဲ ဖြစ်နေသေးသည်။ ၎င်း၏ အမြန်နှုန်းက ချင်ယန်တို့၏ ယွမ်ဟူအဆင့် (၇) တိမ်ငန်းထက် ပိုမြန်နေသည်။

တစ်လမ်းလုံး စကား တစ်ခွန်းမှ မပြောခဲ့ပေ။

အကွာအဝေးက သိပ်မဝေးသလို ရွှေလင်းယုန်၏ အမြန်နှုန်းကြောင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည့် နေရာသို့ တစ်နာရီအတွင်း ရောက်ရှိ သွားကြသည်။

ထိုအချိန်တွင် နှင်းမကျတော့သဖြင့် တောင်ထိပ်တွင် အပြောင်းအလဲ မရှိခဲ့ပေ။ မြေပြင်ပေါ်တွင် သဲလွန်စများက ယခင်ကအတိုင်း ရှိနေသေးသည်။

"နှုမင်…"

ရွှေလင်းယုန်ပေါ်မှ ဆင်းသက်လိုက် ကတည်းက ကျိုဝူချန်၏ မျက်လုံးက နီရဲနေသည်။

ကျိုဝူချန်နှင့် နူမင်တို့က တစ်ယောက်နှင့် တစ်ယောက် အလွန် ရင်းနီးကြသဖြင့် ဤနေရာသို့ ရောက်သည်နှင့် နူမင် သေဆုံးသွားသည်ကို ခံစားလိုက်ရသည်။

"ဘာဖြစ်လို့လဲ.... ဘာဖြစ်လို့.... လဲ.."

ကျိုဝူချန်က ဒေါသတကြီး အော်ဟစ်ပြီး အနီးမှ သစ်ပင်တစ်ပင်ကို ပိတ်ထိုးလိုက်ရာ လူတစ်ယောက် ဖက်ရသည့် လုံးပတ်ရှိသည့် သစ်ပင်ကြီး နှစ်ဆယ်ကျော်က တစ်ပင်ပြီး တစ်ပင် ကျိုးထွက်သွားသည်။

အကယ်၍ သာမန် ယွမ်ဟူနယ်ပယ် တစ်ယောက်ကို ထိုလက်ဝါး ရိုက်ချက်သာ ထိမှန်သွားမည် ဆိုပါက တစ်ခါတည်း ပွဲချင်းပြီး သေဆုံး သွားနိုင်သည်ဟု ခန့်မှန်းရသည်။

“အရှင်မင်းကြီး တောင်းပန်ပါတယ်...”

ချိုင်ရောင်ဖူက လေးနက်စွာ ပြောလိုက်သည်။

ဒေါသစိတ်ကြောင့် ကျိုဝူချန်၏ မျက်လုံးနှစ်လုံးက ဝင်းဝင်း တောက်နေပြီး.....

"ချိုင်ရောင်ဖူ၊ ငါ နားမလည်နိုင်ဘူး ဖြစ်နေတယ်။ နူမင်ရဲ့ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်ပါ။ သူ့ရဲ့ နွားထီးကြီးကလည်း ယွမ်ဟိုင် နယ်ပယ်ပဲ။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်လေးယောက်လည်း ပါသွားသေးတယ်။ ဘယ်လိုလုပ်ပြီး လွယ်လွယ် အသတ်ခံရလိုက် ရတာလဲ.."

"ဒီနေရာမှာ နူမင် လှုပ်ရှားခဲ့တဲ့ သဲလွန်စ လုံးဝ မရှိဘူး.."

ချိုင်ရောင်ဖူက ခါးသီးစွာ ပြုံးပြီး ပြောလိုက်သည်။

တန်ချမ်ဒေါင်က....

"အရှင်မင်းကြီး.. နူမင်က အဆိပ်မိသွားတာ ဖြစ်နိုင်တယ်။ ချင်ယန်တို့အဖွဲ့မှာ အရမ်းအစွမ်းထက်တဲ့ အဆိပ်တွေ ရှိကောင်း ရှိနေနိုင်တယ်။ သူတို့နောက် လိုက်လာတဲ့ လူတွေကို တိတ်တိတ်လေး အဆိပ်ခတ်ခဲ့တာ ဖြစ်နိုင်တယ်။ ဒီလိုမှ မဟုတ်ရင် နူမင် အချိန်တိုးလေးအတွင်း သေသွားတာကို ရှင်းပြဖို့ ခက်တယ်..."

တိုက်ပွဲ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့သော လက္ခဏာ မရှိဘဲ နူမင်တို့က အချိန်တိုလေးအတွင်း သေဆုံးသွားသည်ဟု ပြသ နေသည်။

ကျိုဝူချန်၏ မျက်နှာက ပုပ်သိုး နေသည်။ တန်ထန်အင်ပါယာဘက်က ချင်ယန်၏ အခြေအနေကို ကြားခဲ့ဖူးသည်။

အစွမ်းထက်သော အဆိပ်ရှိလျှင် ချင်ယန်က ချိုင့်ဝှမ်းထဲတွင် အသုံးခဲ့သင့်သည်။ သို့တိုင်အောင် သူထံတွင် အစွမ်းထက်သော အဆိပ်များ ရှိနေသေးသည်လော....

"အရှင်မင်းကြီး.... သခင်ကြီး နူမင် သေဆုံးသွားတဲ့ သတင်းကို မဖြန့်သင့်ဘူး....."

လျှိုရှူရှန်းက ဝင်ပြော လိုက်သည်။

ကျိုဝူချန်ကို လျှိုရှူရှန်းကို တင်းမာစွာ စိုက်ကြည့်လိုက်သည်။

လျှိုရှူရှန်းက.....

"အရှင်မင်းကြီး.. အခုလက်ရှိမှာ သိတဲ့လူ သိပ်မရှိသေးဘူး။ သတင်းကို မှောင်ချထားဖို့ ဖြစ်နိုင်တယ်။ တကယ်လို့ သတင့်ပျံ့သွားမယ် ဆိုရင်

နောက်ပိုင်းမှာ မီးနဂါး အင်ပါယာနဲ့ ပူးပေါင်းဖို့ စဉ်းစားနေတဲ့ တန်ခိုးရှင်တွေက လက်လျှော့သွားလိမ့်မယ်...”

“မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာလို့ ကာကွယ်ရေး ကာလက တစ်နှစ်ပဲ ရှိတယ်။ တကယ်လို့ တစ်နှစ်ပြည့်သွားတဲ့ အချိန်မှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက် မရှိရင်...”

ကျိုဝူချန်၏ တင်းမာသော အကြည့်များက တော်တော်လေး လျှော့ပါး သွားသည်။

ချိုင်ရောင်ဖူက.....

"အရှင် မင်းကြီး.. ရှုရှန်း ပြောတာ မှန်ပါတယ်။ တစ်ဖက်မှာ ငါတို့က သတင်း အမှောင် ချထားရမယ်။ အခြားတစ်ဖက်မှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တွေ စုဆောင်းရမယ်။ အခြေအနေ ကောင်းနေတုန်း တတ်နိုင်သမျှ အမြန်ဆုံး လူသစ်စုဆောင် ရမယ်..."

ကျိုဝူချန်းက အသက်ခပ်ပြင်းပြင်းလေး တစ်ချက် ရှူလိုက်သည်။ ယခုလောလောဆယ်တွင် သူက ဒေါသ ထွက်နေသည်။ ယခုအခါ လျှို့ရှုရှန်းနှင့် အခြားသူများက ဒီအကြောင်း ပြောနေကြပြီ

ဖြစ်သဖြင့် ဒီအချိန်က ဒေါသထွက်နေရမည့် အချိန် မဟုတ်သေးကြောင်း ကျိုဝူချန် သိလိုက်သည်။

"သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို ပိတ်လိုက်။ ဘယ်သူမှ ထုတ်မပြောရဘူး.... ထုတ်ပြောတဲ့ လူရှိရင် ဆွေစဉ်မျိုးဆက် (၉)ဆက် တိတိ သတ်မယ်။ ဒီအမိန့်ကို ချက်ချင်း အကောင်အထည် ဖော်..."

"ချိူင်ရောင်ဖူ.. အရင်က ဆက်သွယ်လာတဲ့ တန်ခိုးရှင်တွေကို အမြန်ဆုံး ဆက်သွယ်။

အခြေအနေပေါ်ကြည့်ပြီး (၂၀) ရာခိုင်နှုန်း ထပ်တိုးပေးလိုက်...”

ကျိုဝူချန်က လေးနက်စွာ ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ.. အရှင်မင်းကြီး....”

လူတိုင်းက တပြိုင်နက်တည်း ပြောလိုက်ကြသည်။

ချိုယှင်ရောင်ဖူက ....

“အရှင်မင်းကြီး... ချင်ယန် နေရာက..”

ကျိုဝူချန်က အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး....

"ကာကွယ်သူတွေကို အရင်ဆုံး ဖိတ်လိုက်။ ငါတို့ မီးနဂါး အင်ပါယာရဲ့ အခြေအနေကို တည်ငြိမ်အောင် အရင်ဆုံး လုပ်ရမယ်။ ခဏတော့ လွှတ်ထားလိုက်။ အင်အား ပိုကောင်းလာတဲ့ အချိန်မှ ချင်ယန်ကို သတ်လည်း နောက်မကျ ပါဘူး...."

"နူမင်၊ မင်းနဲ့ ငါ့ဝန်ကြီးတွေ အားလုံးရှေ့မှာ ချင်ယန်ကို မသေ သေအောင် သတ်မယ်လို့ ကျိန်ဆိုတယ်..."

"ချင်ယန်က ကောင်းကင်ဘုံ မင်းဝိညာဉ်ကို နှိမ့်သိမ့်ပေးဖို့ ဒီနေရာမှာပဲ သေရမယ်...."

ကျိုဝူချန်၏ အသံက ခိုင်မာလွန်းသဖြင့် သံကိုပင် ဖြတ်တောက်နိုင်သည်။

........

"ယန်အာ..... အမေတို့က မီးနဂါးအင်ပါယာ နယ်နမိတ်ကို ကျော်လာပြီ.... ဘေးကင်းပြီ ထင်တယ်......"

ရှီယန်က ပြောလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်း ညိတ်လိုက်သည်။

ချင်ယန်က နူမင်နှင် အခြားလူများကို သတ်ဖြတ်ပြီး ထွက်လာခဲ့သည့် အချိန်တွင် စိုးရိမ် နေခဲ့သည်။ နာရီ အနည်းငယ် ကြာသည့်တိုင်အောင် တိမ်ငန်းကို အရှိန်အဟုန်နှင့် မှောင်းနင် လာခဲ့သည်။

ယခုအခါ သားရဲတစ်ထောင်မြို့နှင့် ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးလာပြီ ဖြစ်သောကြောင့် ကျိုဝူချန်ထံတွင် ရှာဖွေရေး ရတနာ ရှိလျှင်ပင် သူတို့ကို ရှာဖွေရန် ခက်ခဲ သွားပြီ......

ကြယ် (၇)ပွင့် အဆင့်ရှိသည့် ရတနာက ကီလိုမီတာ တစ်ထောင်ကျော် အကွာအဝေးကိုသာ

ရှာဖွေ နိုင်သည်။ သို့တိုင်အောင် အတော်လေး ခက်ခဲ နေပြီ ဖြစ်သည်။

ကြယ် (၈) ပွင့် ရတနာကမူ ကျိုဝူချိန်ထံတွင် ရှိနေလျှင်ပင် မသုံးနိုင်ဘူးဟု ခန့်မှန်း ရသည်။

ကြယ် (၈) ရတနာများက စွမ်းအားများ လှုံ့ဆော်ပေးရန် လိုအပ်သည်။

"သူဌေး... ငါ့ဆီမှာ အရိုင်းဆန်တဲ့ ခွန်အားတွေ ပြည့်နေသလို ခံစား နေရတယ်..."

ချမ်ဟိုင်က စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

ယခုအခါ ချမ်ဟိုင်က နွားဒေါ်သအိုး သွေးမျိုးဆက်နှင့် အောင်မြင်စွာ ပေါင်းစပ်သွားခဲ့သည်။

ထို့အပြင် ချင်ယန်က ချမ်ဟိုင်၏ နွားဒေါ်သအိုး သွေးမျိုးဆက်ကို အသက်ဝင်အောင် ကူညီပေးခဲ့သဖြင့် ချမ်ဟိုင်၏ ကျင့်ကြံခြင်းအဆင့်က မြင့်တက်လာကာ ယွမ်ဟူနယ်ပယ် အဆင့် (၄) အထိ မြင့်တက်လာခဲ့သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

“ချမ်ဟိုင်၊ နောက်တစ်ကြိမ် ထပ်ပြီး ကောင်းကောင်းလေ့ကျင့် လိုက်မယ်ဆိုရင် သွေးမျိုးဆက်က ပိုပြီး အသက်ဝင်လာလိမ့်မယ်။ ပြင်းပြင်းထန်ထန် လေ့ကျင်ရင် ယွမ်ဟူနယ်ပယ်အဆင့် (၅) ခဏလေးနဲ့ ရောက်လိမ့်မယ်။ တိုက်ပွဲမှာ သွေးမျိုးဆက်ကို အသက်သွင်းလိုက်မယ်ဆို ငါသင်ပေးထားတဲ့ ကျင့်စဉ်နဲ့ ပေါင်းစပ်လိုက်ရင် မင်းခွန်အားက ယွမ်ဟူနယ်ပယ် အဆင့် (၉) ထက် အားနည်းမှာ မဟုတ်တော့ဘူး.....”

ချမ်ဟိုင်က အလွန် စိတ်လှုပ်ရှားနေသည်။ ချင်ယန်နှင့် စတင် တွေ့ဆုံစဉ်က သူ့ခွန်အားသည် မူလအစစ်အမှန်နယ်ပယ် အဆင့် (၉) သာ ရှိသေးသည်။ ယခုအခါ အချိန် သိပ်မကြာလိုက်ဘဲ ယွမ်ဟူနယ်ပယ် အဆင့် (၉) တိုက်ခိုက်ရေး အစွမ်းကို ပိုင်ဆိုင် လာခဲ့ပြီ.....

"ဒါပေမဲ့ မင်းလည်း သတိထားသင့်တာဘ်။ မင်း ဒေါသပေါက်ကွဲတဲ့ အချိန်က ငါး မိနစ်ပဲ ကြာတယ်။ တကယ်လို့ တိုက်ပွဲက ငါးမိနစ်အတွင်း မပြီးရင် အရမ်း အားနည်း သွားလိမ့်မယ်။ ဒါပေမဲ့ ငါ့ အမေ

ကူညီမယ်ဆိုရင် ခဏလောက် ထိန်းထား နိုင်လိမ့်မယ်.....”

ချမ်းဟိုင်က ခေါင်းလိုက်ပြီး....

“ဟုတ်ကဲ့ သူဌေး၊ ငါ မှတ်ထားလိုက်မဘ်...။ ပျိုးထောင်ပေးတဲ့ သူဌေးကို အရမ်း ကျေးဇူး တင်ပါတယ်။ ချမ်ဟိုင်က သူဌေးကို သစ္စဖောက်ခဲ့ရင် ဝိညာဉ် ပြိုကွဲပြီး မျိုးဆက် ပြတ်ပါစေ...”

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်.....

“မင်း သစ္စာ မဖောက်ဘူးလို့ ငါ ယုံတယ်။ တကယ်လို့ သစ္စာဖောက်တဲ့ နေမျိုး ရှိလာခဲ့ရင် ငါ့ ရန်သူတွေထက် အဖြစ်ပိုဆိုးမယ်ဆိုတာ မင်း သိလာမယ်....”

“သူဌေး.. ငါတို့က သူဌေးကို လုံးဝ သစ္စာ မဖောက်ပါဘူး..”

ချမ်ဟိုင်နှင့် အခြားလူများက တပြိုင်နက်တည်း ပြောလိုက်ကြသည်။

ရှောင်ကျူဝမ်၊ ရှန်းယုလင်းနှင့် တို့နှစ်ယောက်က လုံးဝ မပြောကြပေ။ သူမတို့နှစ်ယောက်က

ချင်ယန်နှင့် သခင်နဲ့ကျေးကျွန် စာချုပ် ချုပ်ထားသဖြင့် သစ္စာဖောက်ရန် မဖြစ်နိုင်ပေ။

ချင်ယန်က မျက်လုံး မှိတ်လိုက်သည်။ ချမ်ဟိုင်နှင့် အခြားလူများအပေါ် နားလည်ထားသော သူ့နားလည်မှုအရ ခဏတော့ သစ္စာ မဖောက်နိုင်သေးပါ.....

အနာဂါတ်တွင် ဖြစ်လာမည့် အရာကို မည်သူမျှ မသိနိုင်ပေ။ သစ္စာဖောက်ခြင်းက အကြိမ်အရေအတွက် များစွာ မလိုအပ်ပေ။ တစ်ကြိမ်တည်းနှင့် လုံလောက်သည်။

"ငါက ယွမ်ဟူနယ်ပယ် အဆင့် (၁)မှာပဲ ရှိသေးတယ်။ မြန်မြန်ဆန်ဆန် အဆင့်တက်အောင် လုပ်ရမယ်....."

"ချမ်းဂျူးမြို့မှာ တန်ခိုးရှင်တွေ အများကြီး ရှိတယ်။ သေးအပြစ်သင့်နေတဲ့ လူတွေလည်း ရှိနိုင်တယ်..."

ချင်ယန်က အနည်းငယ် စိတ်လှုပ်ရှား နေသည်။ သွေးအပြစ် သင့်နေသည့် လူများကို သတ်ပါက သူ့ခွန်အားက အချိန်တိုးလေးအတွင်း မြင့်တက်လာနိုင်သည်။

ခွန်အား မြင့်တက်လာမည်ဆိုပါက တန်ချမ်ဒေါင်ဖြစ်စေ၊ ကျိုဂူချန် ဖြစ်စေ မည်သူ့ကိုမှ မကြောက်ပေ။

ချမ်ဟိုင်၏ ခွန်အား တိုးတက်မှုက သူကိုယ်တိုင်ခွန်အား တိုးတက်မှုလောက် မကောင်းမွန်ပေ။

## အခန်း(၂၀၀) - လူလွှတ်ခြင်း...

မျက်စိတစ်မှိတ် အတွင်း သုံးရက် ကုန်သွားခဲ့သည်။

ထိုသုံးရက် အတွင်းတွင် ချင်ယန်တို့ အဖွဲ့က တိမ်ငန်းပေါ်တွင် အချိန်အများစု ကုန်ဆုံးခဲ့ပြီး မီးနဂါး အင်ပါယာနှင့် ဝေးကွာလာကာ ချမ်ဂျူး အင်ပါယာနှင့် နှစ်ရက်ခန့်သာ ဝေးကွာတော့သည်။

မီးနဂါးမြို့......

ချိုင်ရောင်ဖူ ပြန်ရောက်လာသည်။ ချိုင်ရောင်ဖူ နောက်တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက် ပါလာသည်။

ထိုတန်ခိုးရှင်များသည် ယခင် ကတည်းက ကျိဝူချန်နှင့် လက်တွဲရန် သဘောတူထားခဲ့ခြင်း ဖြစ်သည်။ သူတို့ကို အကျိုးခံစားခွင့် (၂၀) ရာခိုင်နှုန်း တိုးမြှင့် ပေးလိုက်သောအခါ အချိန် မဆိုင်းတော့ဘဲ မီးနဂါး အင်ပါယာ၏ ကာကွယ်သူ လုပ်ရန် ချက်ချင်း သဘောတူခဲ့ကြသည်။

“အားလုံးကို ကြိုဆိုပါတယ်….”

ကျိုဝူချန်က ပြုံးလိုက်ပြီး ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များကို နှုတ်ဆက်လိုက်သည်။

"အရှင်မင်းကြီးကို ဂါဝါရ ပြုပါတယ်..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်လုံးက တပြိုင်နက်တည်း အရိုအသေ ပေးလိုက်သည်။ သူတို့အားလုံးက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်သဖြင့် ကျိုဝူချန်နှင့် အဆင့်တူသော်လည်း တိုင်ပြည်၏ အရှင်သခင်နှင့် နှိုင်းယှဉ်ပါက အဆင့်အတန်း ကွာဟချက် ကြီးမား နေသေးသည်။

အထူးသဖြင့် ယခုအခါ မီးနဂါး အင်ပါယာသည် ကြယ်ငါးပွင့် အင်အားစု တစ်ခု ဖြစ်လာခဲ့ပြီ....

ကြယ်ငါးပွင့် အင်အားစုသည် ကြယ်ငါးပွင့် စည်းမျဉ်းများ၏ အရိပ်အာဝါသကို ခိုလှုံခွင့်ရပြီး ကြယ်ငါးပွင့် အင်အားစုတွင် ရှိသင့်သည့် အကျိုး ခံစားခွင့်ကိုလည်း ခံစားရမည်။

ယခုအခါ ချမ်ဂျူး ကျွန်းဆွယ်တွင် မီးနဂါးအင်ပါယာ အပါအဝင် ကြယ်ငါး ပွင့် အင်အားစု ခုနှစ်ခုနှင့် ကြယ်ငါးပွင့် လျှို့ဝှက် မိသားစု သုံးစုသာ ရှိသည်။ ကြယ်ငါးပွင့်

စည်းမျဉ်းသည် လူတန်းစား အခွင့်အရေးကို ကာကွယ်ရန် ကြယ်ငါးပွင့် အင်အားစုများ ပူးပေါင်း ဖန်တီးထားသော စည်းမျဉ်း ဖြစ်သည်။

ချမ်ဂျူး ကျွန်းဆွယ်တွင် ကြယ်လေးပွင့် အင်အားစုက အရင်းအမြစ် အချို့ကို ရယူပိုင်ဆိုင်ခွင့် မရှိပေ။ ယခုအခါ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု တစ်ခု ဖြစ်လာခဲ့ပြီ.......

ကျိဝူချန်သည် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်ကို မြင်လျှင် အနည်းငယ် စိတ်လှုပ်ရှား မိသော်လည်း စိတ်ထဲ အနည်းငယ် နာကျင်နေသည်။

ထိုတန်ခိုးရှင် ငါးယောက်ကို မီးနဂါး အင်ပါယာ၏ ကာကွယ်သူ အဖြစ် ဖိတ်ခေါ်ရန် မီးနဂါး အင်ပါယာမှ ပေးဆောင်ရသည့် ဈေးနှုန်းက မသေးငယ်ပေ။ အကယ်၍ နှုမင်သာ မသေဆုံးခဲ့လျှင် သူလည်း အလွန် စိတ်မပူဘဲ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်၊ နှစ်ယောက်ခန့်ကို ပြဿနာ မရှိဘဲ စုဆောင်းနိုင်လိမ့်မည်။

"လူတိုင်း သက်တောင့်သက်သာ နေကြပါ....."

ကျိုဝူချန်က လေးနက်သော လေသံနှင့်......

"မင်းတို့က မီးနဂါး အင်ပါယာနဲ့ လက်တွဲပြီး မီးနဂါး အင်ပါယာကို ကာကွယ်ဖို့ ရွေးချယ်ခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်။ မင်းတို့ကို ပေးဖို့ ကတိပေးထားတဲ့ အကျိုးအမြတ်တွေက တစ်ပြားမှ လျှော့နည်းသွားမှာ မဟုတ်ဘူး။ ဒါကြောင့် မင်းတို့ ဘက်ကလည်း လုပ်အားကို အချောင်မခိုဘဲ အပြည့်အဝ ပေးဆပ်နိုင်မယ်လို့ မျှော်လင့်တယ်..."

"အရှင်မင်းကြီး... စိ တ်ချပါ...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်က တစ်လေသံတည်း ပြန်ဖြေလိုက်ကြသည်။

ကျိုဝူချန်က ခေါင်းညိတ်လိုက်သည်။ သာမန်အားဖြင့်ဆိုလျှင် ကာကွယ်သူက ကောင်းမွန်ရမှာဖြစ်ပြီး အချောင်ခိုနေ၍ မရပေ။ သူတို့က စတေးခံငါးယောက်အဖြစ် မီးနဂါး အင်ပါယာနှင့် ဆယ်နှစ်စာချုပ် ချုပ်ထားခြင်း ဖြစ်သည်။ အကယ်၍ စာချုပ်အပေါ် အခွင့်အရေး ယူပါက မီးနဂါး အင်ပါယာကလည်း ယဉ်ကျေးနေမည် မဟုတ်ပေ။

သာမန် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်၏ ခွန်အားက မီးနဂါး အင်ပါယာ၏ ခွန်အားကို မထိခိုက် စေနိုင်ပေ။

"အားလုံးပဲ။ အလုပ်တစ်ခု ရှိလို့ လူသုံးယောက် ရွေးလိုက်ပါ....."

ကျိုဝူချန်က လေးနက်စွာ ပြောလိုက်သည်။

"ဒီတာဝန်ကို အောင်မြင်မယ် ဆိုရင် ရရှိလာမယ့် ဆုလာဒ်က မနည်းစေရဘူး..."

တန်ခိုးရှင် ငါးယောက်၏ မျက်လုံးများ တောက်ပလာသည်။ အပိုဆုများ ထပ်ပေးခြင်းက သူတို့ သဘော အကျဆုံး အရာပင်....

"အရှင်မင်းကြီး..... ဘာတာဝန်များလဲ ...."

တန်ခိုးရှင် တစ်ယောက်က မေးလိုက်သည်။

ကျိုဝူချန်က ချိုင်ရောင်ဖူကို တစ်ချက် ကြည့်လိုက်သည်။

ချိုင်ရောင်ဖူက ချင်ယန်တို့ လက်ချက်နှင့် နူမင် သေဆုံးသွားခဲ့သည့် အကြောင်းကို ပြန်ပြော ပြလိုက်သည်။

"လူတိုင်းပဲ။ ချင်ယန်တို့ ဘက်မှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ရှိနေတာလည်း ဖြစ်နိုင်သလို အဆိပ်သုံးတဲ့ နေရာမှာလည်း ကျွမ်းကျင်တယ်...."

"ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် ရှိနေမယ့် အချက်က မသေချာပေမဲ့ ချင်ယန်တို့မှာ အစွမ်းထက်တဲ့ အဆိပ်ရှိပြီး အသုံးပြုနိုင်တာတော့ သေချာတယ်....."

ကျိဝူချန်က လေးနက်သော လေသံနှင့်......

"ဘာပဲဖြစ်ဖြစ် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက် လွှတ်လိုက်မယ်ဆိုရင် ပြဿနာ မရှိနိုင်ဘူး။ ချင်ယန်တို့ အဖွဲ့က ချမ်ဂျူးမြို့ကို သွားဖို့ များတယ်။ ချမ်ဂျူးမြို့မှာ ငါတို့ရဲ့ အခြေခံ အုတ်မြစ် မရှိဘူး။ မင်းတို့က တန်ခိုးရှင်တွေ ဆိုတော့

ချမ်ဂျူးမြို့ကို ရောက်ဖူးပြီး အဲ့ဘက်မှာ အဆက်အသွယ် တချို့တော့ ရှိတယ် မဟုတ်လား…"

"ချင်ယန်တို့ သားအမိကို အသက်ရှင်ရက် ဖမ်းပြီး တခြားလူတွေကို သတ်နိုင်မယ်ဆိုရင် အကောင်းဆုံးပဲ"

"တကယ်လို့ ချင်ယန်တို့ သားအမိကို အသက်ရှင်ရက် ဖမ်းရတာ ခက်မယ်ဆိုလည်း သတ်ပစ်လိုက်…."

"ချင်ယန်ကို ချမ်ဂျူး အကယ်ဒမီထဲ လုံးဝ ဝင်ခွင့် မပေးနဲ့…"

နှုမင် သေဆုံးခဲ့သော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက အလေးအနက် သိပ် မထားသေးပေ။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ထဲတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတာ မည်သူ ရှိသနည်း....

ထို့အပြင် ဒီတစ်ကြိမ် တာဝန်ကို ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက် အတူတူ လုပ်ဆောင်ရအုံးမည်။

ချင်ယန်တို့ အဖွဲ့က တန်ထန် အင်ပါယာထဲမှ ခွေးပြေးဝက်ပြေး ထွက်လာ ရသောကြောင့်

အများဆုံးမှ သူတို့ အဖွဲ့ထဲတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်သာ ရှိလိမ့်မည်။

အကယ်၍ ချင်ယန်တို့ အဖွဲ့ထဲတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် မရှိပါက အဆိပ်များ အသုံးပြုလျှင်ပင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ကို သတ်ဖြတ်ရန် လွယ်ကူမည် မဟုတ်ပေ။

ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် သုံးယောက်က ထိုရှုထောင့်မှ ကြည့်ပြီး နှုမင် သေဆုံး သွားသော်လည်း လေးလေးနက်နက် မရှိကြသေးပေ။

နူမင်က အလောတကြီး လိုက်သွား၍သာ ချင်ယန်တို့ အဖွဲ့က အဆိပ် ခတ်နိုင်ခဲ့ခြင်း ဖြစ်လိမ့်မည်။

“ကာကွယ်သူ ဖန်၊ ကာကွယ်သူ လျူ၊ ကာကွယ်သူ ချင်း… မင်းတို့ သုံးယောက်”

ကျိုဝူချန်က ပြောလိုက်သည်။

ကျိုဝူချန် ရွေးချယ်လိုက်သည့် သုံးယောက်က နယ်ပယ်တစ်ခုစီတွင် ထူးချွန်ကြသည်။

ကောင်းချင်းက အမျိုးသမီး တန်ခိုးရှင် ဖြစ်ပြီး ကြည့်လိုက်ပါက အသက် (၆၀)ကျော် (၇၀) အရွယ်

အဘွားအို တစ်ယောက်နှင့် တူနေသည်။ သို့သော် အမှန်တကယ်က အသက် (၁၅၀) ကျော်နေပြီ ဖြစ်သည်။

ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) တွင် ရှိနေသည်။

ကာကွယ်သူ ဖန်၏ နာမည်အရင်းမှာ ဖန်ယွမ်ပ ဖြစ်ပြီး ကြည့်လိုက်ပါက အသက် (၅၀) ကျော်ပုံစံ ဖြစ်နေသော်လည်း အမှန်တကယ် အသက် (၁၀၀) ကျော်ရှိနေပြီ။ ယွမ်ဟူနယ်ပယ် အဆင့် (၅) ဖြစ်ပြီး သွေးမြေကျ ကွင်းထဲတွင် မွေးဖွားခဲ့သူ

ဖြစ်သောကြောင့် တိုက်ခိုက်ရေး အစွမ်း အလွန် သန်မာသည်။

ကာကွယ်သူ လျှူ၏ နာမည်အရင်းက လျှူရှင်းချန် ဖြစ်ပြီး အမျိုးသား တန်ခိုးရှင် တစ်ယောက် ဖြစ်သည်။ ကြည့်လိုက်ပါက အသက် (၃၀) ကျော်သာရှိပြီး စာသင်သား တစ်ယောက်ကဲ့သို့ မျက်နှာက ဖြူဖွေး ကျော့ရှင်းနေသည်။ သူ့အသက်က အသက် (၁၂၀) ကျော်ရှိပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ဖြစ်ကာ အဆိပ် ကျွမ်းကျင်သည်။ တချိန်တုန်းက ယွမ်ဟိုင်နယ်ပယ်

တန်ခိုးရှင် ငါးယောက်ကို တပြိုင်နက်တည်း အဆိပ်ခတ် သတ်ခဲ့ဖူးသည်။

ထိုတန်ခိုးရှင် သုံးယောက်ထဲမှ တစ်ယောက်ကပင် နူမင်ထက် အစွမ်းထက်သည်ဟု ပြောနိုင်သည်။ အကယ်၍ သူတို့နှင့် တိုက်ခိုက်မည် ဆိုပါက နူမင်ပင် သေနိုင်ခြေ များသည်။

"အရှင်မင်းကြီး... ချင်ယန်တို့ အဖွဲ့က ဒီလောက် ထိုက်တန်လို့လား...။ ချင်ယန်တို့ အဖွဲ့ကို သတ်တဲ့ကိစ္စက လူသုံးယောက် လွှတ်စရာ မလိုပါဘူး.."

"ဟုတ်ပါတယ်။ အရှင်မင်းကြီး။ ဒီထဲက ကြိုက်တဲ့ တစ်ယောက်ကို ရွေးလိုက်ပါ တာဝန်ကို အောင်မြင်အောင် လုပ်နိုင်ပါတယ်...."

အမိန့်ပေး၍ မပြီးသေးခင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယာက်က ပြန်ပြောလိုက်သည်။ ဤမျှ အလုပ်လေးကို လူ တစ်ယောက်တည်းနှင့်ပင် ပြီးမြောက်နိုင်သည်။

ကျိဝူချန်က လေးနက်သော လေသံနှင့်.....

“နည်းနည်းလေး ဖြုန်းတီးသလို ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ နောက်ထပ် မတော်တဆ အဖြစ်မျိုး မဖြစ်ချင်တော့ဘူး...”

ကျိုဝူချန်က နှစ်ကြိမ်တိုင်တိုင် အရှက်ကွဲခဲ့ပြီဖြစ်သောကြောင့် တတိယ အကြိမ်မြောက် အရှက်မကွဲချင်တော့ပေ။

ထိုအပြင် ချင်ယန်က ချမ်ဂျူး အကယ်ဒမီထဲ ဝင်ရောက်သွားပါက အနာဂါတ်တွင် အခက်အခဲများစွာ ဖြစ်လာလိမ့်မည်။

ချင်ယန်တို့ကို ကျိန်းသပေါက် ကိုင်တွယ်နိုင်စေရန် ကောင်းမွန်သော လူစာရင်းကို တစ်ခါတည်း တန်း ထုတ်လိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ပါ.. အရှင်မင်းကြီး..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ငါးယောက်က တပြိုင်နက်တည်း ပြောလိုက်သည်။

ကျိဝူချန်က ဆုံးဖြတ်ချက် ချပြီးသား ဖြစ်နေသဖြင့် ပြောင်းလဲတော့မည် မဟုတ်ကြောင်း သူတို့ သိနေကြသည်။

တာဝန် ထမ်းဆောင်ရမည့် တန်ခိုးရှင် သုံးယောက်က ပြုံးလိုက်ကြသည်။ သူတို့၏ အမြင်အရ ဒီတာဝန်က အခက်အခဲ လုံးဝ မရှိပေ။

“ ကဲ… ကာကွယ်သူ သုံးယောက်…. တန်ထန် အင်ပါယာရဲ့ ကာကွယ်ရေးတပ် ဗိုလ်ချုပ်ကြီး တန်ရောင်ကူက ချမ်ဂျူးမြို့ကို သွားနေပြီ။ သူ့လက်ထဲမှာ ငွေတုံး ကုဋေ သုံးရာ ပါသွားတယ်။ မင်းတို့ မြန်မြန်သွားမှ ဖြစ်လိမ့်မယ်။ ဒီလိုမှမဟုတ်ရင် သူ့ကြောင့် တာဝန် ပြီးသွားလိမ့်မယ်..”

ကျိုဝူချန်က လေးနက်စွာ ပြောလိုက်သည်။

တန်ထန် အင်ပါယာက သူ့လက်အောက်ခံ နိုင်ငံ ဖြစ်သော်လည်း ထိုတာဝန်ကို သူ့လူများက ပြီးမြောက်အောင် ပြုလုပ်ရန် မျှော်လင့်နေသည်။

ထိုကဲ့သို့ မဟုတ်ပါက တန်ချမ်ဒေါင်နှင့် တွေ့သည့် အချိန်တွင် ထားစရာမျက်နှာ ရှိတော့မည် မဟုတ်ပေ။

"မင်းတို့ တာဝန် အောင်မြင်သွားတဲ့ အချိန်မှာ အဲ့ပိုက်ဆံတွေက မသုံးရသေးရင် မင်းတို့ အတွက်ပဲ....။ ပိုက်ဆံသုံးပြီး တာဝန် ပြီးသွားရင်

မင်းတို့ရမယ့် ဆုတွေလည်း ပျောက်သွား လိမ့်မယ်.....”

ကျိုဝူချန်က ပြောလိုက်သည်။

ကောင်းချင်းတို့ တန်ခိုးရှင် သုံးယောက်၏ မျက်နှာပေါ်တွင် စိုးရိမ် ပူပန်နေသော အမူအရာများ ရုတ်တရက် ပေါ်လာသည်။

ငွေတုံး ကုဋေ သုံးရာ.....

ဒါသည် များပြားလှသော ငွေပမာဏကြီး တစ်ခုပင်.......

သူတို့ သုံးယောက် အညီအမျှ ခွဲယူလျှင်ပင် တစ်ယောက်ကို ငွေတုံး ကုဋေ (၁၀၀) စီ ရနိုင်သေးသည်။

"အရှင်မင်းကြီး စိတ်မပူနဲ့.....။ အဲ့ငွေတွေကို လက်လွှတ်ခံမှာ မဟုတ်ပါဘူး..."

"ချမ်ဂျူးမြို့ကို ချင်ယန် မရောင်ခင် အမြန် သွားလိုက်ပါမယ်။ ချင်ယန်က ငါတို့ အပိုင်ပဲ..."

ကောင်းချင်းနှင့် အခြားလူများက ထွက်သွားချင်၍ ဖင်တကြွကြွ ဖြစ်နေကြသည်။

တာဝန် မယူလိုက်ရသည့် တန်ခိုးရှင်နှစ်ယောက်၏ မျက်နှာက အနည်းငယ် နီရဲနေသည်။ ဤမျှ ကောင်းမွန်သော အလုပ်ထဲတွင် သူတို့က ဝေစု မပါခဲ့ပေ။

ငွေတုံး သန်းတစ်ရာ ဆိုပါက သာမန် အဆင့် (၆) ဆေးလုံးတစ်လုံး ဝယ်ယူနိုင်သည်။

ငွေတုံး ကုဋေတစ်ရာ ဆိုပါက သာမန် အဆင့် (၆) ဆေးလုံး အလုံးတစ်ထောင် ဝယ်ယူနိုင်သည်။

ကောင်းချင်းနှင့် အခြားလူများက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်နေသော်လည်း ငွေကြေးကုဋေ တစ်ရာကို မသုံးစွဲ နိုင်ကြချေ။

"မင်းတို့ သုံးယောက်လုံး ကံကောင်းပါစေ...."

ကျိုဝူချန်က လေးနက်စွာ ပြောလိုက်သည်။

"အရှင်မင်းကြီး.. အနားယူရင်း စောင့်နေပါ....."

ကောင်းချင်းတို့ သုံးယောက်က ခန်းမကြီးထဲမှ အမြန် ထွက်သွားကြသည်။

ကောင်းချင်းက ပျံသန်းရေး မှော်လက်နက်ကို ထုတ်ယူလိုက်သည်။ ထိုလက်နက်က အလွန်မြန်ဆန်သဖြင့် ချမ်ဂျူးမြို့သို့ နှစ်ရက်အတွင်း ရောက်နိုင်သည်။ သို့သော် ယွမ်ချီများ အဆက်မပြတ် ထောက်ပံ့နေရန် လိုအပ်သည်။

အကယ်၍ ကောင်းချင်း တစ်ယောက်တည်းသာ သွားမည် ဆိုပါက နှစ်ရက်အတွင်း ရောက်အောင် သွားရန် မဖြစ်နိုင်ပေ။ လမ်းခရီးတွင် အနားယူပြီး ယွမ်ချီများ ပြန်လည် ဖြည့်တင်း ရလိမ့်မည်။

သူတို့ဘက်တွင် သုံးယောက် ရှိနေသဖြင့် မှော်လက်နက်ကို ယွမ်ချီ ထောက်ပံ့ရန် ပြဿနာ မရှိတော့ပေ။

ကောင်းချင်းနှင့် အခြားလူများသည် ချင်ယန်တို့ အဖွဲ့က ချမ်ဂျူးမြို့ကို နှစ်ရက်အတွင်း မရောက်နိုင်ဘူးဟု ခန့်မှန်း ထားကြသည်။ သူတို့ကသာ ချမ်ဂျူးမြို့မှ ကြိုစောင့် နေရလိမ့်မည်။

## အခန်း(၂၀၁) - အစီအစဉ် ပြောင်းလဲခြင်း...

ချမ်ဂျူး ကျွန်းဆွယ်တွင် တည်ရှိသည့် ချမ်ဂျူးမြို့ကို အရှေ့မြို့၊ အနောက်မြို့၊ တောင်မြို့၊ မြောက်မြို့နှင့် ဗဟိုမြို့ဟူ၍ အပိုင်း ငါးပိုင်း ခွဲခြားထားသည်။

အစပိုင်းတွင် အလည်အကျဆုံး ဖြစ်သည့် ဗဟိုမြို့ တစ်မြို့တည်းသာ တည်ရှိခဲ့ပြီး နောက်ပိုင်းမှ အစွန်အဖျား နေရာများမှာ ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်သည်။

ချမ်ဂျူး ကျွန်းဆွယ်တွင် အကြီးမားဆုံးနှင့် အခမ်းနားဆုံး မြို့ဖြစ်သည့် ချမ်ဂျူးမြို့တွင် လူဦးရေ (၇၈) ကုဋေ ရှိသည်။

ချမ်ဂျူးမြို့က မသေးငယ်သော်လည်း အိမ်ယာဈေးများက အလွန် ဈေးကြီးသည်။ အထူးသဖြင့် ဗဟိုမြို့တွင် ပိုမို မြင့်မားသည်။

အိမ်ယာ ဈေးများကြောင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက လက်လှမ်း မမှီအောင် ဖြစ်နေကြသည်။

ချမ်ဂျူး အကယ်ဒမီက ဗဟိုမြို့တွင် တည်ရှိပြီး နေရာ အမြောက်အများ သိမ်းပိုက်ထားသည်။

“အကြီးအကဲဝေ့၊ လက်ဖက်ရည် သောက်ပါအုံး....”

တန်ရောင်ကူက ပြုံးပြီး နှုတ်ဆက်လိုက်သည်။

တန်ရောင်ကူသည် ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်ဖြစ်ပြီး တန်ထန် အင်ပါယာတွင် ကာကွယ်ရေး တပ်၏ ဗိုလ်ချုပ်ကြီး ဖြစ်သော်လည်း ယခုအခါ ချမ်ဂျူး အကယ်ဒမီ အနီးက အဆင့်မြင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင်

လက်ဖက်သောက်ရင်း နာကျင်မှုကို ဖြေသိမ့်နေရသည်။

သာမန် လက်ဖက်ရည်ကို မသောက်ပေ။ ဤအဆင့်မြင့် လက်ဖက်ရည် အလွန် ဈေးကြီးပြီး လက်ဖက်ရည် တစ်အိုးကိုပင် ငွေတုံး (၃၀၀,၀၀၀) ပေးရသည်။

တန်ထန် အင်ပါယာဘက်တွင် ငွေတုံး သုံးသိန်းဆိုပါက အိမ်ကြီးအိမ်ကောင်း တစ်လုံး ဝယ်ယူနိုင်သည်။

အိမ်ဖော်မ လှလှလေး ဝယ်ချင်လျှင်ပင် အယောက် နှစ်ဆယ်ကျော် သုံးဆယ်ကြားကို အသာလေး ဝယ်နိုင်သည်။

"ဗိုလ်ချုပ်တန်၊ ဘာကိစ္စ ရှိလို့လဲ...."

ဝေ့ကျင့်ဝူက လက်ဖက်ရည် သောက်ရင်း ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ချမ်ဂျူး မြို့ဘက်ခြမ်းတွင် ယွမ်ဟူနယ်ပယ် အဆင့် (၉) တန်ခိုးရှင်က ထူးထူးခြားခြား မဟုတ်သော်လည်း ဝေ့ကျင့်ဝူက ချမ်ဂျူး

အကယ်ဒမီမှ အကြီးအကဲ ဖြစ်နေသောကြောင့် သူ့အဆင့်အတန်းက မနိမ့်ကျပေ။

တန်ရောင်ကူက ယွမ်ဟူနယ်ပယ် တန်ခိုးရှင်တစ်ယောက် ဖြစ်နေသဖြင့် ဝေ့ကျင့်ဝူက မျက်နှာသာ ပေးလိုက်ခြင်း ဖြစ်သည်။

တန်ရောင်ကူက......

"အကြီးအကဲဝေ့၊ ချင်ယန်ရဲ့ နောက်ဆုံးသတင်းတွေကို သိပြီးပြီလား..."

ဝေ့ကျင့်ဝူက မျက်မှောင် ကြုတ်လိုက်ပြီး......

"ချင်ယန်က အသက်ရှင် နေသေးတာလား..."

အစပိုင်းတွင် ဝေ့ကျင့်ဝူသည် ချင်ယန်အား သတ်ဖြတ်မည့် ကိစ္စကို သွေးဘုရင်တို့ထံ လက်လွှဲခဲ့ပြီးနောက် ချမ်ဂျူးမြို့သို့ ပြန်လာခဲ့သည်။ ထိုကာလ အတွင်းတွင် ဝေ့ကျင့်ဝူက အလွန် အလုပ်ရှုပ် နေခဲ့သည်။ ချင်ယန်၏ ကိစ္စကို ခေါင်းထဲမှ ထုတ်ထားခဲ့သည်။ သူ့အမြင်တွင် ချင်ယန်က သေနေသင့်သည်။

သွေးဘုရင်တို့ တစ်ယောက်ချင်းစီက အားမနည်းပေ။ သူတို့လေးယောက်က အတူတူ

ပူးပေါင်းပြီး လုပ်ဆောင်မည် ဖြစ်သဖြင့် မည်ကဲ့သို့ ကျရှုံးနိုင်မည်နည်း......

"အသက်ရှင် နေတာမှ၊ ကောင်းကောင်း မွန်မွန်ကို အသက်ရှင်နေတာ...."

တန်ရောင်ကူက ပြောလိုက်သည်။

ဝေ့ကျင့်ဝူ၏ မျက်နှာ အမူအရာက ပုပ်သိုးသွားပြီး ချင်ယန် အသက်ရှင်နေသည့် အတွက် သူ မပျော်နိုင်ပေ။ အထူးသဖြင့် သူ့ကို ခိုင်းခဲ့သည့် ပုဂ္ဂိုလ်ကြီးက ပို၍ပင် မပျော်လိမ့်မည်။

ထိုပုဂ္ဂိုလ်ကြီး စိတ်ဆိုးပြီး သူ ဒုက္ခရောက်သွားမည်ကို ဝေ့ကျင့်ဝူ ကြောက်လာသည်။

"ဗိုလ်ချုပ်တန်၊ ဘာဖြစ်သွားတာလဲ.... ချင်ယန်က ဘယ်လိုလုပ်ပြီး အသက်ရှင်နေသေးတာလဲ...။ ပြီးတော့ ဗိုလ်ချုပ်တန်က ဒီမှာ ဘာလာ လုပ်နေတာလဲ.."

တန်ရှောင်ကူက....

"အကြီးအကဲဝေ့၊ ကျေးဇူးပြုပြီး သေသေချာချာ နားထောင်ပေးပါ..."

နောက်ထပ် ဆယ်မိနစ်ခန့် ကြာသောအခါ တန်ရောင်ကူက ဝေ့ကျင့်ဝူကို ရွှေဦးချို သိဒ္ဓိမြို့မှ စပြီး အင်ပါယာ မြို့တော်မှ အကြောင်းအရာများ အထိ ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက် အကုန်လုံးကို ပြန် ပြောပြလိုက်သည်။

မီးနဂါးအင်ပါယာ ဘက်တွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စကို တန်ရောင်ကူက မသိပေ။

"အကြီးအကဲဝေ့၊ အခုလက်ရှိ ချင်ယန်တို့က ချမ်ဂျူးမြို့ကို လာတဲ့လမ်းမှာ ရှိနိုင်တယ်။ ပြီးတော့ အရမ်း နီးနေလောက်ပြီ..."

တန်ရောင်ကူက ပြောလိုက်သည်။

ဝေ့ကျင့်ဝူ၏ မျက်လုံးထဲတွင် အေးစက်သော အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွားပြီး လှောင်ပြောင်သော လေသံနှင့်......

"ဒီကောင်က ဒီကိုလာပြီး ချမ်ဂျူး အကယ်ဒမီထဲ ဝင်နိုင်မယ်လို့ ထင်နေတာလား...။ ဟာသပဲ..."

တန်ရောင်ကူက....

"အကြီးအကဲဝေ့၊ ချင်ယန်က အကြံသမားနော်။ ငါတို့ဘက်က သတိထားမှ တော်ရာ ကျလိမ့်မယ်။

အကြီးအကဲဝေ့နဲ့ ချင်ယန်တို့ကြားမှာ ပဋိပက္ခ ရှိတယ်လို့ ကြားထားတယ်။ အကြီးအကဲဝေ့နဲ့ ရည်ရွယ်ချက် တူနေလို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောတာ..။ ငါက ချင်ယန်ကို သေစေချင်တယ်..”

ဝေ့ကျင့်ဝူက ခဏတ္တမျှ စဉ်းစားလိုက်ပြီး....

“မိုလ်ချုပ်တန်က ချင်ယန်ကို သတ်ပါ။ ချင်ယန်က ဒီဘက်ကို ရောက်လာရင်တောင် ဆယ်ရက်အတွင်း ချမ်ဂျူး အကယ်ဒမီကို

မဝင်နိုင်စေရဘူး။ အခု တလော ချမ်းဂျူ အကယ်ဒမီက လူတွေ လက်ခံမှာ မဟုတ်ဘူး..”

တန်ရောင်ကူက တစ်ချက် ပြုံးလိုက်ပြီး...

“အကြီးအကဲဝေ့၊ ဒါဆို လုံလောက်ပါပြီ။ ချင်ယန်က ဒီကို ရောက်လာပြီး ချမ်ဂျူး အကယ်ဒမီထဲ ချက်ချင်း ဝင်သွားမှာပဲ ကြောက်နေမိတာ။ အဲ့အချိန်ကျရင် ချင်ယန်ကို သတ်ဖို့ ပေးရမယ့် ဈေးက ပို ကြီးသွားလိမ့်မယ်...”

ဝေ့ကျင့်ဝူက....

"ဒီကိစ္စနဲ့ ပက်သက်ရင် စိတ်ချထားလို့ ရတယ်.."

"ဒါပေမဲ့ ဗိုလ်ချုပ်တန် ဘက်ကလည်း ချင်ယန်က ဒီနေရာမှာ အများဆုံး သုံးရက်ပဲ အသက်ရှင်ရမယ်... သုံးရက်အတွင်း သေအောင် သတ်ပါ...."

"တကယ်လို့ အချိန်ကြာသွားရင် အပြောင်းအလဲ ဖြစ်သွားတတ်တယ်..."

တန်ရောင်ကူက ရယ်မောလိုက်ပြီး....

"စိတ်မပူနဲ့ အကြီးအကဲဝေ့၊ ငါက ချင်ယန်ကို သတ်ဖြတ်ဖို့ ကုဋေ တစ်ရာ ကမ်းလှမ်းထားတယ်။ ချင်ယန်တို့ သားအမိကို အရှင်လတ်လတ် ဖမ်းနိုင်မယ်ဆိုရင် ကုဋေ နှစ်ရာ။ ဒီတာဝန်ကို မယူတဲ့ လုပ်ကြံသူက နည်းနည်းလေးပဲ ရှိလိမ့်မယ်...."

ဝေ့ကျင့်ဝူက ခေါင်းညိတ်လိုက်သည်။

သွေးမိစ္ဆာ မဟာမိတ် အဖွဲ့သည့် ချမ်ဂျူးမြို့တွင် အသန်မာဆုံး သတ်ဖြတ်ရေး အဖွဲ့အစည်း

မဟုတ်သော်လည်း အလွန် အစွမ်းထက်နေပြီ ဖြစ်သည်။

ယွမ်ဟိုင်နယ်ပယ် လုပ်ကြံ သတ်ဖြတ်သူ (၇)ယောက် ၊ (၈)ယောက်ခန့် ရှိသည်။ သူတို့က လုပ်ကြံရေး အဖွဲ့အစည်းသာ ဖြစ်သဖြင့် ကြယ်ငါးပွင့် အင်အားစုထဲတွင် ထည့် မတွက်ထားပေ။

လုပ်ကြံသူ တော်တော်များများက သူတို့၏ အထောက်အထား များကို လျှို့ဝှက်ထားပြီး အထောက်အထား များကို ဖော်ထုတ်ရန် မဖြစ်နိုင်ပေ။

“သတ်နိုင်ရင် ကုဋေ တစ်ရာ၊ အရှင်လတ်လတ် ဖမ်းမယ်ဆို ကုဋေ နှစ်ရာ ဟုတ်လား..။ ချင်ယန်က ဒီလောက် အဖိုးတန်လို့လား…’

ဝေ့ကျင့်ဝူက မေးလိုက်သည်။

ဤ ငွေပမာဏက ဝေ့ကျင့်ဝူ အတွက်ပင် အများကြီး ဖြစ်နေသည်။ ပိုက်ဆံ အများကြီး ရရှိရန် သူ့အတွက် ခက်ခဲလွန်းသည်။

တန်ရောင်ကူက….

“အကြီးအကဲဝေ့၊ ဒီတစ်ကြိမ်က လုံးဝ မှားလို့ မရဘူး။ ဒီလိုမှမဟုတ်ဘဲ ချင်ယန်သာ ချမ်ဂျူး အကယ်ဒမီထဲ ဝင်သွားရင် ခက်သွားလိမ့်မယ်။ ဒါနဲ့ စကားမစပ်… ချင်ယန်က ချမ်ဂျူး အကယ်ဒမီထဲ ဝင်ချင်နေတယ် ဆိုတော့ သူတို့အတွက် ပိုခက်ခဲအောင် လုပ်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်….”

ဝေ့ကျင့်ဝူက ခေါင်းညိတ်လိုက်ပြီး…..

“စိတ်မပူနဲ့…. ဗိုလ်ချုပ်တန်၊ ဗိုလ်ချုပ်တန်က ချင်ယန်ကို သတ်ဖို့ ပိုက်ဆံ အများကြီး ကမ်းလှမ်းထားတာပဲ ပြဿနာ မဖြစ်နိုင်ပါဘူး…”

ဒါသည် များပြားလှသော ဆုလဒ်ကြီး တစ်ခုပင်....

လူတိုင်းကို မပြောနိုင်သော်လည်း ယခု အချိန်တွင် သွေးမိစ္ဆာ မဟာမိတ်အဖွဲ့မှ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များက စတင် လှုပ်ရှား နေကြပြီဟု ခန့်မှန်းရသည်။

"ဒီကိစ္စပါပဲ.."

တန်ရောင်ကူက ပြုံးပြီး ပြောလိုက်သည်။

ဝေ့ကျင့်ဝူက ခေါင်းညိတ် လိုက်သည်။

......

ချမ်ဂျူးမြို့နှင့် ကီလိုမီတာ သုံးထောင် ကွာဝေးသော ဟောင်ယန်မြို့သို့ ချင်ယန်တို့အဖွဲ့က ဝင်လာကြသည်။

ဟောင်ယန်မြို့သည် ယွမ်ဟိုင် နယ်ပယ် အမျိုးသမီး တန်ခိုးရှင် တစ်ယောက် တည်ထောင်ထားသော မြို့ဖြစ်သည်။ ချမ်ဂျူးမြို့ထက် အဆပေါင်းများစွာ သေးငယ်ပြီး လူဦးရေ သန်းတစ်ရာကျော်သာ ရှိသည်။

ဟောင်ယန်မြို့ကို စတင် တည်ထောင်ခဲ့သည့် လွန်ခဲ့သော နှစ်ထောင် ပေါင်းများစွာ ကတည်းက အမျိုးသမီး တန်ခိုးရှင်များကို ဆွဲဆောင် နိုင်ခဲ့သည်။

ယနေ့ခေတ်တွင် ဟောင်ယန်မြို့၌ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဆယ်ယောက်ကျော် ရှိနေသည်။ သူတို့က အင်းအားစု တစ်ခုတည်းမှ မဟုတ်သော်လည်း ရန်သူနှင့် ရင်ဆိုင်ရသောအခါ အတူတူ လက်တွဲပြီး လုပ်ဆောင် တတ်ကြသည်။

ထို့ကြောင့် ကြယ်ငါးပွင့် အင်အားစုများကပင် ဟောင်ယန်မြို့ကို အလွယ်တကူ ရန် မစရဲကြပေ။

"ယန်အာ ငါတို့က ဒီလာတယ် ဆိုတော့..."

ရှီယန်က သံသယ စိတ်အချို့နှင့် ပြောလိုက်သည်။

ချမ်ဂျူးမြို့နှင့် ကီလိုမီတာ သုံးထောင်မျှသာ ကွာဝေးတော့သည်။ တစ်ခါတည်း တန်းသွားလျှင်ပင် ချမ်ဂျူးမြို့သို့ ယနေ့ ရောက်ရှိနိုင်သည်။

"ချမ်ဂျူးမြို့မှာ ရန်သူတွေ ရှိနေတယ်.."

"တစ်ခါတည်း တန်းသွားလိုက်ရင် အန္တရာယ်တောထဲ တိုးဝင်သွားသလို ဖြစ်သွားလိမ့်မယ်...."

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

မီးနဂါး အင်ပါယာက သူ့ကို အနိုင်ကျင့်ခဲ့သော်လည်း သူ့လူ ပြန်အသတ်ခံလိုက်ရသဖြင့် သေချာပေါက် ပြန် တုံ့ပြန်လိမ့်မည်။

ထို့အပြင် တန်ထန် အင်ပါယာကလည်း တန်ခိုးရှင်တော်တော်များများ အသတ်ခံ လိုက်ရသည်။

တန်ထန် အင်ပါယာက မတုံ့ပြန်ဘဲ နေပါ့မလား....

ထို့အပြင် ဝေ့ကျင့်ဝူလည်း ရှိသေးသည်။ ယခင်က ရွှေဦးချို သိဒ္ဓိမြို့ထဲတွင် သူ့ကို ဗုံးနှင့် ပစ်ပေါက်ခဲ့သေးသည်။ နောက်ပိုင်း သူ့ကို သတ်ပစ်ရန် သွေးဘုရင်တို့ကို မှာကြားခဲ့သည်။

ချင်ယန်က ဘယ်တော့မှ မမေ့ပေ။

ဝေ့ကျင့်ဝူက ချမ်ဂျူး အကယ်ဒမီ အတွင်းနန်းတော်၏ အကြီးအကဲ တစ်ယောက် ဖြစ်နေသဖြင့် တန်ထန် အင်ပါယာမှ တစ်ယောက်ယောက်က ရောက်သွားသည်နှင့် ဝေ့ကျင့်ဝူကို ကျိန်းသေပေါက် ဆက်သွယ်လိမ့်မည်။

"ယန်အာ၊ အမေတို့က တတ်နိုင်သမျှ အမြန်ဆုံး လာခဲ့တာပဲ။ မီးနဂါး အင်ပါယာက တန်ခိုးရှင် မရောက်ခင် ချမ်ဂျူး အကယ်ဒမီထဲ ဝင်လို့ မရဘူးလား။ ပြီးတော့ တန်ထန် အင်ပါယာက လူတွေလည်း မရောက်နိုင် သေးပါဘူး..."

ရှီယန်က ပြောလိုက်သည်။

လမ်းတစ်လျှောက်တွင် ချင်ယန်တို့ အဖွဲ့က တတ်နိုင်သမျှ အမြန်ဆုံး လာခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ရှီယန်၏ စကားက အကျိုးအကြောင်း မဆီလျော်ခြင်းတော့ မရှိပေ။

တန်ရောင်ကူနှင့် အခြားလူများက အနည်းငယ်မျှ နှောင့်နှေး လိုက်သည်နှင့် သူတို့ထက် နောက်ကျခြင်းမှာ ပုံမှန်သာ ဖြစ်သည်။

"အမေ၊ သားမှာ အစီအစဉ် တစ်ခု ရှိတယ်။ ဒါက ပိုပြီး ဘေးကင်းတယ်..."

ချင်ယန်က ပြုံးပြီး ပြောလိုက်သည်။

ရှောင်ကျူဝမ်က....

"ချင်ယန်၊ ဟောင်ယန်မြို့က မြို့ကြီးတစ်မြို့ပဲ။ မင်းက အဆောင်ဘုရင် တစ်ယောက်ဖြစ်ကြောင်း သက်သေပြချင်လို့လား..."

"အင်း.."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

"ငါက အဆောင်ဘုရင် အစစ်အမှန် ဖြစ်ကြောင်း သက်သေပြဖို့ စီစဉ်ထားတယ်..."

"မဟုတ်ဘူး.. အဆောင်ဘုရင် မဟုတ်သေးဘူး.."

"ကြယ်ငါးပွင့်အဆင့်ကို ချမ်ဂျူး ဘက်ခြမ်းမှာ ကြီးမြတ်သော မဟာသခင် အဆင့်လို့ပဲ သတ်မှတ်ထားတာ။ ကြယ် (၆) ပွင့် အဆင့်ကိုမှ အဆောင်ဘုရင်လို့ ခေါ်နိုင်တယ်..."

တန်ထင် အင်ပါယာကဲ့သို့ နေရာမျိုးတွင် ကြယ်ငါးပွင့် အဆင့်ကို ဘုရင်ဟု ခေါ်နိုင်သော်လည်း ကြီးမားသော နေရာများတွင် ကြယ်ငါးပွင့်အဆင့်ကို ဘုရင်ဟု ခေါ်လိုက်ပါက ဟားတိုက် ရယ်မောခံလိုက်လိမ့်မည်။

ကြယ်လေးပွင့်မှာပင် အများစုက သူ့တို့ကိုယ်သူတို့ မဟာသခင်ဟု သတ်မှတ်ကြသော်လည်း အချို့က သခင်ဟုသာ သတ်မှတ်ကြသည်။

ကြယ်ငါးပွင့် ကြီးမြတ်သော မဟာသခင် အဆင့်ကိုမှ မဟာသခင်ဟု ခေါ်ဆိုခံရန် ယုံကြည်ချက် အပြည့် ရှိကြသည်။

ရှီယန်က အနည်းငယ် စိုးရိမ်သွားသော လေသံနှင့်.....

“ယန်အာ... သားက အသက် (၁၆) နှစ် မပြည့်သေးဘူးလေ.. ဒီလို စွမ်းရည်မျိုး ထုတ်ပြရင် ပြဿနာ မရှိလာနိုင်ဘူးလား....”

ချင်ယန်က ပြုံးလိုက်ပြီး....

“အမေ၊ အကဲဖြတ်မှု ဖြေတဲ့အချိန်မှာ ရုပ်ဖျက်လိုက်မယ်။ မြို့ထဲသွားရင်လည်း ရုပ်ဖျက်သွားမယ်။ မြို့ထဲဝင်ရင် သာမန် ရထားလုံးတွေကို စစ်ဆေးပေမဲ့ မဟာသခင်အဆင့် တန်ခိုးရှင်တွေကတော့ မြို့ထဲ တန်းဝင်နိုင်တယ်..”

“ချမ်ဟိုင်၊ ရှန်ကွမ်ယင်”

"အဆောင်ဘုရင် အစစ်အမှန် ဖြစ်ကြောင်း အကဲဖြတ်မှု သွားလုပ်တဲ့ အချိန်မှာ ငါနဲ့လိုက်ခဲ့"

"အမေနဲ့ ကျန်တဲ့လူတွေက မြို့ထဲမှာ ဟိုဟိုဒီဒီ လျှောက်သွားနေလို့ ရတယ်..."

ရှီယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ သူမတို့၏ ရုပ်ရည်ကို ပြောင်းလဲပြီး အပြင်ထွက်ခြင်းက ပြဿနာ မရှိပေ။ ဒီနေရာတွင် ရန်သူများ မရှိနိုင်ပါ။

"အမေ၊ အမေက ရှူ့ထောင့်ပေါင်းစုံက သတင်းတွေ စုံစမ်းဖို့ တာဝန်ယူလိုက်နော်..."

"အထူးသဖြင့် ချမ်ဂျူး အကယ်ဒမီရဲ့ လူသစ်ခေါ်ယူတာတွေ… ချမ်ဂျူးမြို့နားက အင်အားစုတွေရဲ့ ဖြန့်ကျက်မှုတွေ…. အင်အားစု တစ်စုမှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဘယ်လောက်ရှိတာတွေပေါ့…"

"ပြီးတော့ ချမ်ဂျူး အကယ်ဒမီရဲ့ အခြေအနေကိုလည်း မေးခဲ့ပေးပါအုံး…."

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က ချမ်ဂျူးမြို့ကို ရောက်ခဲ့သော်လည်း နောက်ထပ် နှစ်အနည်းငယ် ကြာသည့်အချိန်မှ ရောက်ခဲ့ခြင်း

ဖြစ်သည်။ နှစ်အနည်းငယ် ဆိုသော်လည်း ချမ်ဂျူးမြို့တွင် ကွဲလွဲမှု အများကြီး ဖြစ်နေနိုင်သည်။

## အခန်း(၂၀၂) - နတ်ဆိုးထိန်း လက်စွပ်...

ဟောင်ယန်မြို့၊ စည်းသခင် လမ်းညွှန်မှု အဖွဲ့.....

"ဂုဏ်ယူပါတယ်..."

ပျော်ရွှင်စွာ ပြောလိုက်သော အသံတစ်ခု ထွက်ပေါ်လာသည်။

"မင်းက ကြီးမြတ်သော မဟာသခင် အဆင့်ကို အလွယ်တကူ ရောက်သွားတာပဲ..."

“ဒီတာအို မိတ်ဆွေရဲ့ ခွန်အားက ငါတို့ထက် ပိုသန်မာတယ်....”

ချင်ယန် ရှေ့တွင် ကြီးမြတ်သော မဟာသခင် နှစ်ယောက်က ပျော်ရွှင်နေသော အမူအရာများ ရှိနေပြီး သူတို့ မျက်လုံးထဲ၌ သဘောကျသော ခံစားချက်များ ပေါ်လွင်နေသည်။

“ဂုဏ်ပြုပါတယ်... ခေါင်းဆောင်....”

“ခေါင်းဆောင်က အရမ်း တော်တာပဲ...”

ကြီးမြတ်သော မဟာသခင် နှစ်ယောက်အပြင် မဟာသခင် များစွာလည်း မျက်မြင် သက်သေ အနေနှင့် ရောက်ရှိ နေကြသေးသည်။ သူတို့က အားကျ နေကြသည်။ သူတို့၏ အဆင့်အတန်းက ကောင်းမွန်းသော်လည်း ကြီးမြတ်သော မဟာသခင်ထက် အများကြီး နိမ့်ကျ နေသေးသည်။

“အားလုံးကို ကျေးဇူး အများကြီး တင်ပါတယ်....”

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ယခုလက်ရှိတွင် ချင်ယန်က မျက်နှာဖုံး တပ်ထားသဖြင့် အသက် (၂၀) ကျော် ရုပ်ရည်မျိုး ဖြစ်နေသည်။ ဒီပုံစံက လူတော်တော် များများအတွက် အံ့အောစရာ မရှိပေ။

ချမ်ဂျူး ဘက်ခြမ်းတွင် အသက်နှစ်ဆယ် ကျော်ရုပ်ရည်များနှင့် ကြီးမြတ်သော မဟာသခင်အဆင့် ရောက်ရှိနေခြင်းက မဆန်းပေ။

ထို့အပြင် သူတို့ထဲမှ အချို့က ရုပ်ရည်ထက် အသက်ပေါင်း ဒါဇင်နှင့်ချီပြီး ပိုကြီးကာ အသက် တစ်ရာကျော်ပင် ဖြစ်နေနိုင်သည်။

သို့သော် ကြည့်လိုက်ပါက ဆယ်ကျော်သက် တစ်ယောက်နှင့် ချွတ်စွပ် တူနေသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဟောင်ယန်မြို့မှာလည်း နေလို့ ကောင်းပါတယ်။ ကြီးမြတ်သော မဟာသခင်ချင်က ဟောင်ယန်မြို့မှာ နေဖို့ စိတ်ကူးနေလား မသိဘူး..."

ထိုတန်ခိုးရှင် အားလုံးက ဟောင်ယန်မြို့မှ ဖြစ်ကြသည်။ ယခုအခါ ချင်ယန်က ကြီးမြတ်သော မဟာသခင်အဆင့် အကဲဖြတ်မှုကို အောင်မြင်သွားပြီ ဖြစ်သည်။ အကယ်၍ ချင်ယန်သာ

ဟောင်ယန်မြို့တွင် နေထိုင်မည် ဆိုပါက သူတို့၏ အလုံးစုံ ခွန်အားက တိုးမြင့် လာလိမ့်မည်။

“ငါက ချမ်ဂျူးမြို့ကို ဆက်သွားအုံးမှာ....”

ချင်ယန်က ပြောလိုက်သည်။

ကြီးမြတ်သော မဟာသခင် နှစ်ယောက်၏ မျက်လုံးထဲတွင် စိတ်ပျက်သွားသော အမူအရာများ ပေါ်လာသည်။ ဟောင်ယန်မြို့၏ ယှဉ်ပြိုင်နိုင်စွမ်းသည် ချမ်ဂျူးမြို့ထက် အများကြီး နိမ့်ကျနေသည်။

“ကြီးမြတ်သော မဟာသခင်ချင်၊ မင်းဆီမှာ ချိတ်ပိတ် စည်းတံဆိပ်တွေနဲ့ ပက်သက်ပြီး အတွေ့အကြုံ ရှိလား။ သုတေသန လုပ်ဖူးလား….”

နောက်ထပ် ကြီးမြတ်သော မဟာသခင် တစ်ယောက်က ဝင် ပြောလိုက်သည်။

ထိုစကားကို ကြားလျှင် ချင်ယန်၏ မျက်လုံးက တောက်ပသွားသည်။

‘သူ ကြားချင်တာ ဒါပဲ….’

ဟောင်ယန်မြို့တွင် ကြီးမြတ်သော မဟာသခင်အဆင့် အကဲဖြတ်မှု လုပ်ရခြင်းသည် ကြီးမြတ်သော မဟာသခင် တံဆိပ် ရရှိစေရန် ဖြစ်သည်။ အခြား တစ်ဖက်တွင်မူ ထိုအရာနှင့် ဆက်နွယ်နေသော ကိစ္စတစ်ခု ရှိသေးသည်။

ချင်ယန်က ဒီနေရာတွင် အကဲဖြတ်မှု ပြုလုပ်ခဲ့သော်လည်း ထိုကိစ္စနှင့် ပက်သက်၍ မသေချာသေးပေ။

ကံကောင်းပုံ ရသည်။ ယခုအခါ စိတ်ပျက်စရာ မလိုတော့ဘူးဟု ထင်ရသည်။

"လေ့လာဖူး ပါတယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ တစ်ဆင့်ပိုပြီး ပြောပြလို့ရမလား..."

"ပြဿနာ မရှိပါဘူး."

မကြာခင် ချင်ယန်နှင့် အခြားလူများက ရထားလုံးပေါ် တက်သွားကြသည်။ ထိုအဖွဲ့ထဲတွင်

ကြီးမြတ်သော မဟာသခင် နှစ်ယောက်အပြင် အခြား မဟာသခင်များလည်း ပါရှိကြသည်။

ချမ်ဟိုင်၊ ရှန်ကွမ်ယင်နှင့် အခြား ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များနှင့် မူလ အစစ်အမှန် နယ်ပယ် တန်ခိုးရှင်များက မြင်းများစီးပြီး ချင်ယန်တို့ နောက်သို့ လိုက်ပါ သွားကြသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ နောက်ပိုင်း ပြောပြမယ့် ကိစ္စတွေကို လျှို့ဝှက် ထားပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ ဒါက ငါတို့ ဟောင်ယန်မြို့ကို အန္တရာယ် ဖြစ်နိုင်တယ်။ ပြီးတော့ ဟောင်ယန်မြို့မှာ

ရှိတဲ့ တန်ခိုးရှင်တွေနဲ့ ကြီးမြတ်သော မဟာသခင်ချင်က မဟာ ရန်သူတွေ ဖြစ်သွားလိမ့်မယ်။ တကယ်လို့ ကြီးမြတ်သော မဟာသခင်က ကူညီပေးမယ် ဆိုရင်လည်း ငါတို့ ဟောင်ယန်မြို့က အကျိုးအမြတ်တွေ အများကြီး ပေးမှာပါ…”

ကြီးမြတ်သော မဟာသခင် တစ်ယောက်က ရထားလုံးပေါ်တွင် အသံလုံ အဆောင်တစ်ခု အသက်သွင်းထားသဖြင့် အတွင်းမှ အသံကို အပြင်မှ မကြားရပေ။

ချင်ယန်က မျက်မှောင်ကြုတ်လိုက်ပြီး....

“ပြဿနာ ရှိတယ်ဆိုလည်း ငါ့ကို မပြောနဲ့ ရပါတယ်...”

နောက်ထပ် မဟာသခင် တစ်ယောက်က သက်ပြင်း တိုးတိုးလေး ချလိုက်ပြီး.....

“ကြီးမြတ်သော မဟာသခင်ချင်၊ မင်းက အပြင်က ကြီးမြတ်သော မဟာသခင် တစ်ယောက် ဆိုတာ သိပါတယ်။ မင်းကို ပြောပြလို့လည်း ပြဿနာ မရှိပါဘူး။ မင်းကသာ တခြားလူတွေကို ပြန်မပြောရင် ရပါပြီ....”

"မင်းသာ ကူညီနိုင်ရင် ငါတို့ ဟောင်ယန်မြို့နဲ့ ဆက်ဆံရေး ကောင်းသွားလိမ့်မယ်.."

"ကြီးမြတ်သော မဟာသခင်ချင်၊ ချမ်ဂျူး မြို့ဘက်မှာ ကြီးမြတ်သော စည်း မဟာသခင်ရဲ့ အဆင့်အတန်းက မြင့်မြတ်ပါတယ်။ ဒါပေမဲ့ အဲ့ဘက်မှာ အင်အားစုတွေက ရှုပ်ထွေးနေတယ်....။ ချမ်ဂျူးမြို့မှာ ကြီးမြတ်သော မဟာသခင်တွေ ဆုံးရှုံးမှု ကြီးကြီးမားမား ခံစားရတာတို့ ၊ သေသွားတာတို့က ထူးဆန်းတဲ့ ကိစ္စ မဟုတ်ဘူး။ တကယ်လို့ ကြီးမြတ်သော မဟာသခင်က ငါတို့

ဟောင်ယန်မြို့နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ရှိသွားရင် ချမ်ဂျူးမြို့မှာ လှုပ်ရှားမယ့် ကြီးမြတ်သော မဟာသခင်ချင် အတွက် လုံခြုံမှု ပို ရှိသွားလိမ့်မယ်။ အင်အားစု အားလုံးက ငါတို့ ဟောင်ယန်မြို့ကို မျက်နှာသာ ပေးရတယ်…”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ဟောင်ယန်မြို့၏ လွှမ်းမိုးမှုက အမှန်တကယ်ပင် အားမနည်းချေ။

ဟောင်ယန်မြို့တွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ဒါဇင်ကျော် ရှိသည်။ ထို့အပြင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အများစုက အမျိုးသမီးများ ဖြစ်နေသေးသည်။ သူမတို့၏ ယောက်ျားများကလည်း အားမနည်းပေ။

သူမတို့၏ ခင်ပွန်းများကလည်း ယွမ်ဟိုင်နယ်ပယ်သို့ ရောက်နေကြသည်။

အချိန်တန်လျှင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် နှစ်ဆယ်ကျော် သုံးဆယ်ကြား ထုတ်နိုင်သည့်

ယောင်ယန်မြို့ကို မည်သည့် အင်အားစုက ရန်စရဲမည်နည်း။

"ဘာဖြစ်တာလဲ မသိဘူးနော်..."

ချင်ယန်က မေးလိုက်သည်။

"ကြီးမြတ်သော မဟာသခင်၊ အိမ် သိမ်းပိုက်ခြင်း ဆိုတာ ကြားဖူးလား.."

ကြီးမြတ်သော မဟာသခင် တစ်ယောက်က ပြောလိုက်သည်။

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။

အိမ် သိမ်းပိုက်ခြင်း ဆိုသည်မှာ တန်ခိုးရှင်တစ်ယောက်က အခြား တန်ခိုးရှင် တစ်ယောက်၏ ခန္ဓာကိုယ်ကို သိမ်းပိုက်ခြင်း ဖြစ်သည်။

အိမ် သိမ်းပိုက်ခြင်း ပြုလုပ်ရန် ဓမ္မကလေးငယ် ကျင့်ကြံခြင်းအဆင့် မရှိဘဲ ပြုလုပ်၍ မရပေ။

ယွမ်ဒန် အဆင့်က အဆင့် (၆) ဖြစ်ပြီး ဓမ္မကလေးငယ် အဆင့် က အဆင့် (၇) ပင်။

"ငါတို့ မြို့တော်ရဲ့ မြို့တော် သခင်လေးက အိမ်သိမ်းပိုက် ခံထားရတယ်။ ရှေးဟောင်း အငွေ့အသက်ရှိတဲ့ အလောင်း တစ်လောင်းကို ရှာတွေ့ထားတယ်။ အဲ့ အလောင်းထဲမှာ ဝိညာဉ် အကြွင်းအကျန် ရှိနေတယ်။ နောက်ဆုံးတော့ မြို့တော် သခင်လေးကို သိမ်းပိုက် သွားတယ်။ ဒါပေမဲ့ ခန္ဓာကိုယ်ပေါ်က ရတနာနဲ့ မြို့သခင်ရဲ့ အကူအညီကြောင့် အဲ့တန်ခိုးရှင်က မြို့တော် သခင်လေးရဲ့ ခန္ဓကိုယ်ကို အပြည့်အဝ သိမ်းပိုက်လို့ မရသေးဘူး...."

ချင်ယန်၏ မျက်လုံးက တောက်ပနေသည်။ သူ မှန်းထားသည့်အရာက အမှန်တကယ် ဖြစ်လာခဲ့ပြီ...

“ချမ်ဂျူးမြို့မှာ တစ်ယောက်ယောက် ရှာလို့ မရဘူးလား....”

ချင်ယန်က မေးလိုက်သည်။

ကြီးမြတ်သော မဟာသခင် နှစ်ယောက်က ရှက်ရွံ့စွာ ပြုံးလိုက်ပြီး.....

“ကြီးမြတ်သော မဟာသခင်ချင်၊ မြို့တော် သခင်လေးရဲ့ ခန္ဓာကိုယ်ကို သိမ်းပိုက်နိုင်တယ်

ဆိုမှတော့ ခမ္မကလေးငယ် အဆင့်ပဲ ဖြစ်လိမ့်မယ်။ ခမ္မကလေးငယ် အဆင့်မှာတောင် ရှေးဟောင်း အငွေ့အသက်ရှိတဲ့ ခမ္မကလေးငယ် အဆင့် ဖြစ်နေသေးတယ်။ သာမန် မဟုတ်ဘူး...။ ဒါက အတွင်းထဲမှာ ရှိနေသလို မြို့တော် သခင်လေးရဲ့ အပြင်ကို ထွက်လာမယ်ဆိုရင်.... ကြီးမြတ်သော မဟာသခင်ချင် သိပါတယ်..”

ချင်ယန်က ချက်ချင်း ခေါင်းညိတ် လိုက်သည်။

ဘာကိုဆိုလိုမှန်း ချင်ယန် သိနေသည်။ သူကလည်း ရည်ရွယ်ချက် ရှိရှိ မေးလိုက်ခြင်း ဖြစ်သည်။

ဒါမှ သေးငယ်သော နေရာမှ လာသည့် မဟာသခင် ဟူသော သူ့ အထောက်အထားနှင့် ပိုကိုက်ညီ လိမ့်မည်။

“ဒီသတင်းသာ ပျံ့သွားရင် ဟောင်ယန်မြို့ရဲ့ အကျိုးစီးပွားကို ကျိန်းသေပေါက် ထိခိုက်လိမ့်မယ်။ ပြီးတော့ ချမ်ဂျူးမြို့က အင်အားစုတွေကလည်း ယောင်ယန်မြို့ကို သိမ်းပိုက်နိုင်ဖို့ မျှော်လင့်

နေကြတယ်။ သူတို့သာ သိသွားရင် မြို့တော်သခင်လေးရဲ့ ခန္ဓာကိုယ်ကို သိမ်းပိုက်နိုင်အောင် ကူညီပေးလိမ့်မယ်။ ပြီးမှ ကျန်တဲ့ အကျိုးအမြတ်တွေကို ယူသွားလိမ့်မယ်....”

ဓမ္မကလေးငယ် အဆင့် တန်ခိုးရှင်က အလွန်တန်ဖိုးကြီးကြောင်း သိနေသဖြင့် ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။

“အဲ့ နတ်ဆိုး ဝိညာဉ်ကို ချိတ်ပိတ်ပြီးတော့ မြို့တော် သခင်လေးကို ဖြည်းဖြည်းခြင်း ဝါးမြိုစေချင်တာလား.”

ချင်ယန်က မေးလိုက်သည်။

ထိုနည်းနှင့် ဆိုလျှင် ဟောင်ယန်မြို့၏ မြို့တော်သခင်လေးက ဆက်နွယ် ပက်သက်နေသည့် အချက်အလက်များကို ရရှိနိုင်သည်။ သို့သော် အောင်မြင်နှုန်းက နည်းပါးနေသည်။

"ဟုတ်တယ်...."

ကြီးမြတ်သော မဟာသခင် နှစ်ယောက်က ခေါင်းညိတ် ပြလိုက်သည်။

“ကြီးမြတ်သော မဟာသခင်ချင်၊ ငါတို့ ယောင်ယန်မြို့ရဲ့ ဂုဏ်သတင်းက ကောင်းနေသေးပါတယ်။ မင်းသာ ကူညီနိုင်ရင် ကောင်းတဲ့အရာတွေ ရနိုင်ပါတယ်။ ပြီးတော့ ငါတို့ ဟောင်ယန်မြို့နဲ့လည်း ခင်မင် ရင်းနှီးမှု ရနိုင်တယ်။ ချမ်ဂျူးမြို့မှာ နေမယ့် ကြီးမြတ် မဟာသခင်အတွက် ဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်တွေ အများကြီး ရလိမ့်မယ်…”

"ဓမ္မကလေး ငယ်အဆင့် တန်ခိုးရှင်မှာ သိုလှောင်လက်စွပ် ရှိမှာပေါ့။ အဲ့ကနေ အကျိုးအမြတ်တွေ အများကြီး ရခဲ့တယ် မဟုတ်လား…"

ကြီးမြတ်သော မဟာသခင် နှစ်ယောက် ပျော်ရွှင်သွားသော မျက်လုံးများနှင့် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သည်။ ချင်ယန်က ယုံကြည်သည် ။ဒါက အလွန် ကောင်းသည်။

အဆင့် (၅) ကြီးမြတ်သော မဟာသခင်များက မတူညီသော ကဏ္ဍများတွင် ထူးချွန်ကြသည်။ ပေါင်ယန်မြို့တွင် ရှိသော ကြီးမြတ်သော

မဟာသခင် နှစ်ယောက်က ချိတ်ပိတ်ခြင်း စည်းတံဆိပ်ဘက်တွင် မထူးချွန်ကြပေ။ သူတို့က အခြားသော ကြီးမြတ်သော မဟာသခင်များ ရှာဖွေခဲ့သော်လည်း ထိုနယ်ပယ်တွင် ထူးချွန်သော လူများကို ရှာမတွေ့ခဲ့ပေ။ ထို့ကြောင့် မြို့တော်သခင်လေး၏ ပြဿနာကို လုံးဝ မဖြေရှင်း နိုင်သေးခြင်း ဖြစ်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်းသာ အပြည့်အဝ ကုသပေးနိုင်ရင် အဲ့သိုလှောင်

လက်စွပ်ကို ပေးမယ်လို့ ငါတို့ ကတိပေးနိုင်တယ်။ မြို့သခင်ကလည်း ကန့်ကွက်မယ်လို့ မထင်ဘူး..”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

‘အဲ့အချိန်တုန်းက ချမ်ဂျူးမြို့မှာ ထွက်ပေါ်ခဲ့တဲ့ နတ်ဆိုး လက်စွပ်က ဟောင်ယန်မြို့က ထွက်လာတာ ဖြစ်ဖို့ အလားအလာ များတယ်’

ချင်ယန်က စိတ်ထဲမှ တိတ်တိတ်လေး ရေရွတ်လိုက်သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က ဟောင်ယန်မြို့သည် ချမ်ဂျူးမြို့မှ အကူအညီ တောင်းခံခဲ့သည်ကို ချင်ယန် ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။

ဟောင်ယန်မြို့က ဤမျှ ကြီးမားသော အကျိုးအမြတ် ရနေကြောင်း ချမ်ဂျူးမြို့မှ အင်အားစုများ သိသွားပါက မနာလို မဖြစ်ဘဲ မည်ကဲ့သို့ နေမည်နည်း....။ အဆုံးတွင် ဟောင်ယန်မြို့က သူတို့၏ အကျိုးအမြတ်ကို (၈၀) မှ (၉၀) ရာခိုင်နှုန်းအထိ စွန့်လွှတ် ခဲ့ရသည်။

ထိုအထဲတွင် တန်ဖိုး အရှိဆုံးအရာက နတ်ဆိုးထိန်း လက်စွပ်ပင်။ ပထမတစ်ချက် ပောင်ယန်မြို့က ထိုလက်စွပ်၏ တန်ဖိုးကို မသိ၍ ထုတ်ပေးခြင်း ဖြစ်လိမ့်မည်။

နောက်ပိုင်းမှ နတ်ဆိုးထိန်း လက်စွပ်က အဆင့် (၇) အထွတ်အထိပ် ရတနာဟု ဆုံးဖြတ်ခဲ့ပုံ ရသည်။ အဆင့် (၅) ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လက်ထဲမှာပင် အဆင့် (၆) နတ်ဆိုး တစ်ကောင် သို့မဟုတ် နှစ်ကောင်ကို ထိန်းချုပ်ရန် ပြဿနာ မရှိပေ။

ထို့အပြင် မှော်လက်စွပ်ထဲတွင် ထည့်သွင်းထားနိုင်သေးသည်။ လက်စွပ်ထဲတွင် နတ်ဆိုးသားရဲကို ထည့်သွင်းနိုင်သည့် နေရာလွတ်လေးပါရှိနေသည်။

'ဒီလက်စွပ်ကိုသာ ငါရလိုက်ရင် ငါ့ရဲ့လက်ရှိခွန်အားနဲ့ အဆင့် (၆) နတ်ဆိုးကို ထိန်းချုပ်ဖို့ခက်လိမ့်မယ်။ ဒါပေမဲ့ ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) နတ်ဆိုး သားရဲ တစ်ကောင်လောက်ကတော့ ပြဿနာ မရှိတာ သေချာတယ်'

ချင်ယန်က စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နတ်ဆိုး သားရဲကို ထိန်းချုပ်နိုင်ခဲ့လျှင်ပင် ချင်ယန်၏ ခွန်အားက တော်တော်လေး တိုးတက်နေပြီ ဖြစ်သည်။

ထို့အပြင် အချိန်တန်၍ ချင်ယန်၏ ခွန်အား ပိုမို တိုးမြင့်လာသည်နှင့် အမျှ ထိန်းချုပ်နိုင်သည့် အရေအတွက်ကလည်း ပိုမို များပြား လာအုံးမည်။

နတ်ဆိုးထိန်း လက်စွပ်က အဆင့် (၉) တန်ခိုးရှင် အတွက်ပင် အလွန် ကောင်းမွန်သော ပစ္စည်းတစ်ခု ဖြစ်နေသည်။

ယခုလက်ရှိတွင် ချင်ယန် အတွက်မူ ထိုလက်စွပ်က အဆင့် (၉) ရတနာထက်ပင် သာလွန် နေသေးသည်။

ချင်ယန်၏ ယခုလက်ရှိ ခွန်အားနှင့် ဆိုလျှင် အဆင့် (၉) ရတနာများက လုံး၀ အသုံးမ၀င်ပေ။

'နတ်ဆိုးထိန်း လက်စွပ်… ရကိုရမှ ဖြစ်မယ်..'

ချင်ယန်က စိတ်ထဲမှ ကြိတ် အော်လိုက်သည်။

## အခန်း(၂၀၃) - ကုသိုလ် စွမ်းအား...

“မြို့သခင်လင်း..။ ငါတို့က ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို ဖိတ်ခေါ် လာတယ်။ သူက မြို့တော် သခင်လေးရဲ့ ပြဿနာကို ဖြေရှင်းပေးလိမ့်မယ်....”

“မြို့သခင်လင်း.. ဒါက ဘာပြောတာလဲ... ငါ့ကို မယုံတာလား...”

ချင်ယန်တို့ အဖွဲ့က ဗိမ္မာန်တစ်ခုထဲသို့ ဝင်လာခဲ့ကြပြီး အသက် လေးဆယ်ကျော် အရွယ် အမျိုးသမီး တစ်ယောက်နှင့် တွေ့ဆုံ နေကြသည်။ ငယ်ရွယ်စဉ်အချိန်က အလွန် လှပခဲ့မည့် မိန်းမကြီးပင်။ ယခုလက်ရှိ အချိန်အထိပင် လှပ နေသေးသည်။

အသက် ငါးဆယ်ကျော် ခြောက်ဆယ် အရွယ် အကြီးအကဲများလည်း ရှိသေးသည်။

ကြီးမြတ်သော မဟာသခင် တံဆိပ်ကို ရင်ဘက်ပေါ် ချိတ်ဆွဲထားသည့် ဆေးဆရာကြီး

တစ်ယောက်နှင့် အကြီးအကဲများက စကား ပြောနေကြသည်။

ဟောင်ယန်မြို့သခင် လင်းဟုန်ကျူးက အနည်းငယ် ရှက်ရွံ့နေပုံ ရသည်။

လင်းဟုန်ကျူးက ထိုအဘိုးအိုကို သူမ၏သားအား ကုသရန် ဖိတ်ခေါ်ထားခြင်း ဖြစ်သည်။ စည်းသခင် လမ်းညွှန်မှုအဖွဲ့မှ ကြီးမြတ်သော မဟာသခင် နှစ်ယောက်ကလည်း ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို ဖိတ်ခေါ် လာလိမ့်မည်ဟု မထင်မှတ်ထားခဲ့ပေ။

"ကြီးမြတ်သော မဟာသခင်လု၊ ငါက ဒီ သဘောနဲ့ ပြောတာမဟုတ်ဘူး။ ဒါက တိုက်ဆိုင်မှု တစ်ခုပါ..."

လင်းဟုန်ကျူးက ခါးသီးစွာ ပြုံးပြီး ပြောလိုက်သည်။

မတူညီသည့် ကြီးမြတ်သော မဟာသခင် နှစ်ယောက်ကို တပြိုင်နက် ဖိတ်ခေါ်ခြင်းသည် လွဲမှားသော အပြုအမူ တစ်ခုပင်။

အဘိုးအိုကို လုချမ်းခွန် ဟုခေါ်သည်။ သူက ချင်ယန်ကို အဖက်မတန်သလို ကြည့်လိုက်ပြီး.....

"ကြည့်ရတာ အူကြောင်ကျား ပုံစံနဲ့ နေရာ သေးသေးလေးက တက်လာခဲ့တာလား.."

ချင်ယန်ကို ခေါ်လာခဲ့သည့် ကြီးမြတ်သော မဟာသခင် နှစ်ယောက်ထဲမှ တစ်ယောက်က....

"အစ်ကိုလု၊ ကြီးမြတ်သော မဟာသခင်ချင်က ဒီနေ့မှ ငါတို့ စည်းသခင် လမ်းညွှန်မှု အဖွဲ့မှာ အကဲဖြတ်မှုကို ဖြေဆိုပြီး ကြီးမြတ်သော မဟာသခင် ဖြစ်လာတာ။ ဒါကြောင့် ငါတို့က ဒီကို ခေါ်လာခဲ့တာပါ။ မြို့သခင်၊ ကြီးမြတ်သော

မဟာသခင်ချင်က ချိတ်ပိတ် စည်းတံဆိပ်တွေနဲ့ ပက်သက်ရင်.......”

လုချမ်းခွန်က အထင်သေးသော လေသံနှင့်......

“ကြီးမြတ်သော မဟာသခင်ကျိုး၊ သေးငယ်တဲ့ နေရာက တက်လာတဲ့ ကြီးမြတ်သော မဟာသခင်နဲ့ ငါတို့လို နေရာကြီးမှာနေတဲ့ ကြီးမြတ်သော မဟာသခင်တွေက အဆင့်အတန်း မတူဘူးဆိုတာ မင်း သိသင့်တယ်....”

“နေရာ သေးသေးလေးက လာတဲ့ မဟာသခင်တွေက အသိပညာ အားနည်းတယ်....”

"သူက တော်ပါတယ်လို့ ပြောလိုက်တာနဲ့ မင်းက ယုံတာပဲလား...။ မင်းက မိန်းကလေး မဟုတ်တာ ကံကောင်းတယ်။ ဒီလိုမှ မဟုတ်ရင် ငါ့ကလေး အဖေက ဘယ်သူလဲလို့ ပြန်မေးနေရမယ်...."

"မြို့သခင်လင်း၊ ဒီတစ်ယောက်နဲ့ပဲ ကြည့်လုပ်လိုက်တော့ .... ငါ ထွက်သွားတော့မယ်..."

ချင်ယန်က လုချမ်းခွန်ကို ကြည့်လိုက်သည်။ လုချမ်းခွန်ကို ကြည့်ရသည်မှာ သူ့ကိုယ်သူ ကောင်းကင်ကြီး တစ်ခုဟု ထင်နေပုံရသည်။

နေရာတိုင်းတွင် နေရာ သေးသေးလေးမှ လာသော မဟာသခင်များက အသိပညာ အမှန်တကယ် အားနည်းကြသည်။ သို့သော် လုချမ်းခွန် ကဲ့သို့ နှိမ့်ချသူက အလွန် ရှားသည်။

"ကြီးမြတ်သော မဟာသခင်လု၊ ငါတို့ အားလုံး ဒီရောက်နေပြီပဲ။ ဘာဖြစ်လို့ စိတ်ထဲထား သေးနေတာလဲ။ အောင်မြင်တာပဲ ဖြစ်ဖြစ်၊ ကျရှုံးတာပဲ ဖြစ်ဖြစ် ဟောင်ယန်မြို့က ကျေးဇူး တင်နေမှာပါ။"

လင်းဟုန်ကျူးက ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်...

“ငါက ပြဿနာ မရှိပါဘူး... ကြည့်ရတာ မဟာသခင်လု ထပ်နေစရာ မလိုတော့ဘူး ထင်တာပဲ...”

ရုတ်တရက် ဆိုသလို လုချမ်းခွန်က ချင်ယန်ကို တင်းမာသော အကြည့်များနှင့် ကြည့်လာသည်။

“အရမ်း ကောင်းတယ်။ ဒီနေ့တော့ မင်း ဘာလုပ်နိုင်လဲ ဆိုတာ ဒီအဘိုးကြီး စောင့်ကြည့် အုံးမယ်။ နေရာ သေးသေးလေးက လာတဲ့ မဟာသခင်

တစ်ယောက်က ဘာ အားကိုးနဲ့ ဒီလောက် မာန်တက်နေလဲ ဆိုတာ ကြည့်အုံးမယ်....”

လုချမ်းခွန်က ခနဲ့ပြီး ပြောလိုက်သည်။

လင်းဟုန်ကျူးက စိတ်ထဲမှ မချိပြုံး ပြုံးလိုက်မိသည်။ ကြီးမြတ်သော မဟာသခင်ချင်က ဆက်ဆံရ ခက်ခဲမည့် လူတစ်ယောက်ဟု မထင်မှတ်ထားခဲ့မိပေ။

“ကြီးမြတ်သော မဟာသခင် နှစ်ယောက်။ ငါ့သား လင်းဟုန်ဖိန်းက မလှုပ်ရှားနိုင်ဘူး.. သူ့ခြံဝင်းထဲ သွားရအောင်...”

လင်းဟုန်ကျူးက ပြောလိုက်သည်။

ချင်ယန်တို့ နှစ်ယောက်က ခေါင်းညိတ်ပြလိုက်သည်။

လင်းဟုန်ကျူးက ဦးဆောင်ပြီး လမ်းလျှောက်သွားသည်။ ချင်ယန်နှင့် အခြားလူများက လင်းဟုန်ဖိန်း ခြံဝင်းထဲသို့ ရောက်ရှိရန် အချိန် သိပ် မယူလိုက်ရပေ။

ခြံဝင်းနှင့် နံရံပေါ်တွင် စည်းတံဆိပ်များစွာ ရေးထွင်းထားသည်။

ချင်ယန်နှင့် အခြားသူများသည် ခြံဝင်းထဲ ဝင်သွားသည်နှင့် တပြိုင်နက် အစွမ်းထက်သော နတ်ဆိုးစွမ်းအားကို ချက်ချင်းကို ခံစား လိုက်ရသည်။

"အမ်.."

လုချမ်းခွန် မျက်မှောင် ကြုတ်သွား၏။

ချင်ယန်နှင့် အခြားလူများသည် လင်းဟုန်ကျူး နောက်မှလိုက်ပြီး အခန်း တစ်ခုသို့ ဝင်သွားသောအခါ လင်းဟုန်ဖိန်းကို မြင်လိုက်ရသည်။

လုချမ်းခွန်က လေအေးတစ်ချက် ရှုတ်တရုတ် ရှိုက်လိုက်မိသည်။

လင်းဟုန်ဖိန်း၏ မျက်နှာက နုပျိုပြီး အသက် (၁၈) နှစ်၊ (၁၉) နှစ်ခန့်သာ ရှိသေးသည်။ သို့သော် ထူးခြားသော အကြည့်များက မြင်ရသည်ထက် အသက် ပိုကြီးနေသည်မှာ သေချာနေသည်။

နတ်ဆိုးအိုကြီး တစ်ကောင်ကဲ့သို့ ဖြစ်နေသည်။

လုချမ်းခွန်သည် ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေလျှင်ပင် ရီဝေဝေ အကြည့်နှင့်

စိုက်ကြည့် ခံလိုက်ရသော အခါ ကျောတွန့်သွားသည်။

"နှစ်ယောက်လုံး စိတ်ချပါ။ သူရဲ့ ကျင့်ကြံခြင်း အခြေခံကို ပိတ်ထားတယ်။ တိုက်ခိုက်မှာ မဟုတ်ပါဘူး.."

လင်းဟုန်ကျူးက ပြောလိုက်သည်။

လုချမ်းခွန်က လက်ကို ဆန့်ထုတ်ပြီး လင်းဟုန်ဖိန်း၏ လက်ကောက်ဝတ်ကို ကိုင်လိုက်ကာ လင်းဟုန်ဖိန်း၏ အခြေအနေကို သေသေချာချာ စစ်ဆေးလိုက်သည်။

ဆယ်မိနစ်ခန့် ကြာပြီးနောက် လုချမ်းခွန်က တင်းတင်းကြပ်ကြပ် မျက်မှောင် ကြုတ်နေသည်။

"မြို့သခင်လင်း၊ မြို့တော် သခင်လေးရဲ့ အခြေအနေက တော်တော်လေး ဆိုးနေပြီ။ ငါ ဖြေရှင်းနိုင် လောက်တယ်။ ဒါပေမဲ့ ဖြေရှင်းဖို့ဆို အထူးနည်းလမ်း တစ်ခုပဲ ရှိတယ် ။ ဒီနည်းလမ်းက ငါ့ အသက်စွမ်းအားကို အများကြီး အသုံးချ ရလိမ့်မယ်…"

လုချမ်းခွန်က လေးနက်စွာ ပြောလိုက်သည်။

"ဒါကြောင့် အကျိုးအမြတ် ကြီးကြီးမားမား မရရင် ငါ မလုပ်နိုင်ဘူး..."

လုချမ်းခွန်က လက်ကို ပြန်ရုပ်သိမ်းပြီးနောက် ဆရာကျသော ဟန်ပန် အမူအရာနှင့် လက်နောက်ပစ်ပြီး မတ်တပ် ရပ်နေသည်။

လုံးဝ စတိုင်ကျသည်ဟု ပြောရမည်။

"ဟား..ဟား..."

ချင်ယန်က ကျယ်လောင်စွာ အော်ရယ်လိုက်သည်။

"ဟော့ရောင်၊ မင်း ဘာရယ်တာလဲ."

လုချမ်းခွန်က တင်းမာစွာ ပြောလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"မြို့သခင်လင်း... ဒီမဟာသခင်က ခရီးဝေး သွားဖို့ အစီအစဉ် ရှိ၊ မရှိ မေးကြည့်ပါအုံး။ တော်တော်ကြာ ပစ္စည်းတွေ တောင်းပြီးမှ တိတ်တိတ်လေး လစ်သွားအုံးမယ်။ ပြီးတော့ မထွက်ခွာခင် ဗေဒင်လေး၊ ဘာလေး တွက်သွားသင့်တယ် ထင်တယ်.."

ထို့နောက် ချင်ယန်က....

"မြို့တော် သခင်လေးရဲ့ ပြဿနာကို မင်း ဖြေရှင်းပေးနိုင်ရင် ငါ့ခေါင်းကိုဖြတ်ပြီး မင်း ကန်လို့ရအောင် လုပ်ပေးလိုက်မယ်။ မြို့သခင်လင်း... တကယ်လို့ ငါ့ကိုယုံရင် မြို့တော်သခင်လေးရဲ့ ပြဿနာကို ဖြေရှင်း ပေးနိုင်တယ်။ ဒါပေမဲ့ ငါ့မှာ တောင်းဆိုစရာ တစ်ခု ရှိတယ်..."

ချင်ယန်ကို ခေါ်ဆောင်လာသည့် မဟာသခင် နှစ်ယောက်က ချင်ယန် တောင်းဆိုသည့် အရာကို လျင်မြန်စွာ ပြောပြလိုက်သည်။

လင်းဟုန်ကျူးက အနည်းငယ် တုံ့ဆိုင်းသွားပြီး....

“ကြီးမြတ်သော မဟာသခင်ချင်၊ မင်းသား ငါ့သားကို ကောင်းအောင် ကုပေးနိုင်ရင် မင်းဆန္ဒကို ဖြည့်ဆည်း ပေးနိုင်တယ်။ ဟုန်ဖိန်း ရလာတဲ့ထဲက ကြိုက်တဲ့တစ်ခု ရွေးယူနိုင်တယ်။ ပြီးတော့ ငါတို့ ဟောင်ယန်မြို့ကလည်း မင်းကို အများကြီး ကျေးဇူးတင်နေမှာပါ....”

"ကြီးမြတ်သော မဟာသခင်လု... မင်းကုသနိုင်ရင်လည်း ဒီလိုမျိုး ပေးမယ်...."

လုချမ်းခွန်က အေးစက်စွာ နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

"အဘိုးအိုက ရတနာ တစ်ခုတည်းနဲ့ မလုပ်နိုင်ဘူး။ မင်းတို့ ဖိတ်ထားတဲ့ မဟာသခင်က အစွမ်းထက်တာပဲ။ သူနဲ့ပဲ လုပ်လိုက်ပေါ့..."

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်....

"မင် အသိအမှတ် ပြုစရာ မလိုပါဘူး.."

"မြို့တော် သခင်လေးကို ကုသပေးနေတဲ့ အချိန်ကျရင် ကျန်တဲ့လူတွေ အခန်းထဲက ထွက်သွားပေးပါ.."

လင်းဟုန်ကျူးက အနည်းငယ် မျက်မှောင်ကြုတ်သွားသော်လည်း ခေါင်းညိတ်ပြလိုက်သေးသည်။

ကြီးမြတ်သော မဟာသခင် အချို့တွင် လျှို့ဝှက်ချက်များ ရှိခြင်းက ပုံမှန်သာ ဖြစ်သည်။

"နတ်ဘုရားလို ဝတ်စားပြီး နတ်ဆိုးနဲ့ ကစားမယ်။ ဒီအဘိုးအိုက မင်းမှာ ဘယ်လို စွမ်းရည်မျိုး ရှိလဲဆိုတာ စောင့်ကြည့်အုံးမယ်..."

ချင်ယန်က လူတိုင်းကို နှင်ထုတ်နေသဖြင့် လုချမ်းခွန်က အခန်းထဲတွင် ဆက်နေ၍ မကောင်းတော့ပေ။ လင်းဟုန်ကျူးနှင့် အခြားလူများကလည်း အခန်းထဲမှ ထွက်ခွာသွားကြသည်။

တံခါးကို ပိတ်လိုက်သည်။

လင်းဟုန်ဖိန်းက ချင်ယန်ကို မှုန်ကုတ်ကုတ် အမူအရာနှင့် စိုက်ကြည့်နေသည်။ နှစ်ယောက်တည်းသာ ရှိတော့သည်ကို မြင်လျှင် ပိုမို အေးစက်လာသည်။

"အချစ်လေး၊ ဒီခရီးက အရမ်းတန်သွားပြီ...."

ချင်ယန်က စိတ်လှုပ်ရှား နေသည်။

လင်းဟုန်ဖိန်း ခန္ဓာကိုယ်ထဲတွင် ဝင်းပူးနေသော နတ်ဆိုး ဝိညာဉ်တွင် အစွမ်းထက်သော သွေးအပြစ် အမှန်တကယ် ရှိနေသည်။

ထို သွေးအပြစ်က သွေးဘုရင် သယ်ဆောင်ထားသော သွေးအပြစ်ထက် အဆပေါင်း များစွာ ပိုမို ပြင်းထန် နေသေးသည်။

ယခင်က ချင်ယန်သည် ချမ်ဂျူး ဘက်ခြမ်းကို ထွက်လာသည့် အချိန်၌ ကျင့်ကြံခြင်း အခြေခံ ခိုင်မာအောင် ပြုလုပ်ရန် ကုသိုလ်စွမ်းအား လုံလောက်အောင် စုဆောင်းဖို့ သွေးအပြစ် သင့်နေသည့် လူပေါင်းများစွာ ရှာရမည်ဟု စိတ်ကူး ထားခဲ့သည်။ ယခုကြည့်ရသည်မှာ ထိုလူများကို သတ်ပစ်ရန် မလိုတော့ပေ။

လင်းဟုန်ဖိန်း ခန္ဓာကိုယ်ထဲမှ နတ်ဆိုး ဝိညာဉ်ကို သတ်လိုက်ရုံဖြင့် ကုသိုလ်စွမ်းအား လုံလုံလောက်လောက် ရရှိသွားနိုင်သည်ဟု ခန့်မှန်း လိုက်သည်။

"ယွမ်ဟူ နယ်ပယ်အဆင့် (၁) ကုသိုလ် စွမ်းအားနဲ့ အခြေခိုင်အောင် ခပ်မြန်မြန် လုပ်ရမယ်။ ဒါဆိုရင် ခဏလေးအတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၄) ရောက်အောင် လုပ်ဖို့ ပြဿနာ ရှိမှာ မဟုတ်တော့ဘူး..."

ချင်ယန် စိတ် လှုပ်ရှားနေသည်။ သူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၄) သို့ ရောက်သွားသည်နှင့် အများကြီး တိုးတက်လာနိုင်သည်။ ထို့အပြင် နတ်ဆိုးထိန်း လက်စွပ်ကိုပါ ရလိုက်ပါက ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နတ်ဆိုးသားရဲ သုံးကောင်ကို ထိန်းချုပ်ရန် ပြဿနာ မရှိတော့ပေ။

အကယ်၍ ထိန်းချုပ်သော နတ်ဆိုးက ခွန်အား အားနည်းပါက အရေအတွက် ပိုများ နိုင်သေးသည်။

"နားညီးအောင် မလုပ်နဲ့..... အေး ဒီလို မဟုတ်ရင် မင်း သေမယ်.."

အလွန် အေးစက်သော အသံတစ်ခုက ချင်ယန် စိတ်ထဲတွင် ထွက်ပေါ်လာသည်။ ယခုလက်ရှိတွင် လင်းဟုန်ဖိန်း၏ အခြေအနေက အလွန် အရေးကြီးနေပြီး အပြည့်အဝ ထိန်းချုပ်ခံရရန် အချိန် သိပ်မလိုတော့ပေ။

"မင်း ကြောက်နေတာလား...."

"မင်း အိမ် သိမ်းပိုက်ကတည်းက သိပ်မှန်တာ မဟုတ်ဘူး။ သွေးအပြစ်တောင် ရှိနေတာဆိုတော့ သေဖို့ ပို ထိုက်တန်သွားပြီ...."

ချင်ယန်က လျှောင်ပြောင် ပြောဆိုပြီးနောက် ငွေအပ်ကို ထုတ်ယူပြီး လင်းဟုန်ဖိန်း၏ ခန္ဓာကိုယ်ထဲသို့ ရုတ်တရုတ် ထိုးစိုက်လိုက်သည်။ ထို့နောက် လင်းဟုန်ဖိန်း၏ မျက်လုံးကို တိုက်ရိုက် စိုက်ကြည့်လိုက်သည်။

"သေချင်နေတာပဲ.."

လင်းဟုန်ဖိန်း၏ ခန္ဓာကိုယ်ထဲတွင် ရှိနေသော နတ်ဆိုးဝိညာဉ်က အလွန် ပျော်သွားသည်။ လင်းဟုန်ဖိန်း မျက်လုံးထဲတွင် ဝဲကတော့ တစ်ခု ရှိနေပုံရပြီး ချင်ယန်၏စိတ်ကို လျင်မြန်စွာ စုပ်ယူသွားသည်။

"ကောင်လေး.. ဒီနတ်ဆိုးရှေ့မှာ အရမ်း သွေးပျက်နေပြီလား..... ဟားဟား. ဟားဟား...."

အသိစိတ် ပင်လယ်၏ နက်ရှိုင်းသော နေရာတွင် အရပ်ရှည်သော ရောမ ဘီလူးကြီးက ကျယ်လောင်စွာ

ရယ်မောလိုက်သည်။ ဒါသည် လင်းဟုန်ဖိန်း ခန္ဓာကိုယ်ထဲမှ နတ်ဆိုး ဝိညာဉ်ပင်....

နတ်ဆိုးဝိညာဉ်၏ အမြင်တွင် ချင်ယန်၏ ဝိညာဉ်ကို အသိစိတ် ပင်လယ်ထဲ ဆွဲထည့်ပြီးနောက် ကျိန်းသေပေါက် သတ်နိုင်လိမ့်မည်ဟု ထင်နေသည်။

ကြီးမြတ်သော မဟာသခင် တစ်ယောက်၏ အသိစိတ်က အသိစိတ် ပင်လယ်ထဲ ဝင်လာပြီးနောက် အများဆုံးမှ နှစ်မီတာ၊ သုံးမီတာခန့်သာ မြင့်မားနိုင်သည်။

"ကောင်လေး... ဘာပြောတာလဲ..."

ထိုစဉ် အသိစိတ် ပင်လယ် တစ်ခုလုံး တုန်ခါသွားသည်။ ကျန်း ရာဂဏာန်းမှ ဖြင့်မားသော ချင်ယန်၏ ဝိညာဉ်က လင်းဟုန်ကျန်း၏ အသိစိတ် ပင်လယ်ထဲတွင် ပေါ်လာသည်။

"မင်း.. မင်း.."

နတ်ဆိုးဝိညာဉ်က လုံးဝ သွေးပျက်နေသည်။ သာမန် ကြီးမြတ်သော မဟာသခင် တစ်ယောက်၏ အသိစိတ် ခန္တာကိုယ်က မည်မျှ အစွမ်းထက် နိုင်မည်နည်း......

နတ်ဆိုး၏ အမြင်တွင် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်၏ ဝိညာဉ်ပင် ဤမျှ အစွမ်း မထက်နိုင်ပေ။

"ထွက်လာစမ်း"

ချင်ယန်က ထိုနတ်ဆိုးနှင့် ပေါက်ကရ စကားများ ပြောဆိုရန် အလွန် ပျင်းရိနေသဖြင့် နတ်ဆိုးကို လက်ဝါးနှင့် ရိုက်ချလိုက်ရာ နတ်ဆိုးက သွေးရူးသွေးတန်း ထွက်ပြေးတော့သည်။

လက်ဝါးကြီးက မိုးကြိုး ပစ်လိုက်သည့်အလား အလွန် လျင်မြန်လွန်းသဖြင့် နတ်ဆိုးက လွတ်မြောက်အောင် မပြေးနိုင်ပေ။

ဘုန်း.....

လက်ဝါး ရိုက်ချက် တစ်ချက်တည်းနှင့် ဆယ်ကျန်းခန့် မြင့်မားသော နတ်ဆိုးဝိညာဉ်က ပျောက်ကွယ်သွားပြီး အလင်းစက်များ ထွက်ပေါ်လာကာ လင်းဟုန်ဖိန်း၏ အသိစိတ် ပင်လယ်နှင့် ပေါင်းစည်းသွားသည်။

"လင်းဟုန်ဖိန်း၊ ငါ့မှာ တောင်းဆိုစရာ အများကြီး ရှိတယ်.."

"မင်းက အနာဂါတ်မှာ အဆင့် (၇) ရောက်ဖို့ အခွင့်အလမ်း မနည်းဘူး.."

ချင်ယန်က စိတ်ထဲမှ ပြောလိုက်သည်။ ကျန်းရာပေါင်းများစွာ မြင့်မားသော လင်းဟွမ် ဝိညာဉ်က လင်းဟုန်ဖိန်း၏ အသိစိတ် ပင်လယ်မှ ထွက်သွားပြီး မျက်စိ တစ်မှိတ်အတွင်းမှာပင် လင်းဟွမ်၏ အသိစိတ်ထဲ ပြန် ရောက်သွားသည်။

"ကောင်းလိုက်တာ...."

ချင်ယန် မျက်နှာပေါ်တွင် အပြုံးတစ်ခု တွဲခိုနေသည်။ ကုသိုလ် စွမ်းအားများက သူ့ခန္ဓာကိုယ်ထဲ တိုးဝင်နေခဲ့ပြီ။

## အခန်း(၂၀၄) - နတ်ဆိုးထိန်း လက်စွပ် ရရှိခြင်း.

ခြံဝင်းထဲတွင်...

လင်းဟုန်ကျူးက အလွန် စိုးရိမ်ပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။

ယခုလေးတင် နတ်ဆိုး စွမ်းအားက လျှင်မြန်စွာ ကျဆင်းသွားသည်။ သို့သော် သူမ ထွက်လာသည်မှာ မည်မျှ ကြာသေးလို့လဲ.....။

ထိုအချိန်လေးအတွင်း ချင်ယန်က သူမသား၏ ပြဿနာကို ဖြေရှင်းနိုင်ပါ့မလား…”

“မြို့သခင်လင်း..၊ ဒီအဘိုးအိုကို မယုံဘဲ နေရာသေးသေးလေးက လာတဲ့ မဟာသခင်ကို သွားယုံတယ်။ မင်းရဲ့သားကို ခဏလေးနဲ့ ဖြေရှင်းပေးနိုင်ရင် တကယ် အံ့အောစရာပဲ….”

လုချမ်းခွန်၏ လေသံထဲတွင် ရွဲ့စောင်းမှုများ ပြည့်နှက်နေသည်။

ထိုအခါ နဂိုကတည်းက မျက်နှာပျက်နေသော လင်းဟုန်ကျူး၏ မျက်နှာက ပို၍ပင်

ပျက်ယွင်းသွားသည်။ ပြိုတော့မည့် မိုးကဲ့သို့ ငိုတော့မလို ဖြစ်သွားသည်။

"မြို့သခင်လင်း.... ငါက မသေချာဘဲနဲ့ စကား ပြောတတ်တဲ့ လူမဟုတ်ဘူး။ အခု ဒီနေရာမှာ မတော်တဆမှု ဖြစ်လာပြီ......။ မင်းသားရဲ့ အသက်အတွက် ဒီကောင့် အသက်ကို ပေးဆပ်သင့်တယ်လို့ ထင်တယ်..."

လုချမ်းခွန်က ဆက် ပြောလိုက်သည်။

လင်းဟုန်ကျူးက တံခါးအနားသို့ ရောက်သွားသော်လည်း တံခါးဖွင့်ချင်စိတ်ကို အတင်း ထိန်းချုပ် လိုက်သေးသည်။

ချောက်.....

ထိုစဉ် တံခါး ပွင့်လာသည်။

စက္ကန့်အနည်းငယ် ကြာသောအခါ ချင်ယန်က အေးအေးဆေးဆေး လမ်းလျှောက် ထွက်လာသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ လူတစ်ယောက် သတ်ပြီးတာတောင် တကယ် အံ့အောစရာ

ကောင်းတာပဲ။ တော်တော်လေး အတွေ့အကြုံများနေတဲ့ပုံပဲ…”

လုချမ်းခွန်က ရွှဲ့စောင်းပြီး ပြောလိုက်သည်။

လုချမ်းခွန်က ပစ္စည်း ရပြီးသည်နှင့် ချမ်ဂျူးကျွန်းဆွယ်မှ ထွက်သွားရန် စီစဉ်နေခြင်း ဖြစ်သည်။ သူက ဟောင်ယန်မြို့၏ ကံကောင်းမှုကို လိုချင်သော်လည်း ချင်ယန်က ဖျက်လိုဖျက်ဆီး ဝင်လုပ်သွားသည်။

“လူသေတယ်လို့ ဘယ်သူ ပြောတာလဲ..”

ချင်ယန်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

လင်းဟုန်ကျူးက အိမ်ထဲသို့ ချက်ချင်း ပြေးဝင်သွားသောအခါ သူမသား လင်းဟုန်ဖိန်းကို တွေ့လိုက်ရသည်။ လင်းဟုန်ဖိန်းက မနိုးသေးသော်လည်း အခြေအနေက တည်ငြိမ်နေပြီး မျက်နှာ အသားအရေ နီမြန်းနေကာ ယခင်ကကဲ့သို့ ပြင်းပြင်းထန်ထန် နာကျင်နေသော အမူအအရာမျိုး မရှိတော့ပေ။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဟုန်ဖိန်း.. ဒါက….."

လင်းဟုန်ကျူးက ပြောလိုက်သည်။

ချင်ယန်က ပြုံးလိုက်ပြီး.....

“မြို့သခင်လင်း၊ မြို့တော် သခင်လေးရဲ့ ခန္ဓာကိုယ်ထဲမှာ နတ်ဝိညာဉ် လုံးဝ မရှိတော့ဘူး။ အခုတော့ မြို့တော် သခင်လေးက နတ်ဝိညာဉ်ရဲ့ အရင်းအမြစ်တွေကို စုပ်ယူနေတယ်။ နှစ်ရက် သုံးရက် ဒါမှမဟုတ် လေးငါးရက်လောက် ကြာရင် ပြန်နိုး လာလိမ့်မယ်....”

လင်းဟုန်းကျူး၏ ရင်ဘက်ထဲကို ပျော်ရွှင်မှုက တိုးကာ ဝင်ရောက်သွားသဖြင့် ဝမ်းသာလုံး ဆို့သွားသည်။

သူမ၏ မျှော်လင့်ချက်တွင် ချင်ယန်က နတ်ဆိုးဝိညာဉ်ကို ချိတ်ပိတ် ပေးနိုင်ရုံသာ မျှော်လင့်ထားခြင်း ဖြစ်သည်။ ချင်ယန်က နတ်ဆိုးဝိညာဉ်ကို အပြည့်အဝ ဖယ်ရှား ပေးနိုင်မည်ဟု လုံးဝ မျှော်လင့်ထားခဲ့ပေ။

ထို့အပြင် လင်းဟုန်ဖိန်းက အပြည့်အဝ ကောင်းမွန် နေသေးသည်။

"မဖြစ်နိုင်ဘူး..."

လုချမ်းခွန်က မယုံကြည်နိုင်သော မျက်လုံးများနှင့် လင်းဟုန်ဖိန်းကို စိုက်ကြည့်နေသည်။ မကြာခင်ကမှ စစ်ဆေးခဲ့သဖြင့် လင်းဟုန်ဖိန်း၏ အခြေအနေက အလွန်ဆိုးရွားနေကြောင်း သူ သိနေသည်။ လုပ်ပေးနိုင်သည့် နည်းလမ်း မရှိပေ။

ချင်ယန်က နတ်ဆိုးဝိညာဉ်ကို ချိတ်ပိတ်နိုင်လိမ့်မည်ဟု ယုံကြည် ပေးနိုင်သော်လည်း

မယုံကြည်စရာ ကောင်းလောက်အောင် နတ်ဆိုး ဝိညာဉ်ကို အပြည့်အဝ ဖယ်ရှား ပစ်ခဲ့သည်။

"နေရာ သေးသေးလေးက လာတဲ့ လူတွေမှာလည်း နည်းလမ်း သေးသေးလေးတွေ ရှိတယ်လေ...။ ဒါကို မြို့ကြီးပြကြီးက ဆရာကြီးတွေ မသိတာ ပုံမှန်ပဲ....."

လုချမ်းခွန်၏ မျက်နှာက နီရဲနေသည်။

လင်းဟုန်ကျူးက လုချမ်းခွန်ကို စိုက်ကြည့်နေရင်း သူမ အကြည့်များက အေးစက်လာသည်။ ယခုအခါ လုချမ်းခွန်က တမင်သက်သက် လိမ်နေသည်ဟု

ချင်ယန် ပြောခဲ့သည့် စကားကို သူမ ယုံကြည်နေပြီ ဖြစ်သည်။

လင်းဟုန်ဖိန်း၏ ယခင် အခြေအနေက အတော်လေး ဆိုးဝါးနေသည်။ အကယ်၍ ချင်ယန်သာ မပေါ်လာပါက လုချမ်းခွန်၏ လှည့်စားမှုကို ခံရနိုင်သည်ဟု လင်းဟုန်ကျူးက ခန့်မှန်းလိုက်သည်။

"မဟာသခင်လု၊ အောင်မြင်တာပဲ ဖြစ်ဖြစ်၊ ကျရှုံးတာပဲ ဖြစ်ဖြစ်၊ ငါတို့ ဟောင်ယန်မြို့က အကျိုးအမြတ် ပေးမယ်လို့ အရင်က ပြောခဲ့ဖူးတယ်။

မဟာသခင်လုက ငါတို့ ဟောင်ယန်မြို့မှာ နောက်ထပ် နှစ်ရက်လောက် ဆက်နေမယ်ဆိုရင် မဟာသခင်လု အတွက် အထူး အကျိုးအမြတ် တချို့ ရှိပါတယ်”

လုချမ်းခွန်က အနည်းငယ် မျက်နှာ ပျက်သွား၏။

“မဟုတ်ဘူး.... လင်းဟုန်ဖိန်းက သက်သာနေပြီ ဆိုမှတော့ ဒီအဘိုးကြီးကို ကျေးဇူးဆပ်စရာ မလိုတော့ပါဘူး...”

“နှုတ်ဆက်ပါတယ်..”

လုချမ်းခွန်က ဒယ်အိုးဖင် ကဲ့သို့ မည်းမှောင်နေသော မျက်နှာနှင့် လျင်မြန်စွာ ထွက်ခွာသွားသည်။

လင်းဟုန်ကျူးက မည်သူ့ကိုမှ တားခွင့် မပေးလိုက်ပေ။ လုချမ်းခွန်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်နေသေးသလို သက်သေကလည်း မရှိသေးပေ။ လုချမ်းခွန်ထံတွင် ပြဿနာ ရှိနေလျှင်ပင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှုအဖွဲ့၏ အမြင်ကိုလည်း ထည့်သွင်း စဉ်းစားရန် လိုအပ် နေသေးသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဟုန်ဖိန်းကို ကယ်ပေးတဲ့အတွက် အရမ်း ကျေးဇူးတင်ပါတယ်..."

"ငါတို့ ယောင်ယန်မြို့က ပေးထားတဲ့ ကတိကို လုံးဝ မလျှော့ပါဘူး..."

လင်းဟုန်ကျူးက စကားပြောနေရင်း တံခါး ပိတ်လိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် သူမ၏ သိုလှောင် ရတနာထဲမှ ပစ္စည်းများကို လျင်မြန်စွာ ထုတ်ယူလိုက်သည်။

ပစ္စည်း အမျိုးအစား များစွာ ပါဝင်သည်။

နောက်ဆုံးတွင် လင်းဟုန်ကျူးက သို့လျှောင် လက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်ပြီး......

"ကြီးမြတ်သော မဟာသခင်ချင်. ဒီထဲမှာ ဟုန်ဖိန်း ရလာခဲ့တဲ့ ပစ္စည်းတွေ အားလုံး ထည့်ထားတယ်။ ငါတို့ ဟောင်ယန်မြို့ရဲ့ ဂုဏ်သိက္ခာနဲ့ တိုင်တည်ပြီး ဘာမှ မလျှို့ဝှက်ထားဘူး ဆိုတာ အာမခံပါတယ်။ ဒီသိုလှောင် လက်စွပ်က နတ်ဆိုး အလောင်းဆီက ရခဲ့တဲ့ လက်စွပ်ပါ။ အထဲက နေရာလွတ်က တော်တော်လေး

ကျယ်ပါတယ်။ အဲ့အထဲမှာ တန်ဖိုးအရှိဆုံး အရာက ဒီတစ်ခု ဖြစ်နိုင်တယ်…”

“ပြီးတော့ ဓါးအဆင့် (၇) ရတနာ၊ နတ်ဆိုး ခေါင်းဆောင်ရဲ့ ဓါးပါ။ အဲ့အပေါ်မှာ နတ်ဆိုး ခေါင်းဆောင်ရဲ့ အမှတ်အသား ရှိနေတုန်းပဲ. အသုံးမပြုခင် ကျန်ခဲ့တဲ့ အမှတ်အသားကို ဖျက်လိုက်ဖို့ပဲ လိုပါတယ်…..”

လင်းဟုန်ကျူးက အလွန် အဖိုးတန်သော ရတနာများ အကြောင်းကို မိတ်ဆက် ပေးနေသည်။

“ဒါက ဘာလဲ…”

ရတနာများစွာ ရှိနေသည့်အထဲမှ ချင်ယန်က ထူးခြားခြင်း မရှိသည့် သာမန် ကြေးလက်စွပ် တစ်ကွင်းကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

"ဒါတော့ ငါလည်း သေသေချာချာ မသိဘူး။ ပစ္စည်းကောင်း ဟုတ်မဟုတ် ဆိုတာတော့ ပြောပြဖို့ တော်တော်လေး ခက်တယ်..."

လင်းဟုန်ကျူးက ပြောလိုက်သည်။

"ဒါပဲ ယူလိုက်မယ်..."

ချင်ယန်က ရှေးဟောင်း ကြေးလက်စွပ်ကို ကောက်ယူလိုက်သည်။

လင်းဟုန်ကျူးက မမျှော်လင့်ထားသဖြင့် ချင်ယန်ကို အံ့အားသင့်နေသော အမူအရာနှင့် ကြည့်လိုက်သည်။ ဤမျှ အချိန်တိုလေး အတွင်းမှာ ဒီရတနာက ကြီးမြတ်သော ပစ္စည်းတစ်ခု ဖြစ်ကြောင်း ချင်ယန်က အကဲဖြတ် နိုင်လိမ့်မည်ဟု လင်းဟုန်ကျူးက မယုံကြည်ပေ။

သူမက ချင်ယန်ကို အမှန်တကယ် ကျေးဇူး တင်နေသဖြင့် ပစ္စည်းကောင်း အားလုံးကို မိတ်ဆက်

ပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် ချင်ယန်က တစ်ခုမှ မရွေးချယ်ခဲ့ပေ။

ချင်ယန်၏ အမြင်တွင် ဓါးများနှင့် အခြား ရတနာများက ကြေးလက်စွပ် တန်ဖိုး၏ ဆယ်ပုံ၊ တစ်ပုံမျှပင် တန်ဖိုး မရှိချေ။

ချင်ယန်က တစ်ချက်ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး လေသံနှင့်....

“ဒါက နတ်ဆိုးဘုရင်နဲ့ မဆိုင်ဘူး။ ဒီပစ္စည်းကို နတ်ဆိုးဘုရင် အပျက်အစီး တစ်နေရာက

ရှာတွေ့ခဲ့တာ ဖြစ်သင့်တယ်။ ပစ္စည်းကောင်းလေး ဖြစ်နိုင်တယ်....”

လင်းဟုန်ကျူးက ကြမ်းပြင်ပေါ်မှ ပစ္စည်းများကို ကြည့်လိုက်ပြီး....

“ကြီးမြတ်သော မဟာသခင်ချင်၊ မင်း ရွေးတဲ့ ပစ္စည်းက သာမန် ဖြစ်လွန်းတယ်။ ရှေးဟောင်း ပစ္စည်းတိုင်း ကောင်းတာ မဟုတ်ပါဘူး။ ရှေးခေတ်က တချို့ ပန်းပဲဆရာတွေက ပစ္စည်းတချို့ကို အထူး ပြုလုပ်တတ်တယ်။ အတွေ့အထိက

အရမ်းကောင်းချင် ကောင်းဘနေလိမ့်မယ်။ လက်တွေ့မှာတော့ တော်တော်လေး အသုံးမဝင်ဘူး”

“ဒီလို လုပ်ရအောင် ကြီးမြတ်သော မဟာသခင်ချင်၊ နောက်ထပ် ပစ္စည်းတစ်ခု ထပ်ရွေးလိုက်လေ…”

လင်းဟုန်ကျူး၏ လေသံက ရိုးသားနေသည်။ အကယ်၍ ချင်ယန်သာ မကူညီခဲ့လျှင် သူမသား သေဆုံးသွားနိုင်သည်ကို ကောင်းကောင်း သိနေသည်။

“မလိုဘူး..”

ချင်ယန်က ခေါင်းခါလိုက်ပြီး...

"တစ်ခုပဲ ယူတာ ကောင်းပါတယ်.."

ထို ရတနာများက ပစ္စည်းကောင်းများ ဖြစ်သော်လည်း ချင်ယန်တွင် ကိုယ်ပိုင်မှုများ ရှိသည်။

ထိုအပြင် ရတနာ အားလုံးထဲတွင် နတ်ဆိုးထိန်း လက်စွပ်က အကောင်းဆုံး ဖြစ်နေသည်။

နှစ်ပေါင်းများစွာ တိုက်စားထားသည့် တိုင်အောင် ထိုနတ်ဆိုးထိန်း လက်စွပ်က ယခုချိန်အထိ အဆင့် (၇) အထွတ်အထိပ် ရတနာ ဖြစ်နေသေးသည်။

သူ့ခွန်အား တိုးမြင့်လာသည့် အခါကျမှ နတ်ဆိုးထိန်း လက်စွပ်ကို အဆင့် (၈) ပစ္စည်းဖြစ်အောင် ပြန်ပြင်နိုင်မည့် နည်းလမ်းကို စဉ်းစားတော့မည်။

သိုလှောင် လက်စွပ်နှင့် ဓါးများက အဆင့် (၇) ရတနာများ ဖြစ်သော်လည်း နတ်ဆိုးထိန်း လက်စွပ်ထက် နိမ့်ကျ နေသေးသည်။

ထို့အပြင် ယခုလက်ရှိတွင် ချင်ယန်၏ သိုလှောင် လက်စွပ်ကလည်း လုံလောက် နေသေးသည်။

ဓါးကမူ အပေါ်တွင် နတ်ဆိုး အမှတ်အသား ရှိနေသည်။ အဆင့် (၆) ရတနာပေါ်မှ

အမှတ်အသားကို ချေဖျက်ရန် အချိန်အများကြီး ပေးရလိမ့်မည်။ ချင်ယန်က ထိုခါးကို ရလျှင်ပင် ခဏလေးအတွင်း အသုံး မပြုနိုင်ပေ။

နတ်ဆိုးထိန်း လက်စွပ်ကမူ အဆင့် ပိုမြင့်ပြီး ယခင်က ထိန်းချုပ်သူတစ်ယောက် ရှိခဲ့မည် ဖြစ်သော်လည်း အချိန်ကာလ အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် ၎င်း၏ မူလ အမှတ်အသားက ပျောက်ကွယ် သွားခဲ့ပြီ။

ချင်ယန်က နတ်ဆိုးထိန်း လက်စွပ်ကို မည်ကဲ့သို့ အသုံးပြုရမှန်း သိနေသဖြင့် လက်စွပ်၏ သခင်အဖြစ်

အသိအမှတ်ပြု ခံရရန် အချိန် အနည်းငယ်သာ လိုအပ်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ငါတော့ အမြဲတမ်း အားနာ နေရတော့မယ်.."

လင်းဟုန်ကျူးက သက်ပြင်းချပြီး ပြောလိုက်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ငါတို့ ဟောင်ယန်မြို့က အသုံးဝင်တဲ့ နေရာ ရှိတယ်ဆိုရင် ပြောလို့ ရတယ်..."

ချင်ယန်က တစ်ချက်ပြုံးပြီး ခေါင်းညိတ်လိုက်ကာ.....

"အမှန်ပဲ။ ချမ်ဂျူး အကယ်ဒမီ မြို့တံခါးမှာ ငါ့ကိုသတ်ဖို့ စောင့်နေတဲ့ ရန်သူ ရှိတယ်။ မြို့သခင်လင်းက ငါနဲ့ ငါ့အိမ်ဖော်တွေကို ကာကွယ်ပေးပြီး ချမ်ဂျူးမြို့ကို လိုက်ပို့ပေးနိုင်မလား..."

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်း ရန်သူက ဘယ်သူလဲ မသိဘူးနော်.... ငါတို့ ဟောင်ယန်မြို့ရဲ့ အင်အားကလည်း မသေးပါဘူး။ ကြီးမြတ်သော

မဟာသခင်ချင်ကသာ ရန်သူကို ပြောပြပေးနိုင်ရင် ငါက ကြီးမြတ်သော မဟာသခင်ချင် အတွက် ကူညီပြီး ရန်သူကို ဖြေရှင်း ပေးနိုင်တယ်....”

“ဟားဟား.... မလုပ်ပါနဲ့.... ငါ့ကိစ္စကို ငါ့ဘာသာငါပဲ လုပ်ပါ့မယ်...”

ချင်ယန်က ပါးပါးလေး ပြုံးပြီး ပြန်ပြောလိုက်သည်။

ချင်ယန်က လင်းဟုန်ကျူးကို အားကိုးနိုင်ကြောင်း သိသော်လည်း တန်ထင် အင်ပါယာနှင့် မီးနဂါး

အင်ပါယာ ကိစ္စမျှဖြင့် လင်းဟုန်ကျူးကို ပြောပြနေစရာ မလိုသေးပေ။

လင်းဟုန်ကျူးနှင့် တန်ထန်အင်ပါယာ သို့မဟုတ် မီးနဂါ အင်ပါယာနှင့် ကောင်းမွန်သော ဆက်ဆံရေး ရှိနေမလား ဆိုသည်ကို မည်သူက သိနိုင်မည်နည်း.... ကောင်းကင်ကသာ သိလိမ့်မည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ တကယ်လို့ အလျှင်မလိုဘူး ဆိုရင် ငါတို့ ဟောင်ယန်မြို့မှာ ရက်ပိုင်းလောက် ထပ်နေပါမလား....။ ဒါမှလည်း

ငါက အိမ်ရှင်တစ်ယောက် အနေနဲ့ အကောင်းဆုံး ဧည့်ခံနိုင်မှာ.....”

ချင်ယန်က လင်းဟုန်ကျူးကို လှမ်းကြည့်လိုက်ရာ လင်းဟုန်ကျူးက အနည်းငယ် စိုးရိမ် နေပုံရသည်။

‘ငါသား လင်ဟုန်ဖိန်း အိပ်ပျော်နေသေးတယ်။ မနိုးသေးဘူး....။ အမြဲတမ်း ကိုမာဝင်သွားရင် ဘယ်လို လုပ်မလဲ....’

“ကောင်းပြီလေ...”

ချင်ယန်က လက်ခံလိုက်သည်။

လင်းဟုန်ကျူးက အကျိုးအမြတ်များ ပေးထားပြီး အလွန်ကောင်းမွန် နေခဲ့ပြီ ဖြစ်သည်။ သူ့ကို ရက်ပိုင်းခန့် ဆက်နေ စေချင်သည်မှာလည်း လူ့သဘာဝသာ ဖြစ်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ငါ့ဆီမှာ အမြဲတမ်း လူမနေတဲ့ အိမ်တော်တစ်ခု ရှိတယ်။ အဲ့အိမ်တော်ကို ကြီးမြတ်သော မဟာသခင်ချင်ကို ပေးလိုက်မယ်။ ဒါတော့ မငြင်းပါနဲ့။ ငါ့မှာ နည်းနည်းလေး တစ်ကိုယ်ကောင်း ဆန်တဲ့စိတ် ရှိနေတာ နားလည်ပေးပါ။ နောက်ပိုင်းမှာလည်း

ကြီးမြတ်သော မဟာသခင်ချင်က ဟောင်ယန်မြို့မှာ မကြာခဏ လာနေဖို့ မျှော်လင့်ပါတယ်....”

လင်းဟုန်ကျူး၏ လေသံက အလွန် ရိုးသားနေသည်။

ချင်ယန်က ခေါင်းညိတ်လိုက်သည်။ သူကလည်း ဒီနေရာတွင် ရက်ပိုင်းခန့် ဆက်နေအုံးမည် ဖြစ်သဖြင့် နေစရာအိမ် လိုအပ် နေသေးသည်။ လင်းဟုန်ကျူးကို ကူညီထားသဖြင့် သူမထံမှ အိမ်ယူခြင်းက ပြဿနာ မရှိပေ။

ဟောင်ယန်မြို့၏ အိမ်စျေးက ရှန်ကျင့်မြို့ (တန်ထန် အင်ပါယာမြို့တော်) ၏ အိမ်စျေးထက် အများကြီး ပိုကြီးသော်လည်း ချမ်ဂျူးမြို့ အိမ်စျေးနှင့် အလှမ်းဝေး နေသေးသည်။

"မြို့သခင်လင်း... မင်းရဲ့သားက ပြဿနာ မရှိတော့ပါဘူး။ တကယ်လို့ တစ်ခုခု ဖြစ်ခဲ့ရင် လူလွှတ်ပြီး အချိန်မရွေး ဆက်သွယ်လို့ ရပါတယ်..."

"ကောင်းပါပြီ... အရမ်း ကျေးဇူးတင်ပါတယ် မဟာသခင်ချင်...."

လင်းဟုန်ကျူးက စိတ်လှုပ်ရှား တက်ကြွလာပြီး....

"ကြီးမြတ်သော မဟာသခင်ချင်၊ အိမ်တော်မှာ ညစာ စားပွဲ ပြင်လိုက်မယ်။ ငါ့ကို ကူညီလို့ ကြီးမြတ်သော မဟာသခင်ကို ကျေးဇူးတင်တဲ့ အထိန်းအမှတ်ပေါ့..."

ချင်ယန်က ခေါင်းခါလိုက်ပြီး....

"စိတ်မပူပါနဲ့.. မြို့တော် သခင်လေး နိုးလာတဲ့အထိ စောင့်ပေးပါ့မယ်.."

ယခုလက်တွင် ချင်ယန်က ကုသိုလ် စွမ်းအားများ ရရှိထားသဖြင့် အမြန် ပြန်ပြေးပြီး ကျင့်ကြံခြင်း အခြေခိုင်အောင် လုပ်ချင်နေသည်။ ထို့နောက် မြန်မြန်ဆန်ဆန် အဆင့်တက်မည်။

ထို့အပြင် နတ်ဆိုးထိန်း လက်စွပ်၏ အသိအမှတ်ပြုမှုကို ရယူပြီး သခင်အဖြစ် မှတ်မိနေစေရန် အချိန်ယူ ရအုံးမည်။

## အခန်း(၂၀၅) – သတင်း ပေါက်ကြားသွားခြင်း..

"ယန်အာ.. ဘာတွေ ဖြစ်နေတာလဲ.."

ရှီယန်က ချင်ယန်ကို တအံ့တအော စိုက်ကြည့်နေသည်။

ယခုအခါ ချင်ယန်တို့အဖွဲ့က ကြီးမားသော အိမ်တော်ထဲ ရောက်ရှိ နေကြသည်။ ဒါက လင်းဟုန်ကျူးက ချင်ယန်ကို ပေးလိုက်သည့် အိမ်တော် ဖြစ်သည်။

ချင်ယန်သည် ထိုနေရာကို ရောက်သည့်အချိန်မှ အမှား လုပ်မိသွားကြောင်း သိလိုက်သည်။ လင်းဟုန်ကျူး ပေးလိုက်သော အိမ်က သူခန့်မှန်းထားသည်ထက် အဆပေါင်း များစွာ ပိုကြီးမားပြီး ပိုက်ဆံ အမြောက်အများ ထိုက်တန်နေသည်။

အိမ်တော်ကြီးက ဧရိယာ စတုန်ရန်း မီတာ သောင်းနှင့်ချီ ကျယ်ဝန်းပြီး အလွန် ကောင်းမွန်သော နေရာတွင် တည်ရှိသဖြင့် ရွှေတုံး (၁၀) သန်းကျော် တန်ဖိုးရှိမည်ဟု ခန့်မှန်းရသည်။

ချမ်ဂျူး ဘက်ခြမ်းတွင် ရွှေတုံးများက ပင်မငွေကြေး ဖြစ်ပြီး ရွှေတုံးတစ်သန်းက ငွေတုံး ကုဋေတစ်ရာနှင့် တန်ဖိုးခြင်း တူညီသည်။

ချင်ယန်က ပြုံးလိုက်ပြီး......

"ဟောင်ယန်မြို့ သခင်ကို နည်းနည်းလောက် ကူညီ ပေးခဲ့တော့ ဒီအိမ်ကို မြို့သခင်က ပြန်ပေးခဲ့တာပါ။ ဒါပေမဲ့ ဒီအိမ်က သား မျှော်လင့်ထားတာထက် အများကြီး ပိုကြီးနေတယ်။ အခုတော့ ဒီမှာပဲ နေရအောင်...။ ဘာပဲဖြစ်ဖြစ် အချိန်တန်ရင် ချမ်ဂျူးမြို့ကို သွားမှာပဲ..."

“အမေ၊ ဒီမှာ ရက်ပိုင်းလောက် နေအုံးမယ်။ ကိုယ့်ကိုယ် မဖော်ထုတ်မိအောင်နဲ့ အထောက်အထား မပေါက်ကြားအောင် သတိထားပါ..”

ရှီယန်နှင့် အခြားလူများက ခေါင်းညိတ်လိုက်ကြသည်။

ချင်ယန်က ရှီယန်နှင့် အခြားလူများကို စကားအများကြီး ထပ်မပြောတော့ဘဲ လေ့ကျင့်ရေးအခန်းထဲ အမြန် ဝင်သွားသည်။

“ကောင်းလိုက်တာ....”

ချင်ယန်က ယခုလက်ရှိ သူ၏ ကျင့်ကြံခြင်း အဆင့်ကို အခြေခိုင်စေရန် ကုသိုလ် စွမ်းအားများအား လျှင်မြန်စွာ အသုံးပြု လိုက်သည်။ သူက ယွမ်ဟူနယ်ပယ် ရောက်လာသည်မှာ အချိန်သိပ် မကြာသေးပေ။ ပုံမှန်အားဖြင့် ဆိုလျှင် ကျင့်ကြံခြင်းအဆင့် အခြေ ခိုင်စေရန် အချိန် အတော်ကြာအောင် အချိန် ယူရလိမ့်မည်။

သို့သော် ကုသိုလ် စွမ်းအားများ အသုံး ပြုလိုက်သောအခါ နာရီအနည်းငယ် ကြာပြီးနောက်

ကျင့်ကြံခြင်း အခြေခံကို အပြည့်အဝ စုစည်းနိုင်ခဲ့ကြောင်း တွေ့လိုက်ရသည်။

"ဒီရက်ပိုင်း အတွင်း ယွမ်ဟူနယ်ပယ် အဆင့် (၄) ရောက်အောင် အမြန် တက်ရမယ်..."

"အချိန်တန်ရင် ယွမ်ဟိုင် နယ်ပယ် နတ်ဆိုးသားရဲ အနည်းငယ် ရှာပြီး ထိန်းချုပ်ရမယ်..."

သူ ပြန်လည် မမွေးဖွားခင် အချိန်က အဆင့်အတန်းနှင့် နှိုင်းယှဉ်လျှင် ထိုကျင့်ကြံခြင်း အဆင့်က ဘာမှ မဟုတ်သေးသော်လည်း ချင်ယန်က စိတ်လှုပ်ရှား နေသည်။ ယခုမူ

ကျင့်ကြံခြင်းအဆင့်က တိုးတက်မှု အဆပေါင်း များစွာ ပိုမို မြန်ဆန်နေပြီး ယခင်ဘဝက ယခုလက်ရှိ ဘဝနှင့် နှိုင်းယှဉ်၍ မရပေ။

မျက်စိ တမှိတ်အတွင်း နှစ်ရက်ကုန်သွားပြီး ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၃) သို့ ရောက်ရှိသွားသည်။

ချင်ယန်က လေ့ကျင့်နေရင်း နတ်ဆိုးထိန်း လက်စွပ်၏ သခင်အဖြစ် အသိအမှတ် ပြုစေရန် ကြိုးစား နေသေးသည်။ တိုးတက်မှုက တော်တော်လေး ကောင်းမွန်နေသည်။

.......

ချမ်ဂျူးမြို့နှင့် ကီလိုမီတာ တစ်ထောင် ကွာဝေးသော နေရာတွင် လျှင်မြန်စွာ ပျံ့သန်းနေသော တိမ်တိုက်တစ်ခု ရှိနေပြီး ထိုတိမ်တိုက်ပေါ်တွင် လုချမ်းခွန် ရှိနေသည်။

"နှစ်ရက် ရှိပြီ...."

"ဟောင်ယန်မြို့က ငါ့ကို ဒုက္ခပေးချင်ရင်တောင် မဖြစ်နိုင်တော့ဘူး.."

"ဒီအဘိုးကြီးကို အကျိုးအမြတ် မပေးချင်မှတော့ ဒီအဘိုးကြီးကို အပြစ်မတင်နဲ့။ ပျော်ကြပါစေ...."

လုချမ်းခွန်က သူ့ကိုယ်သူ သဘောကျနေသော ပုံစံနှင့် ရယ်မောလိုက်သည်။ ချမ်ဂျူးမြို့က ထွက်လာသည့် အချိန်တွင် အားနည်းသော တန်ခိုးရှင်ကို အချို့ကို စိတ်ညှို့ ထားခဲ့သဖြင့် နှစ်ရက်ကြာသောအခါ သူခိုင်းထားသည့် ကိစ္စကို လုပ်ဆောင် ကြလိမ့်မည်။

ချမ်ဂျူးမြို့၊ အဆင့်တန်းမြင့် စားသောက်ဆိုင် တစ်ခုရှေ့တွင်....

အသက်နှစ်ဆယ်ကျော် လူငယ်လေး တစ်ယောက်က ရပ်တန့်လိုက်သည်။ ရုတ်တရတ် သဆို သူက အော်ဟစ်လိုက်ပြီး....

"နားထောင်ကြပါ။ ဟောင်ယန်မြို့ရဲ့ မြို့တော် သခင်လေး ခန္ဓာကိုယ်ထဲကို ရှေးဟောင်း ဝိညာဉ်တစ်ခု ဝင်သွားပါတယ်။ အဲ့ ဝိညာဉ်က အိမ်သိမ်းပိုက်မှု လုပ်နိုင်တော့ ဓမ္မကလေးငယ် အဆင့် ရှိနေတယ်။ ပြီးတော့ မြို့တော် သခင်လေးက အပျက်အစီး နေရာက ပြန်လာတဲ့ အချိန်မှာ ရတနာ အများကြီး ရလာတယ်..."

စားသောက်ဆိုင်ထဲတွင် စားသောက်သူ အများကြီး ရှိနေသည်။ အများစုက သြဇာ ကြီးမားသော မိသားစုမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ လူငယ်လေးက ရုတ်တရုတ် အော်ပြောလိုက်သဖြင့် သူ့စကားကို လူတိုင်းကြား သွားကြသည်။

“မင်း ဘာပြောလိုက်တာလဲ..’

လူတစ်ယောက်က လူငယ်လေး အနားကို ရုတ်တရုတ် ရောက်လာပြီး မေးလိုက်သည်။

ထိုလူငယ်လေးက အူကြောင်ကြောင် အမူအရာနှင့်....

"ငါ့ အရှင် ငါဘာမှ မပြောခဲ့ပါဘူး..။ ဘာပြောခဲ့လို့လဲ..."

သူ့ဘေးနားမှ လူတစ်ယောက်က....

"တစ်ယောက်ယောက်က သူ့ကို စိတ်ညှို့ပြီး ဒီနေရာမှာ လာပြောခိုင်း လိုက်တာပဲ....."

"ဟောင်ယန်မြို့က အပျက်အစီးထဲကနေ ဓမ္မကလေးငယ် အဆင့် ရတနာတွေ တကယ် ရလာခဲ့တာလား..."

"ဒီလိုပဲ ဖြစ်မှာပေါ့ ။ ဘယ်သူက အားအားယားယား လျှောက်ခိုင်းမှာလဲ..."

ပတ်ဝန်းကျင်ရှိ လူတိုင်း၏ မျက်လုံးများက လောဘစိတ်ကြောင့် တလက်လက် တောက်ပနေသည်။

တစ်ချိန်တည်းမှာပင် အခြားနေရာ သုံးခုတွင်လည်း အလားတူ ဖြစ်ရပ်များ ဖြစ်ပျက်နေသည်။ အတူတူ အော်ဟစ် ခဲ့ကြသည်။ အော်ပြောပြီးနောက် သူတို့ ပြောခဲ့သည့် စကားများကို မမှတ်မိကြပေ။

အောင်ပြောခဲ့သည့် နေရာတိုင်းက လူအများကြီး ရှိနေသော နေရာများ ဖြစ်နေသဖြင့် ထိုသတင်းက လျင်မြန်စွာ ပျံ့နှံ့သွားသည်။

....

“မြို့သခင် မကောင်းတော့ဘူး..”

ချမ်ဂျူးမြို့တွင်လည်း ဟောင်ယန်မြို့မှ တန်ခိုးရှင်များ ရှိနေပြီး တန်ခိုးရှင်အချို့က ထိုသတင်းကို ကြားသည်နှင့် ဟောင်ယန်မြို့သို့ အမြန် ပြန်လာခဲ့ကြသည်။

ကီလိုမီတာ သုံးထောင်ကျော်ကို နာရီအနည်းငယ် အတွင်း ရောက်ရှိနိုင်သည်။

"ဘာတွေ ဖြစ်နေတာလဲ...."

လင်းဟုန်ကျူးက စိတ် အခြေအနေ ကောင်းမွန်နေသဖြင့် သူမ မျက်နှာပေါ်တွင် အပြုံးရှိနေကာ ပေါ့ပေါ့ပါးပါး ပြန် မေးလိုက်သည်။

လင်းဟုန်ဖိန်းက မထနိုင် သေးသော်လည်း အခြေအနေ ကောင်းမွန်နေသည်။ လင်းဟုန်ကျူးက သူမကိုယ်တိုင် မသုံးသပ် နိုင်သော်လည်း

ပြန်နိုးလာရန် အချိန် သိပ် မကြာလောက်ဘူးဟု ခန့်မှန်းထားသည်။

"မြို့သခင်။ ငါတို့ ဓမ္မကလေးငယ်ရဲ့ ရတနာကို ရပြီးတော့ အပျက်အစီးနေရာ ရှာတွေ့ခဲ့တဲ့ အကြောင်းကို ချမ်ဂျူးမြို့က သိသွားပြီ…။ သတင်းတွေလည်း အရမ်း ပျံ့နေတယ်…"

"သာမန် လူလေးယောက်ကို စိတ်ညို့ပြီး ဒီအကြောင်းကို ပြောခိုင်းခဲ့တာ…"

ရုတ်တရုတ် ဆိုသလို ထိုတန်ခိုးရှင် ပြောပြီးနောက် လင်းဟုန်ကျူး၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုးလာသည်။

"လုချမ်းခွန်............ "

"ဒီအဘွားကြီးက မင်းကို အလွတ်မပေးဘူး..."

လင်းဟုန်ကျူးက ဒေါသ ပေါက်ကွဲသွားသည်။

ဒီကိစ္စက လုချမ်းခွန် လက်ချက်ဆိုသည်ကို လင်းဟုန်ကျူးက တစ်ရာ ရာခိုင်နှုန်း သေချာနေသည်။

လုချမ်းခွန် မထွက်သွားခင်က ဒီအကြောင်းကို အမှန်တကယ် စဉ်းခဲ့မိသည်။ သို့သော် လုချမ်းခွန်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်နေသဖြင့် သူမက ထာဝရ တားနိုင်မည်လော...

ထိုသတင်း ပေါက်ကြားမှုကြောင့် လုချမ်းခွန် အတွက် မည်သည့် ကောင်းကျိုးမှ မရှိဘဲ ဟောင်ယန်မြို့ကို ထိခိုက်ရုံသာ ရှိသည်။ ထို့ကြောင့် လုချမ်းခွန်က ထုတ်မပြော လောက်ပါဘူးဟု သူမ တွေးထားခဲ့သည်။

မမျှော်လင့်စွာဖြင့် လုချမ်းခွန်က တော်တော်လေး အကျင့်ယုတ်နေသည်။

စိတ်ညို့ပြီး လူအများ ကြားအောင် အော်ခိုင်းခဲ့သည်။ ဟောင်ယန်မြို့ကို မကြာခင် တန်ခိုးရှင်များ ရောက်လာတော့မည့် အကြောင်းကို စကားထဲ ထည့်ပြောစရာ မလိုတော့ပေ။

ထိုအမွေအနှစ် နေရာက ခမ္မကလေးငယ်အဆင့် တန်ခိုးရှင် ရှိနေခဲ့သဖြင့် တန်ခိုးရှင်များ အတွက် အများကြီး အကျိုး ရှိနေသည်။ ဟောင်ယန်မြို့က အများကြီး တိုးတက်သွားရမည် ဖြစ်သည်။

ယခုအခါ အမွေအနှစ် နေရာ၏ တည်နေရာကို ဖော်ထုတ် ရတော့မည်။

လင်းဟုန်ဖိန်းတို့က စူးစမ်း လေ့လာခဲ့သော်လည်း အမွေအနှစ် နေရာ၏ အစိတ်အပိုင်း အချို့ကိုသာ လေ့လာ ရသေးသည်။ သို့တိုင်အောင် ဒီ အမွေအနှစ် နေရာက အကျိုးရှိကြောင်း သိလာခဲ့ရသည်။

"လုချမ်းခွန် ဘယ်သွားလဲဆိုတာ ချက်ချင်း လိုက်ရှာစမ်း..."

"မြို့သခင် စုံစမ်း ပြီးပါပြီ...."

“ချမ်ဂျူးမြို့က ထွက်သွားပြီ..”

လင်းဟုန်ကျူး၏ မျက်နှာ အမူအရာက ရုပ်ဆိုးနေသည်။ သတင်း ပေါက်ကြားသွားသည့် အချိန်တွင် လုချမ်းခွန်က အဝေးရောက်နေပြီ ဖြစ်နိုင်သည်။ သူ့ကို သတ်ချင်လျှင်ပင် လိုက်သတ်ခိုင်းရန် ခက်လိမ့်မည်။

“သိဒ္ဓိအလင်း အိမ်တော်ကို အမြန်သွားပြီး ကြီးမြတ်သော မဟာသခင်ချင်ကို ဒီသတင်း ပြောပြလိုက်..”

“ဟုတ်ကဲ့ မြို့သခင်....”

သိဒ္ဓိအလင်း အိမ်တော်ဆိုသည်မှာ ချင်ယန်တို့ နေထိုင်နေသော အိမ်တော်ကြီး ဖြစ်သည်။ ချင်ယန်တို့အဖွဲ့က ထိုသတင်း ရရှိရန် အချိန် သိပ် မကြာလိုက်ပေ။

“သခင်လေး၊ ဒီအခြေအနေ အတိုင်းဆိုရင် မြို့သခင်က ငါတို့ကို လိုက်ပို့ပေးဖို့ မလွယ်လောက် တော့ဘူး။ ဟောင်ယန်မြို့ အကျိုးအမြတ် ရခဲ့တဲ့ အကြောင်းကို လူတစ်ယောက်က သာမန်လူတွေကို စိတ်ညှို့ပြီး ချမ်းဂျူးမြို့မှာ အောင်ခိုင်းခဲ့တာဆိုတော့ အချိန် သိပ်ကြာမှာ မဟုတ်တော့ဘူး။

မေလလောက်ဆိုရင် ချမ်ဂျူးမြို့က တန်ခိုးရှင်တွေ အများကြီး ရောက်လာလိမ့်မယ်..”

ရှန်းယုလင်းက ချင်ယန် လေ့ကျင့်နေသည့် လျှို့ဝှက်အခန်းထဲ ရောက်လာပြီး ပြောလိုက်သည်။

“လုချမ်းခွန်၊ ဒီ လူယုတ်မာ...”

ချင်ယန်က တော်တော်လေး မျက်မှောင်ကြုတ်နေသည်။ ဟောင်ယန်မြို့က အကျိုးအမြတ် အများကြီး ရနေခြင်း ဖြစ်သည်။ အချိန်တစ်ခု ကြာသွားပါက လင်းဟုန်ကျူးက ယွမ်ဒန် နယ်ပယ်သို့ပင် ရောက်ရှိ သွားနိုင်သည်။

ချင်ယန်က ဟောင်ယန်မြို့ကို အကျိုးပြု ထားသဖြင့် ဟောင်ယန်မြို့ ပိုမို သန်မာလာသည်နှင့် အမျှ ချင်ယန်အတွက် အကျိုးအမြတ် ပို ရှိနေသည်။

ထို့အပြင် အပျက်အစီးနေရာ မပေါက်ကြား သေးပါက လင်းဟုန်ကျူးနှင့် စကားပြောဆိုပြီး သွားရောက်ရန် သဘောတူ ထားခဲ့သေးသည်။

ထိုအမွေအနှစ် နေရာမှ နတ်ဆိုးထိန်း လက်စွပ်ကဲ့သို့ ပစ္စည်းကောင်းမျိုးလေး ရှာတွေ့ခဲ့သဖြင့် အခြား ပစ္စည်းကောင်းများလည်း ရှိကောင်း ရှိနိုင်သည်။

ယခုအခါ မျှော်လင့်ချက် အားလုံး ရေစုန်မျော သွားခဲ့ပြီ...

ထို့အပြင် ဟောင်ယန်မြို့သို့ တန်ခိုးရှင် အများအပြား ရောက်လာပါက သူတို့ကို သတိထားမိပြီး တန်ထန် အင်ပါယာနှင့် မီးနဂါး အင်ပါယာမှ တန်ခိုးရှင်များလည်း ရောက်လာနိုင်သည်။

"သခင်လေး.... သခင်လေး ရထားတဲ့ ရတနာအပေါ်မှာ သက်ရောက်မှု လုံးဝ မရှိဘူးလို့ ဟောင်ယန်မြို့ တန်ခိုးရှင်က ပြောသွားပါတယ်။

ဒါပေမယ့် တန်ခိုးရှင်တွေ ဒီထက် ပိုများလာရင် ငါတို့လည်း အာရုံစိုက်ရမယ်....”

“ဟုတ်ပြီ.. မင်း အရင် ဆင်းသွားနှင့်...”

ရှန်းယုလင်းက ပြန်ထွက်သွားပြီး ချင်ယန်က ဆက်လက် လေ့ကျင့်နေခဲ့သည်။ မူလက ရက်ပိုင်းခန့် အချိန်ယူပြီး ယွမ်ဟူနယ်ပယ် အဆင့်(၄) သို့ အေးအေးဆေးဆေး တက်လှမ်းရန် စိတ်ကူး ထားခဲ့သည်။ ယခုအခါ ယွမ်ဟူနယ်ပယ် အဆင့် (၄) ကို အလောတကြီး တက်ရတော့မည်။

အကယ်၍ တန်ထန် အင်ပါယာနှင့် မီးနဂါး အင်ပါယာမှ တန်ခိုးရှင်များ ပေါ်လာလျှင် တိုက်ပွဲများ ဖြစ်လာနိုင်သည်။

ထို့အပြင် တန်ထန် အင်ပါယာက ဆုငွေများ ထုတ်ထားသေးသည်။ ယွမ်ဟိုင် နယ်ပယ် လုပ်ကြံရေး သမားများလည်း လှုပ်ရှားလာနိုင်သဖြင့် ပိုမို အားကောင်းလာရန် အရေးတကြီး လိုအပ်နေသည်။

.....

"မြို့သခင်လင်း.... ငါ့ရဲ့ ချစ်တူလေး တစ်ခုခု ဖြစ်နေတယ်ဆို... အခြေအနေ ပြင်းထန်လား...... စိတ်ပူလို့ လာကြည့်တာ..."

"မြို့သခင်လင်း.. တစ်ခုခု လုပ်စရာ ရှိရင် မင်းကိုယ်တိုင် မလုပ်နဲ့.. ငါတို့က အားလုံး ကူညီ ပေးနိုင်တယ်..."

"မြို့သခင်လင်း သတင်း ကြားကြားခြင်း ပြေးလာတာ ကျက်သရေရှိတဲ့ တူလေး ဘာဖြစ်နေတာလဲ မသိဘူး."

တန်ခိုးရှင် တော်တော်များများက ပြုံးပြီး ပြောနေကြသည်။

လင်းဟုန်ကျူး၏ မျက်နှာ အမူအရာက သုန်မှုန်နေသည်။

ထိုလူများက ဖင်ခေါင်းကျယ်သည့် လူများပင် ကိုယ်ကျိုး မရှိပါက ဤမျှ ဝေးကွာသော နေရာသို့ မည်ကဲ့သို့ ရောက်လာမည်နည်း...”

အကယ်၍ ထို တစ်အုပ်တည်းသာ ဆိုလျှင် တော်သေးသည်။ သို့သော် လင်းဟုန်ကျူးက ဖြစ်လာမည့် ပြဿနာကို သိနေသည်။ ဒါသည်

ပထမ တစ်သုတ်သာဖြစ်ပြီး.... နောက်ပိုင်းတွင် ဒုတိယ အသုတ်နှင့် တတိယ အသုတ်များ ရှိလာအုံးမည်။

လုံလောက်သော အကျိုးအမြတ် ကသာ တန်ခိုးရှင်များ၏ ကူညီချင်စိတ်ကို လှုံ့ဆော် ပေးနိုင်သည်။

## အခန်း(၂၀၆) - ဝိုင်းပြီး အနိုင်ကျင့်ခြင်း....

ဒုတိယ အသုတ်..

တတိယ အသုတ်....

စတုတ္ထ အသုတ်....

ချမ်းဂျူးမြို့နှင့် အခြား အနီးအနား နေရာများမှ တန်ခိုးရှင်များသည် လင်းဟုန်ဖိန်း အတွက် စိတ်ပူသည့် အကြောင်းပြချက်နှင့် ရောက်လာပြီး

တန်ခိုးရှင် တော်တော်များများက လင်းဟုန်ကျူးကို နားမုဒိန်း ကျင့်နေကြသည်။

ရောက်လာသည့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က တစ်ရာနီးပါး ရှိလာခဲ့သည်။

ယွမ်ဟိုင်နယ်ပယ် အဆင့်အောက်တွင် ကြီးမြတ်သော မဟာသခင်များနှင့် အခြား အဆင့်မြင့် တန်ခိုးရှင်များက အရေအတွက် တစ်ရာကျော်ခန့် ရှိသည်။

"မြို့သခင်လင်း... ဟုန်ဖိန်းမှာ ပြဿနာ မရှိပါဘူးလို့ မင်းပြောတယ်။ ဘာလဲ ပြောပြရ ခက်နေလို့လား.."

"ဟုတ်တယ်.... မြို့သခင်လင်း... ငါတို့ စစ်ဆေးကြည့်ဖို့ လိုသေးတယ်။ နတ်ဆိုး ဝိညာဉ်က ဟုန်ဖိန်း ခေါင်းထဲမှာ ပုန်းနေပြီး နောက်ပိုင်းမှ သိရမယ်ဆို အချိန်နှောင်း သွားမယ်နော်"

"ဒါနတ်ဆိုး အိမ်သိမ်းပိုက်တဲ့ ဖြစ်စဉ်ပဲ။ ရှင်းလင်းဖို့ သိပ်မလွယ်ဘူး။ လူတိုင်းကို ဟုန်ဖိန်း ရှိနေတဲ့နေရာ သွားဖို့ အကြံပေးချင်တယ်။ ငါတို့

ချမ်ဂျူးမြို့က ဆိုပေမဲ့ ပြဿနာ တစ်ခုခု ဖြစ်လာရင် အတူတူ လက်တွဲပြီး ဖြေရှင်းဖို့ အချိန်တန်နေပြီ…”

“ဒီအဘိုးကြီးကတော့ ဟုန်ဖိန်းကို ချမ်ဂျူးမြို့ ခေါ်သွားပြီး ဆေးကုသပေးတာ ပိုကောင်းမယ်လို့ ထင်တယ်…”

ထိုအဘိုးအိုက စကား ပြောပြီးသောအခါ လင်းဟုန်ကျူးက ထောင်းခနဲ ဒေါသ ထွက်သွားသည်။

အကယ်၍ လင်းဟုန်ဖိန်းကို အဝေး ခေါ်သွားပါက ဟောင်ယန်မြို့တွင် ရတနာ

အနည်းငယ်သာ ရှိသဖြင့် အချိန်တန်လျှင် ပြဿနာ ပိုကြီးလာလိမ့်မည်။

ယနေ့တွင် တန်ခိုးရှင်များက အလွန် ယဉ်ကျေးနေကြသော်လည်း အကျိုးအမြတ် အတွက် ဆိုလျှင် ဘနဖူး သိုက်တူးရန် ဝန်းလေးကြမည့် လူများ မဟုတ်ပေ။

ဟောင်ယန်မြို့က အလွန် အားကောင်းသဖြင့် လူတိုင်းက အချိုသတ်ပြီး ပြောနေကြခြင်း ဖြစ်သည်။ အကယ်၍ ခွန်အားသာ ဆိုးရွားနေပါက

တန်ခိုးရှင်များက လေကုန် ခံနေတော့မည် မဟုတ်ပေ။

"လူတိုင်းပဲ ဟုန်ဖိန်းက နေကောင်းပါတယ်။ သူပြန်လာတဲ့ အချိန်မှာ ရတနာတွေ အများကြီး ပါလာတယ်။ လူတိုင်း အပြေးအလွှား လာနေကြတော့ ငါတို့မှာ စကားပြောချိန် မရလိုက်ဘူး..."

လင်းဟုန်ကျူးက အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး....

"ဟုန်ဖိန်း ပြန်ယူလာတဲ့ ရတနာတွေရဲ့ (၆၀) ရာခိုင်နှုန်းကို ကျေးဇူးဆပ်ပါ့မယ်။ မင်းတို့ ဘယ်လိုထင်လဲ..."

"မြို့သခင်လင်း.... ငါတို့က လက်ဆောင်အတွက် ဒီရောက်နေတယ်လို့ ထင်နေတာလား.."

"ဟုတ်တယ်... ငါတို့က ဟုန်ဖိန်း ဘေးကင်းရေး အတွက်နဲ့ ချမ်ဂျူး ကျွန်းဆွယ်မှာရှိတဲ့ မရေမတွက်နိုင်တဲ့ လူတွေရဲ့ လုံခြုံရေးအတွက် ရောက်နေတာ...။"

"ဟုတ်တယ်၊ မြို့သခင်လင်း၊ မင်း ငါတို့ကို အထင်လွဲနေပြီ ထင်တယ်.."

တန်ခိုးရှင်များကို ဒေါသ ထွက်နေသော အမူအရာများနှင့် လင်းဟုန်ကျူးကို ပြန်လည် ပြောဆိုနေကြသည်။ ဒီ (၆၀) ရာခိုင်နှုန်းက သူတို့၏ လောဘစိတ်ကို မနှစ်သိမ့် ပေးနိုင်ချေ။

"လူတိုင်းပဲ..... (၇၀) ရာခိုင်နှုန်း..."

"ဒီတစ်ကြိမ်မှာ ဟုန်ဖိန်းက သေမလို ဖြစ်ခဲ့ရတယ်..."

ယခုအခါ လင်းဟုန်ကျူးက မျက်နှာ အမူအရာက သုန်မှုန်နေသည်။ ဟောင်ယန်မြို့မှ တန်ခိုးရှင်များလည်း ရောက်နေကြပြီး သူတို့၏ မျက်နှာများလည်း မကောင်းလှပေ။

"အဟွန်း..."

အဘိုးအို တစ်ယောက်က ချောင်းဆိုးလိုက်ပြီး....

"မြို့သခင်လင်း၊ ဒီပမာဏက ပြဿနာ မရှိတာ သေချာတယ်။ ဒါပေမဲ့ ရှေးဟောင်း နတ်ဆိုးအလောင်းကို ဘယ်မှာ တွေ့ခဲ့တာလဲ.....

ပထမ တစ်လောင်း ရှိရင်။ ဒုတိယ၊ တတိယ အလောင်းတွေလည်း ရှိနိုင်တယ်...”

“အချိန်တန်လို့ သွားရှာတဲ့ လူတွေ ရှိလာပြီး နတ်ဆိုးတွေ ပြန်ရှင်လာလိမ့်မယ်။ ဒါက မကောင်းဘူး...”

လင်းဟုန်ကျူးက လေးနက်သော လေသံနှင့်......

“ဆူလာအို ပြောတာလည်း အကျိုးသင့် အကြောင်းသင့် ရှိပါတယ်။ ဆူလာအို မပြောရင်တောင် ငါက ပြောပြမှာပါ....”

တန်ခိုးရှင်များက စိတ်ထဲမှ လှောင်ရယ်နေသည်။

‘လင်းဟုန်ကျူးက ပြောပြမယ် ဟုတ်လား…’

“အဲ့ အမွေအနှစ် နေရာက သွေးစွန်းတောင်တန်း အလယ်မှာ ရှိတယ်။ မြေပုံပေါ်မှာ နေရာ တိတိကျကျ အမှတ်အသား လုပ်ပေးထားတယ်။ ပထမဦးဆုံး အရမ်း အန္တရာယ် များတယ်လို့ ပြောထားမယ်။ ဟုန်ဖိန်း ပြန်ရောက်လာ ကတည်းက ငါတို့လည်း အဲ့ဒီ အမွေအနှစ်ထဲ မဝင်ဖြစ်တော့ဘူး။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင်အားလုံး အဲ့ထဲမှာ

သေခဲ့တယ်။ အချိန်တန်လို့ တန်ခိုးရှင်တွေ သေရင် ငါတို့ ဟောင်ယန်မြို့နဲ့ ဘာမှ မဆိုင်ဘူး..”

ဆူလာအိုက ရယ်မောလိုက်ပြီး…

“ဒါက သဘောဝ ပါပဲ။ အမွေအနှစ် နေရာကို စူးစမ်း ရှာဖွေမယ်ဆိုရင် သေခြင်း၊ ရှင်ခြင်းကို ဂုဏ်ယူစွာ ရင်ဆိုင်ရမယ်။ ဒီစည်းမျဉ်းကို လူတိုင်း သိတယ်….”

လင်းဟုန်ကျူးက မြေပုံကို အရင်ဆုံး ထုတ်ယူလိုက်သည်။ ထို့နောက် ရတနာ ပစ္စည်းများကို ထုတ်ယူလိုက်သည်။

လင်းဟုန်ကျူးက မည်သည့် အရာမှ မထိန်ချန်ထားတော့ပေ။

ဒီကိစ္စမျိုးက ယာယီ ဖုံးကွယ် ထားနိုင်သော်လည်း တသက်လုံး ဖုံးထား၍ မရပေ...

လင်းဟုန်ဖိန်း၏ ပင်ကိုယ် ပါရမီက မဆိုးသော်လည်း ကျင့်ကြံခြင်း အဆင့်က မူလ အစစ်အမှန် နယ်ပယ်သာ ရောက်သေးသဖြင့် အစွမ်းထက်သော တန်ခိုးရှင် တစ်ယောက်က သူ့ကို စိတ်ညှို့ရန် မခက်ပေ။

အခုအချိန်တွင် လင်းဟုန်ကျူးက ဖုံးကွယ်ထားခဲ့ပါက အချိန်တန်လျှင် အခြားသူများက လင်းဟုန်ဖိန်းကို စိတ်ညှို့လိုက်သည်နှင့် ပြဿနာတက်လာနိုင်သည်ကို လင်းဟုန်ကျူးက ကြိုသိနေသည်။

"ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို တိုင်ပင်ခ ပေးတာကလွဲရင် ကျန်တဲ့ ရတနာအားလုံး ဒီထဲမှာ ရှိတယ်. ဒီအတွက်ကို ငါ ဟောင်ယန်မြို့ရဲ့ ဂုဏ်သိက္ခာနဲ့ အာမခံတယ်..."

တန်ခိုးရှင်များက စိတ်လှုပ်ရှား နေကြသည်။

လင်းဟုန်ဖိန်း ဒီတစ်ကြိမ် ရရှိခဲ့သော ပစ္စည်းများက အလွန် ကြွယ်ဝလွန်းသည်။

"သဘောတူထားတဲ့ အတိုင်း ငါတို့ ယောင်ယန်မြို့က ရတနာရဲ့ (၃၀) ရာခိုင်နှုန်းကို အရင်ယူမယ်..."

လင်းဟုန်ကျူးက ရတနာဆယ်ခု သို့မဟုတ် ထိုထက် ပိုများသော ရတနာများကို ကောက်ယူခဲ့သော်လည်း တန်ဖိုး အကြီးဆုံး ရတနာများကို မကောက်ယူခဲ့ပေ။ ဒါက

ဟောင်ယန်မြို့၏ တိုက်ခိုက်ရေး အင်အားကို တိုးမြှင့် ပေးနိုင်သည်။

"လူတိုင်းပဲ.. မင်းတို့ဘာသာ မင်းတို့ ခွဲယူကြ...."

လင်းဟုန်ကျူး တို့အဖွဲ့က ခန်းမထဲမှ လျင်မြန်စွာ ထွက်ခွာ သွားကြသည်။ သူမက တန်ခိုးရှင်များ၏ မျက်နှာကို တစ်စက်မှ မကြည့်ချင်တော့ပေ။ ကောင်းကျိုး တစ်စက်မှ မပေးသော မျက်နှာဆိုလျှင် ဒီမျက်နှာများသာ ဖြစ်လိမ့်မည်။ ထို့အပြင် ကိုယ်ကျိုး စီးပွားအတွက်ဆိုလျှင် ဘနဖူး သိုက်တူးမည့် လူများပင်.....

နာရီဝက်ခန့် ကြာပြီးနောက် လင်းဟုန်ကျူးက ခန်းမကြီးထဲ ပြန်ဝင်လာသည်။

ခန်းမကြီးထဲတွင် တန်ခိုးရှင်များက ရတနာ ပစ္စည်းများကို ခွဲဝေပြီးသွားကြပြီ။ ထုံးစံအတိုင်း သန်မာသူများက အများကြီး ရပြီး အားနည်းသူများက အနည်းငယ်သာ ရရှိကြသည်။

"တခြား ကိစ္စ ရှိသေးလား..."

လင်းဟုန်ကျူးက မေးလိုက်သည်။

"မြို့သခင်လင်း.. မြို့တော် သခင်လေးကို ကုသပေးခဲ့တဲ့ ကြီးမြတ်သော မဟာသခင်နဲ့ တွေ့ချင်တယ်...။ ဒါနဲ့ စကားမစပ် သူရထားတဲ့ ရတနာကိုလည်း ငါ တို့ တန်ဖိုးထားတယ်..."

"မြို့သခင်လင်း စိတ်ချပါ... ငါတို့က တန်ဖိုးထားရုံ သက်သက်ပါ...."

လင်းဟုန်ကျူးက လျစ်လျူရှုသော လေသံနှင့်.....

"လူတိုင်းပဲ... ကြီးမြတ်သော မဟာသခင်က ထွက်သွားပြီ... မင်းတို့မှာ ဒီလို အခွင့်အရေး မရှိလို့ အားနာမိပါတယ်..."

"မြို့သခင်လင်း... ဒါပေမဲ့ ငါကြားထားတာက အဲ့အတိုင်း မဟုတ်ဘူးနော်... အခု လောလောဆယ် သိဒ္ဓိအလင်း အိမ်တော်မှာ နေ နေတယ်လို့ ကြားမိတယ်။ မြို့သခင်လင်း ငါတို့ကို အတင်းအကျပ် လုပ်ရအောင် မလုပ်ပါနဲ့လို့ အကြံပေးပါရစေ...."

"ဟုတ်တယ် မြို့သခင်လင်း... အကြံပေးတဲ့ အတိုင်းလုပ်တာ ပို ကောင်းတယ်။ တကယ်လို့ ငါတို့ဘာသာ ငါတို့ တိုက်ရိုက် လုပ်ရမယ် ဆိုရင်တော့ ဟားဟား..."

လင်းဟုန်ကျူး၏ မျက်နှာ အမူအရာက သုန်မှုန်နေသည်။

ဤ တန်ခိုးရှင်များက အနည်းငယ်တော့ အရှက်ရှိသင့်သည်။ အစမှ အဆုံးအထိ သူမဘက်မှ ဘာမှမပြောဘဲ လိုက်လျောပေးခဲ့သဖြင့် ယဉ်ကျေးမှု ရှိသင့်သည်။

ဒီတစ်ကြိမ်တွင် ရတနာထက် စာလျှင် အဓိကအားဖြင့် ချင်ယန်ကို မြင်ချင်နေကြသေးသည်။

လင်းဟုန်ဖိန်းကို ရောဂါ ရှာဖွေပေးခဲ့သူက ကြီးမြတ်သော မဟာသခင် ဆိုသော်လည်း ချမ်းဂျူး ဘက်မှ ကြီးမြတ်သော မဟာသခင် အားလုံးကို သူတို့ ရင်းနှီးကြသည်။ အကယ်၍ မရင်းနှီးသည့် ကြီးမြတ်သော မဟာသခင်ဆိုပါက သေးငယ်သော နေရာမှ လာနိုင်ခြေ များသည်။

အကယ်၍ ရယူထားသော ရတနာက ကောင်းမွန်နေမည် ဆိုပါက တန်ခိုးရှင်အချို့က ဆုံးမကြလိမ့်မည်။

ကြီးမြတ်သော မဟာသခင် အဆင့်အတန်းက မြင့်မားသည် ဆိုသော်လည်း တန်ခိုးရှင်များက သူတို့နောက်ကွယ်မှ အင်းအားစု များကြောင့် ကြီးမြတ်သော မဟာသခင်ကို မကြောက်ကြပေ။

ထိုကြီးမြတ်သော မဟာသခင်က မသန်မာ၍ ဟောင်ယန်မြို့က အကျိုးအမြတ် တောင်းပြီး ထွက်မသွားရဲခြင်းသာ ဖြစ်လိမ့်မည်။

“ရတယ်လေ....”

လင်းဟုန်ကျူးက အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ခေါင်းညိတ်လိုက်သည်။

ထိုလူများကို ခေါ်သွားပါက ချင်ယန်၏ ရန်သူများက ချင်ယန်၏ တည်နေရာကို သိသွားနိုင်သော်လည်း ချင်ယန် ကိုင်တွယ်နိုင်လိမ့်မည်ဟု လင်းဟုန်ကျူးက ယုံကြည်နေသည်။

ချင်ယန် ရရှိထားသည့် ရတနာကို တန်ခိုးရှင်များက မလုသွားနိုင်ဘူးဟုလည်း လင်းဟုန်ကျူးက ယုံကြည်နေသည်။

ထိပ်တန်း ရတနာ ဆယ်ခုလုံးက ထိုထဲတွင် ရှိနေပြီးသား ဖြစ်သည်။

ကြီးမြတ်သော မဟာသခင် အနေနှင့် သူ့လက်ထဲမှ ပစ္စည်းကို ထိန်းသိမ်းရန် ပြဿနာ မရှိသင့်ပေ။

"မြို့သခင်လင်း... ငါတို့က ဒါကို တွေ့ကြုံခံစားကြည့်ရုံ သက်သက်ပါ..."

"ဟုတ်တယ်။ မြို့သခင်လေး... စိတ်မပူပါနဲ့...."

တန်ခိုးရှင်များက ပြုံးပြပြီး ပြောနေကြသည်။

လင်းဟုန်ကျူးက စိတ်ထဲမှ ကြိတ်ပြီး လှောင်ပြောင်နေသည်။ သိဒ္ဓိအလင်း အိမ်တော်က မဝေးသဖြင့် တိုက်ရိုက် ခေါ်သွားလိုက်သည်။

မကြာခင် သိဒ္ဓိအလင်း စံအိမ်တော်ရှေ့တွင် တန်ခိုးရှင် နှစ်ရာကျော် ရောက်ရှိလာသည်။

ယခုလက်ရှိတွင် ညအချိန် ဖြစ်နေသောကြောင့် ထိုတန်ခိုးရှင် အုပ်ကြီး လူအများက သတိမထားမိကြပေ။ ထိုကဲ့သို့ မဟုတ်ပါက တုန်လှုပ် ခြောက်ခြား သွားကြလိမ့်မည်။

အိမ်တော်ထဲတွင် ချင်ယန်တို့ အဖွဲ့က ရှိနေသေးသည်။

"တံခါး ဖွင့်ပေးလိုက်..."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။ အိမ်တံခါး ဖွင့်လိုက်သည်နှင့် လူနှစ်ရာကျော်က အိမ်တော်ထဲ ဝင်လာကြသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဒီလောက် နောက်ကျမှ အနောက်အယှက် ပေးရလို့ တောင်းပန်ပါတယ်..."

လင်းဟုန်ကျူးက တောင်းပန်လိုက်သည်။

ချင်ယန်က တစ်ချက် ခေါင်းညိတ်လိုက်ပြီး….

“ရပါတယ်။ လူတိုင်းပဲ.. ဧည့်ခန်းထဲ လိုက်ခဲ့ပါ။ ဒီချင်က လူတိုင်းကို ကြိုဆိုပါတယ်။ ကျေးဇူးပြုပြီး ခန်းမဆောင်ထဲ ဝင်ပေးပါ…”

တန်ခိုးရှင်များက ဧည့်ခန်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ဝင်လာကြသည်။

ဧည့်ခန်းက ကြီးမားလွန်းသဖြင့် တော်သေးသည်။ ထိုကဲ့သို့ မဟုတ်ပါက လူနှစ်ရာကျော်

ဝင်လာသောကြောင့် အလွန် ကြပ်ညှပ်သွားလိမ့်မည်။

“လူတိုင်းပဲ။ မင်းတို့လာတဲ့ ရည်ရွယ်ချက်ကို သိပြီးပါပြီ။ မြို့သခင် ပေးထားတဲ့ သတင်းအရ မင်းတို့က ငါ ရထားတဲ့ ရတနာကို ကြည့်ရှုခံစားချင်လို့ မဟုတ်လား...”

ချင်ယန်က ပြုံးပြီး လက်စွပ်ကို ထုတ်ယူလိုက်သည်။ နတ်ဆိုးထိန်း လက်စွပ်က သခင်ကို အသိအမှတ် ပြုပြီးသွားပြီ။ သို့သော်လည်း ကြည့်လိုက်ပါက တန်ဖိုးရှိသည့် ပုံစံမျိုး မရှိပေ။

ရတနာကို စိုက်ကြည့်နေသော လူအုပ်ကြီး ကြားထဲတွင် တန်ခိုးရှင် တစ်ယောက်က ရတနာထက်စာလျှင် ချင်ယန်ကို ပိုပြီး စိုက်ကြည့်နေသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဘာဖြစ်လို့ ပုံစံ အစစ်အမှန်ကို မပြတာလဲ..."

"ကြီးမြတ်သော မဟာသခင်ချင်၊ ငါတို့က ကြီးမြတ်သော မဟာသခင်ချင်ရဲ့ တကယ်ပုံစံကို ကြည့်ဖို့ မထိုက်တန်ဘူးလား..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ထိုတန်ခိုးရှင်က သံသယ ဝင်နေသည်။ ချင်ယန်ကို သေသေချာချာ ကြည့်လိုက်သောအခါ မျက်နှာဖုံး ဝတ်ထားသည်ကို တွေ့လိုက်ရသည်။

မျက်နှာဖုံးက လုံးဝ ပျောက်ကွယ်လု နီးပါး ဖြစ်နေသော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်ကို ဖုံးကွယ်ရန် မလွယ်ကူပေ။

ချင်ယန်၏ မျက်လုံးက ဖြတ်ခနဲ လက်သွား၏။

စကား ပြောလိုက်သည့် တန်ခိုးရှင်ကို စိတ်ထဲမှ လှောင်ပြောင်လိုက်သည်။

ထိုတန်ခိုးရှင်သည် မီးနဂါး အင်ပါယာက စေလွှတ်လိုက်သော တန်ခိုးရှင် သုံးယောက်ထဲမှ တစ်ယောက် ဖြစ်သည့် လျူရှင်းချန်ပင်......

ကျင်ကြံခြင်း အဆင့် ယွမ်ဟိုင် နယ်ပယ် အဆင့် (၄) ရှိပြီး အဆိပ် ကျွမ်းကျင်သည်။

# အခန်း(၂၀၇) - အထောက်အထား ပေါက်ကြားခြင်း...

“တကယ်ပဲ သူ့ရဲ့ မူလ ရုပ်ရည်ကို ဖုံးကွယ်ထားတယ်...”

“မျက်နှာဖုံး တပ်ထားတယ်ဆိုတော့ နတ်ဆိုးများ ဖြစ်နေမလား....”

လျှိုရှင်းချန် ပြောလိုက်သည်နှင့် လူတိုင်း၏ အကြည့်များက ချင်ယန်ထံ ရောက်ရှိသွားကြသည်။

ခန်းမထဲ ဝင်သွားလာကြသည့် လူများက အားနည်းသူများ မဟုတ်ပေ။ မျက်နှာဖုံး တပ်ထားသည်ကို တစ်ချက် ကြည့်ရုံနှင့် မသိသော်လည်း သေသေချာချာ ကြည့်လိုက်သော အခါ သိသွားကြသည်။

လင်းဟုန်ကျူး၏ လေသံက လေးနက်လာပြီး....

"လူတိုင်းပဲ. ကြီးမြတ်သော မဟာသခင်ချင်က မျက်နှာဖုံး တပ်တပ်၊ မတပ်တပ် ဒါက သူရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်ပဲ..."

လျူရှင်းချန်က ပေါ့ပေါ့ပါးပါး လေသံနှင့်....

"မြို့သခင်လင်း ပြောတာ မမှန်ဘူး။ မျက်နှာဖုံးတပ်တာက ကိုယ်ပိုင် လွတ်လပ်ခွင့်တော့ ဟုတ်တယ်။ ခုက ပုံမှန် အခြေအနေ မဟုတ်ဘူးလေ။ တကယ်လို့ သူသာ နတ်ဆိုး ဖြစ်နေပြီး အစွမ်းထက်တဲ့ ရတနာကို သိမ်းပိုက်ထားရင် အချိန်တစ်ခု ရောက်တာနဲ့ ဒီကမ္ဘာကြီး မထိုက်ခိုက်နိုင်ဘူးလား..."

" သူသာ နတ်ဆိုး ဖြစ်နေမယ်ဆိုရင် မြို့တော်သခင်လေးအတွက် မကောင်းဘူး..."

ယခုလက်ရှိ အချိန်တွင် လျူရှင်းချန်က ချင်ယန် ဟုတ်၊ မဟုတ် မသေချာသေးသော်လည်း သူ့ရှေ့မှလူက မျက်နှာဖုံး ချွတ်ကို ချွတ်ရမည်။

အခြားလူများကလည်း ခေါင်းညိတ်ကြသည်။

ချင်ယန်က တည်ငြိမ်သော လေသံနှင့်.....

"ငါ မျက်နှာဖုံး တပ်ထားတယ် ဆိုတာက ပုံရိပ်နှိမ့်ချပြီး နေချင်လို့။ ငါက နတ်ဆိုး ဟုတ်၊ မဟုတ် ငါ့ အငွေ့အသက်ကို ကြည့်ရုံနဲ့ သိနိုင်တယ်။

နောက်ပြီးတော့ နတ်ဆိုးလမ်းစဉ် ကျင့်ကြံသူ အကြောင်းကို လူတိုင်း ကောင်းကောင်း သိကြတာပဲလေ....”

ချင်ယန်က ထိုစကား ပြောနေရင်း သူ့အငွေ့အသက်ကို ချက်ချင်း ထုတ်လွှတ်လိုက်သည်။

ချင်ယန်က အငွေ့အသက် တစ်စိတ် တစ်ပိုင်းကိုသာ ထုတ်လွှတ်လိုက်ခြင်း ဖြစ်သဖြင့် အငွေ့အသက်မှ တဆင့် သူ့ခွန်အားကို

မဆုံးဖြတ်နိုင်သော်လည်း သူ့ အထောက်အထားကို သုံးသပ်ရာတွင် ပြဿနာ မရှိပေ။

"ချင်ယန်...."

လျူရှင်းချန်၏ မျက်လုံးထဲတွင် အလင်းရောင်များ တောက်ပလာသည်။

လျူရှင်းချန်က သံသယ ဖြစ်နေခဲ့သော်လည်း ထိုလူ၏ အငွေ့အသက်မှ တဆင့် ချင်ယန် ဖြစ်ကြောင်း ဆုံးဖြတ်လိုက် နိုင်ခဲ့သည်။

"အငွေ့အသက်ကတော့ မရင်းနှီးဘူး.... ဒါပေမဲ့ နတ်ဆိုးတော့ မဖြစ်နိုင်ဘူး.."

"ချမ်ဂျူး ကျွန်းဆွယ်ပေါ်က ဒီအဘိုးအို သိတဲ့ ကြီးမြတ်သော မဟာသခင်ထဲမှာ မပါဘူးလို့ အကြမ်းဖျင်း ခန့်မှန်းမိတယ်..."

တန်ခိုးရှင် အချို့ကလည်း ပြောကြသည်။

လင်းဟုန်ကျူးက ထို အခွင့်အရေးကို ဆုပ်ကိုင်ပြီး တန်ခိုးရှင်များထံ အသံပို့လွှတ်လိုက်သည်။ ယခု လောလောဆယ်တွင် တန်ခိုးရှင်များက လင်းဟုန်ကျူးကို မျက်နှာသာ ပေးချင်ကြသည်။

သူတို့ဘက်က အတော် လွန်နေခဲ့ပြီ မဟုတ်ပါလား.....

ထို့အပြင် ချင်ယန်က နတ်ဆိုး ဖြစ်နေခဲ့လျှင်........

အကယ်၍ လင်းဟုန်ဖိန်း သေသွားလျှင်ပင် လင်းဟုန်ကျူး၏ ကိစ္စသာ ဖြစ်သည်။

ချမ်ဂျူးမြို့ အနီးတွင် ပုန်းကွယ်နေကြသော နတ်ဆိုးလမ်းစဉ် ကျင့်ကြံသူ အများကြီး ရှိသေးသည်။

"လူတိုင်းပဲ... သူဘယ်သူလဲ ဆိုတာ ငါ သိတယ်.."

လျှူရှင်းချန်က လေးနက်သော လေသံနှင့်.....

"သူက ငါတို့ မီးနဂါး အင်ပါယာရဲ့ ရန်သူပဲ။ မြို့သခင်လင်း... ငါတို့ မီးနဂါး အင်ပါယာကို မျက်နှာသာပေးမယ်လို့ မျှော်လင့်ပါတယ်.....။ ဒီလူက မီးနဂါး ဧကရာဇ်အတွက် တာဝန် ထမ်းဆောင်နေတဲ့ လူပါ...."

ယခုအခါ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာသည်။ သူတို့၏ အင်အားက

အားကောင်းနေဆဲ ဖြစ်ပြီး အနာဂါတ်တွင် ပိုမို သန်မာလာလိမ့်မည်။

အလုံးစုံ အင်အားအရ ဟောင်ယန်မြို့က မီးနဂါး အင်ပါယာထက် အားနည်းခြင်း မရှိသော်လည်း မီးနဂါး အင်ပါယာ၏ အနာဂါတ် အလားအလာက ပိုမို အားကောင်း နေသည်။

ဟောင်ယန်မြို့က ကြယ်ငါးပွင့် အင်းအားစု မဟုတ်ပေ။

ဘုန်း……

လင်းဟုန်ကျူး ခန္ဓာကိုယ်မှ ကြောက်စရာကောင်းသော အော်ရာတစ်ခု ပေါက်ကွဲ ထွက်လာပြီး အခန်းတစ်ခုလုံး၏ အပူချိန်က ရုတ်တရုတ် မြင့်တက်လာသည်။ အနီးရောင် အလင်းတစ်ခုက လင်းဟုန်ကျူး အနားတွင် ရစ်ဝဲနေသည်။

"ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) လား..."

"မြို့သခင်လင်းက ယွမ်ဟိုင် နယ်ပယ် အဆင့်ကိုးကို တကယ် ရောက်နေပြီ....."

လူတော်တော် များများ တုန်လှုပ် သွားကြသည်။ လင်းဟုန်ကျူး မလှုပ်ရှားခဲ့သည်မှာ တော်တော်လေး

ကြာမြင့်နေခဲ့ပြီ ဖြစ်ပြီး ယခင်က သူဖော်ထုတ်ဖူးသည့် ကျင့်ကြံခြင်း အဆင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) သာ ရှိသည်.။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ကို ခြေတစ်လှမ်း ရှေ့တိုးလိုက်ပါက ယွမ်ဒန် နယ်ပယ်ကို ရောက်သွားလိမ့်မည်။

"မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာလို့ ကိုင်တွယ်ရ ခက်ကောင်း ခက်လိမ့်မယ်။ ဒါပေမဲ့ ငါတို့ ဟောင်ယန်မြို့ အတွက်တော့ မလုံလောက်သေးဘူး..."

လင်းဟုန်ကျူးက အမှန်တကယ်ကို အရေး မစိုက်ပေ။

"ကြီးမြတ်သော မဟာသခင်ချင်က ဟုန်ဖိန်းက ကုသပေးထားလို့ ငါတို့ ယောင်ယန်မြို့ အပေါ် အရမ်း ကူညီပေးထားတယ်။ ဒီနေ့ကစပြီး ကြီးမြတ်သော မဟာသခင်ချင်ရဲ့ ရန်သူတိုင်းက ငါတို့ ဟောင်ယန်မြို့ရဲ့ ရန်သူပဲ။ ကြီးမြတ်သော မဟာသခင်ချင်ကို သတ်ပစ်လိုက်မယ် ဆိုရင် ငါတို့ ဟောယန်မြို့က ရေဆုံးကုန်ဆုံး လိုက်ပြီး အဲ့ကောင်ရဲ့ မိသားစု တစ်စုလုံးကို သတ်ပစ်မယ်..."

"လျူရှင်းချန်၊ ကြီးမြတ်သော မဟာသခင်ချင်က မင်းရှေ့မှာ ရှိနေတယ်။ စမ်းချင် စမ်းကြည့်လိုက်လေ...."

"မင်းက ဟောင်ယန်မြို့က အသက်ရှင်ရက် ပြန်ထွက်သွားရင် ငါ့နာမည် လင်းဟုန်ကျူး မဟုတ်တော့ဘူး..."

လင်းဟုန်ကျူးက အမျိုးသမီး တစ်ယောက် ဖြစ်သော်လည်း စကားပြောသောအခါ အလွန် လွှမ်းမိုးလွန်းလှသည်။

လျှုရှင်းချန်၏ မျက်နှာ အမူအရာက ရုပ်ဆိုးနေသည်။ သူ့အမြင်တွင် လင်းဟုန်ကျူးက အရူးတစ်ယောက်ပင်.....

လင်းဟုန်ဖိန်းက ပျောက်ကင်း သွားပြီးလား....

ချင်ယန်အတွက် မီးနဂါး အင်ပါယာကို လက်စားချေဖို့ ထိုက်တန်လို့လား...

"မြို့သခင်လင်း..... ဟောင်ယန်မြို့က မင်း ကိုယ်ပိုင်မြို့ မဟုတ်ဘူး. တခြား တန်ခိုးရှင်တွေ အားလုံးကို မင်းက ကိုယ်စားပြုလို့လား။ သူတို့က မြို့သခင်လင်းကို မထောက်ခံနိုင်ဘူး.."

လျူရှင်းချန်က ပြောလိုက်သည်။

လင်းဟုန်ကျူးက ခနဲ့သော လေသံနှင့်.....

"အနည်းဆုံးတော့ ငါ လင်းဟုန်ကျူးက ဟောင်ယန်မြို့ကို ကိုယ်စား ပြုနိုင်သေးတယ်...."

လျူရှင်းချန်က ချင်ယန်ကို စိုက်ကြည့်ပြီး......

"ချင်ယန်၊ မင်းကို ကိုယ်တွယ်ရတာ အရမ်း ခက်တယ်လို့ မထင်ဘူးလား.... ငါတို့ မီးနဂါး အင်ပါယာမှာတုန်းက ကာကွယ်သူကို

လှည့်စားခဲ့တယ်။ အခုတော့ မိန်းမတစ်ယောက် နောက်မှာ ပုန်းနေတယ်....”

လျှုရှင်းချန်၏ မျက်လုံးထဲတွင် လှောင်ပြောင်မှုများ ပြည့်နှက်နေသည်။

“ငါတို့ မီးနဂါး အင်ပါယာက ကာကွယ်သူ သုံးယောက်လုံး ဒီရောက်နေကြပြီ...။ အခုတော့ ငါတစ်ယောက်တည်း ရှိတယ်။ မင်း ငါနဲ့ တိုက်ခိုက်ရဲလား။ ငါအနိုင်ရရင် မင်းကို မသတ်ဘူး။ ငါ့နောက် လိုက်ခဲ့ရုံပဲ။ တကယ်လို့

မင်း အနိုင်ရရင် ငါ့ကို သတ်လို့ရတယ်။ မင်းအတွက် ဖိအား နည်းသွားလိမ့်မယ်......”

ချင်ယန်၏ မျက်လုံးက ဖြတ်ခနဲ လက်သွား၏။

မီးနဂါး အင်ပါယာက ငါ့ကို ကိုင်တွယ်ဖို့ ကာကွယ်သူ သုံးယောက် လွှတ်လိုက်တာလား.... ငါ့ကို တန်ဖိုး ထားလှချည်လား....

ယခုအခါ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာသဖြင့် ဒီလွှတ်လိုက်သည့် ကာကွယ်သူ သုံးယောက် လုံးကလည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များသာ ဖြစ်နိုင်သည်။

"ဒီကောင်က ချင်ယန်လား...."

လူအုပ်ကြားထဲတွင် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် တစ်ယောက် ရှိနေပြီး သူ့ မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အောသင့်နေသော အမူအရာမျိုး ရှိနေသည်။

အပေါ်ယံတွင် ထို တန်ခိုးရှင်၏ အထောက်အထားက သင့်တော်သော အထောက်အထား ရှိသော်လည်း အမှန်တကယ်တွင် သူက သွေးမိစ္ဆာ မဟာမိတ် အဖွဲ့၏ ထိပ်တန်း

လူသတ်သမား ဖြစ်ပြီး ချင်ယန်ကို သတ်ဖြတ်မည့် တာဝန်ကို လက်ခံထားသူပင်....

ချင်ယန်ကို သတ်ပစ်ပါက ဆုငွေ ရွှေတုံး ဆယ်သန်း......

ချင်ယန်နှင့် သူ့အမေကို အသက်ရှင်လျက် ဖမ်းမိပါက ရွှေတုံး သန်းနှစ်ဆယ် ရရှိမည်။

လင်းဟုန်ကျူးက အရေး မစိုက်သော အမူအရာနှင့်.....

"လျူရှင်းချန်... ကြီးမြတ်သော မဟာသခင်ချင်က မတော်တဆ ဖြစ်ပြီးပဲ သေသေ.. ခလုတ်တိုက်ပြီးပဲ သေသေ... မင်းကို လာသတ်မယ်...."

လင်းဟုန်ကျူးက ကျင့်ကြံခြင်း အဆင့်ကို ထုတ်ဖော် ပြသပြီးသော်လည်း လျူရှန်းချန်၏ ကြွမ်းတမ်းသော စကားများက မရပ်တန့်သေးပေ။

လင်းဟုန်ကျူး၏ မျက်လုံးထဲတွင် ဒါက သူမကို ပြင်းပြင်းထန်ထန် ရန်စနေခြင်းသာ ဖြစ်နေသည်။

လျူရှင်းချန်က......

"လင်းဟုန်ကျူး.. ငါက မီးနဂါး အင်ပါယာရဲ့ ကာကွယ်သူ ဖြစ်နေပြီ... မင်းငါ့ကို သတ်လိုက်ရင် မီးနဂါး အင်ပါယာနဲ့ တစ်ခါတည်း ရန်သူ ဖြစ်သွားမှာနော်။ ဟောင်ယန်မြို့ရဲ့ အင်အားက ခု မင်းကို ထောက်ပံ့နေရင်တောင် အချိန်တန်ရင် မင်းကို ထောက်ပံ့မှာ မဟုတ်တော့ဘူး....."

လင်းဟုန်ကျူးထံမှ လူသတ်ချင်သော အငွေ့အသက်များ ဖြာထွက်လာပြီး.....

"ငါက ဟောင်ယန်မြို့သခင် မဖြစ်တော့ရော ဘာအရေးလဲ...."

"ဟောင်ယန်မြို့က ငါ့လူတွေရဲ့ အကူအညီနဲ့ မင်းကို မသတ်နိုင်တော့ဘူးလား. ပြီးတော့ ငါ လင်းဟုန်ကျူးက မြို့သခင် ဖြစ်လာတာ နှစ်ပေါင်းများစွာ ကြာနေပြီ… ငါ့မှာ အဖွဲ့ မရှိဘူး ထင်နေတာလား…."

ချင်ယန် စိတ်ထဲတွင် ခံစားလိုက်ရသည်။ ယခင်က လင်းဟုန်ကျူး ပြောခဲ့သလိုပင် သူမက ရင်နီးမှုကို အမှန်တကယ် ပြသနေသည်။ သို့သော် အခြား အင်အားစုများက လင်းဟုန်ကျူးနှင့် အတူတူ ရပ်တည်နိုင်မည်လော…….

ယခုအခါ မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်နေပြီ။ မပြုတ်ကျသရွေ့ အချိန်တန်လျှင် ဟောင်ယန်မြို့ထက် ပိုမို အားကောင်း လာလိမ့်မည်။

"ဟွန်း..."

လျူရှင်းချန်က အေးစက်စွာ နှာတစ်ချက်မှုတ်ပြီး ပါးစပ်ပိတ် လိုက်သည်။ လင်းဟုန်ကျူးက ဒေါသတကြီး အော်ဟစ်ပြီး တစ်ခါတည်း လာသတ်လိုက်မည်ကို သူ ကြောက်နေသည်။

"ချင်ယန်၊ မင်းက ဒီနေရာမှာ ခဏတော့ ပုန်းနေလို့ ရမယ်။ တစ်သက်လုံး ပုန်နေလို့တော့ မရဘူး...."

"ဟောင်ယန်မြို့က မင်းကို မကာကွယ်ပေးနိုင်ဘူး။ မင်း ချမ်ဂျူ အကယဒမီကို ဝင်လို့တော့ ရပေမဲ့ ဒါလည်း အလုပ်ဖြစ်မှာ မဟုတ်ဘူး..."

လျူရှင်းချန်၏ အသံက ချင်ယန် စိတ်ထဲတွင် ပေါ်လာသည်။

“လူတိုင်း ညနက်နေပြီ ကျေးဇူးပြုပြီး ပြန်ကြပါ...”

လင်းဟုန်ကျူးက တစ်ခါတည်း အပြတ် ပြောလိုက်သည်။

“မြို့သခင်လင်းကို နှုတ်ဆက်ပါတယ်....”

“နှုတ်ဆက်ပါတယ်..

တန်ခိုးရှင်များက တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာ သွားကြသည်။ လျူရှင်းချန်လည်း ထွက်သွားသည်။ မီးနဂါး အင်ပါယာမှ ကာကွယ်သူ

နှစ်ယောက်က ချမ်ဂျူးမြို့တွင် ကျန်ခဲ့ပြီး သူတစ်ယောက်တည်း ဟောင်ယန်မြို့ကို ရောက်လာခဲ့ခြင်း ဖြစ်သဖြင့် ကြောက်လန့်နေမိသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ တကယ်တောင်းပန်ပါတယ်။ မင်း ခက်ခဲ သွားမယ်လို့ မမျှော်လင့်ထားမိဘူး."

လင်းဟုန်ကျူးက စိတ်တိုနေသော အမူအရာနှင့် တောင်းပန်လိုက်သည်။

ချင်ယန်က ခေါင်းခါလိုက်ပြီး မျက်နှာကို ပေါ့ပေါ့ပါးပါး ဆွဲချွတ်လိုက်ကာ.....

"တောင်းပန်စရာ မလိုပါဘူး။ မြို့သခင်က ငါ့ကို အများကြီး ကူညီ ပေးခဲ့ပါတယ်..."

လင်းဟုန်ကျူးက ချင်ယန်ကို အံ့အောသင့် နေသော မျက်နှာနှင့် စိုက်ကြည့်နေသည်။

လျူရှင်းချန်က ချင်ယန်၏ နာမည်ကို ထုတ်ပြောခဲ့သော်လည်း လင်းဟုန်ကျူးက မည်သူလဲ ဆိုသည်ကို မသိသေးပေ။ သို့သော် ဤမျှ အသက်ငယ် နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

အစပိုင်းတွင် ချင်ယန်ကို အကြီးအကဲမျိုးဆက်တစ်ယောက်က လူငယ်လေးတစ်ယောက်ထံ ဝင်လာခဲ့သည်ဟု သွမ်ရန်က လွဲမှားပြီး ထင်ခဲ့သော်လည်း လင်းဟုန်ကျူးက ထိုကဲ့သို့ မထင်ပေ။

ယခုလက်ရှိတွင် လင်းဟုန်ကျူး၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) ရှိနေပြီး ပောင်ယန်မြို့က ချမ်ဂျူးမြို့နှင့် သိပ်မဝေးသဖြင့် သူမက အတွေ့အကြုံနှင့် ဗဟုသုတ ကြွယ်ဝနေသည်။

ချင်ယန်က အလွန် ငယ်ရွယ်သော လူငယ်လေး တစ်ယောက်သာ ဖြစ်ကြောင်း သိနေသည်။

"ငယ်ရွယ်တဲ့ မဟာသခင်.."

"အံ့အောစရာပဲ...."

လင်းဟုန်ကျူးက အလွန် အံ့အောသင့် နေသည်။

လင်းဟုန်ကျူးက အံ့အောသင့် နေသော်လည်း စိတ်တည်ငြိမ် သွားစေရန် အချိန် သိပ် မယူလိုက်ရပေ။ ချမ်ဂျူး မြို့ကို တည်ထောင်ခဲ့သည်မှာ အလွန် ကြာနေပြီ

ဖြစ်သောကြောင့် ငယ်ရွယ်သော မဟာသခင်များကလည်း ပေါ်လာတတ်သည်။ သို့သော် ထိုလူငယ်များက မဟာသခင် ဖြစ်လာရုံသာ ဖြစ်ပြီး သူမရှေ့မှ လူငယ်ကမူ အဆောင်ဘုရင် ဖြစ်လာခဲ့သည်။

အမှန်ပင်.. ဒါက အလွန်ရှားပါး လွန်းသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် ကျော်ကြားခြင်းသည် ပင်ကိုယ် စွမ်းရည်ကို ဖြန်းတီးခြင်းသာ ဖြစ်သည်။ ထိုအထဲတွင် အရေးအကြီးဆုံး တစ်ချက်မှာ ကျင့်ကြံခြင်းအဆင့် ပြဿနာပင်.......

အဆင့် (၄) မဟာသခင်နှင့် အဆင့် (၅) ကြီးမြတ်သော မဟာသခင် အဆင့်တွင် ကျင့်ကြံခြင်းအဆင့် လိုအပ်ချက် နည်းပါးသည်။

ကျင့်ကြံခြင်း အဆင့်က မူလ အစစ်အမှန် နယ်ပယ်အောက် နိမ့်ကျနေလည်း အဆင့်(၃) မှ အဆင့် (၅) အထိ ဖြစ်လာနိုင်သည်။ သို့သော် အဆင့် (၆) အဆောင်များကို သန့်စင်ရာတွင် အာဒိကပ္ပဝိညာဉ် လိုအပ်လာသည်။ အာဒိကပ္ပဝိညာဉ် ဆိုတာကလည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်သာ ပိုင်ဆိုင်နိုင်သည့် အရာ ဖြစ်နေသည်။

ချမ်ဂျူး ကျွန်းဆွယ်တွင် အဆင့် (၄) မဟာသခင် အများအပြား ရှိသည်။ ယခုအခါ အဆင့် (၅) ကြီးမြတ်သော မဟာသခင် အရေအတွက်လည်း မနည်းပါးတော့ပေ။ အဆင့် (၅) ကြီးမြတ်သော မဟာသခင် အများစုသည် ဆေးနှင့် အဆောင် သန့်စင်ရာတွင် အမှန်တကယ် အစွမ်းထက်ကြသည်.။

သို့သော် သူတို့၏ ကျင့်ကြံခြင်း အဆင့်ကြောင့် အဆင့် (၅) ကြီးမြတ်သော မဟာသခင် အဆင့်တွင်သာ တစ်သက်လုံး ပိတ်မိ နေကြသည်။

အကြောင်းမူ...

သူတို့က ထိုကဏ္ဍများတွင် ပင်ကိုယ် ပါရမီ ပါလာသော်လည်း ကျင့်ကြံရေး ဘက်တွင် ပင်ကိုယ်ပါရမီက အားနည်း ကြသည်။ အမှိုက်ဆန်သည်ဟုပင် ပြောနိုင်သည်။

ထိုအကြောင်းကို လူအများစုက မသိကြပေ။ ကြီးမြတ်သော မဟာသခင် အချို့သည် သူတို့က ယွမ်ဟူနယ်ပယ် ရောက်ရှိရန် မျှော်လင့်ချက် မထားတော့ဘူးဟု တမင်တကာ ပြောဆို တတ်ကြသည်။

သို့သော် လင်းဟုန်ကျူးကမူ ရှင်းရှင်းလင်းလင်း သိနေသည်။

“မဟာသခင်လေးက စည်းတံဆိပ် ဘက်မှာ အရမ်း အားစိုက်ထားတော့ ကျင့်ကြံရေးဘက်မှာ....’

လင်းဟုန်ကျူးက ကြိတ်ပြီး သက်ပြင်း ချလိုက်သည်။

ချင်ယန်၏ ယခုလက်ရှိ ကျင့်ကြံခြင်းအဆင့် အကြောင်းကို မေးချင်သော်လည်း လင်းဟုန်ကျူးသည် သေသေ ချာချာ

စဉ်းစားပြီးနောက် မမေးလိုက်တော့ပေ။ ချင်ယန် စိတ် ထိခိုက်သွားမည်ကို အားနာ နေမိသည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်းက ငါ့ကို အများကြီး ကူညီပေးခဲ့တော့ ငါကလည်း မင်းကို အများကြီး ကူညီပေးသင့်ပါတယ်။ အခုတော့ မင်း ဘေးကင်းမယ်လို့ ထင်တယ်...."

လင်းဟုန်ကျူးက ပြုံးလိုက်ပြီး.....

"မင်းက ချမ်ဂျူး အကယ်ဒမီ အခြေအနေကို မေးချင်ရင် ငါ ကူညီ ပေးနိုင်တယ်။ အခုလက်ရှိ မင်းက ကြီးမြတ်သော မဟာသခင် ဖြစ်နေပြီ။

ချမ်ဂျူး အကယ်ဒမီကို အထက်တန်း နည်းပြ အနေနဲ့ ဝင်လို့ ရနေပြီ.....”

“ဒီလိုဆိုရင် မီးနဂါး အင်ပါယာက အပေါ်ယံ လှုပ်ရှားရဲမှာ မဟုတ်တော့ဘူး။ မင်းကို တန်ခိုးရှင် နည်းနည်းလေးနဲ့ပဲ ကြိတ်ပြီး ကိုင်တွယ်လိမ့်မယ်.”

## အခန်း(၂၀၈) - နတ်ဆိုးတစ်ထောင် လှိုဏ်ဂူ....

"မြို့သခင်လင်း....။ မင်း ယွမ်ဒန် နယ်ပယ်ကို ရောက်ချင်လား...."

ချင်ယန်က လင်းဟုန်ကျူးကို ကြည့်ရင်း ပြုံးပြီး မေးလိုက်သည်။

လင်းဟုန်ကျူး၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင် နယ်ပယ်အဆင့် (၉) ဖြစ်နေပြီး ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) ကို ရောက်နေသည်မှာ အချိန်

အတော်ကြာနေပြီ ဖြစ်သောကြောင့် စုဆောင်းမှုက လုံလောက်သင့်သည်။

အကယ်၍ လင်းဟုန်ကျူးက သူမဘာသာ သူမ ကြိုးစားမည် ဆိုပါက အရင်းအမြစ်များစွာ အသုံးပြုလျှင်ပင် သုံးနှစ်မှ ငါးနှစ်အတွင်း ယွမ်ဒန်နယ်ပယ်သို့ ရောက်ရှိရန် မဖြစ်နိုင်ပေ။

သို့သော် ချင်ယန်က ကူညီပေးမည် ဆိုပါက အခြေအနေက တော်တော်လေး ကွာခြား သွားလိမ့်မည်။

လင်းဟုန်ကျူးက အရင်းအမြစ်များစွာ အသုံးပြုချင်စိတ် ရှိသ၍ ရက်အနည်းငယ် အတွင်း ယွမ်ဒန် နယ်ပယ်သို့ သေချာပေါက် ရောက်သွားအောင် ချင်ယန်က ကူညီ ပေးနိုင်သည်။

မူလက ချင်ယန်တွင် ထိုကဲ့သို့ အစီအစဉ်မျိုး မရှိပေ။

သို့သော် လင်းဟုန်ကျူးက သူ့ကို ကာကွယ်ပေးရန် အစွမ်းကုန် ကြိုးစားခဲ့သဖြင့် ချင်ယန်က သူ့အတွေးကို ပြောင်းလိုက်ခြင်း ဖြစ်သည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) ကနေ ယွမ်ဒန် နယ်ပယ် မရောက်ချင်တဲ့ တန်ခိုးရှင် ရှိလို့လား..."

"ကံဆိုးတာက ဒါက အရမ်း ခက်ခဲလွန်းတယ်.."

"ချမ်ဂျူး ကျွန်းဆွယ်မှာ အခုလက်ရှိ ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ရာထက် မနည်း ရှိပေမဲ့ ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်က နည်းနည်းလေးပဲ ရှိတယ်။ တန်ခိုးရှင်တွေက ယွမ်ဒန် နယ်ပယ် ရောက်သွားတာနဲ့ ချမ်ဂျူး ကျွန်းဆွယ်က

ထွက်သွားကြတယ်။ ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်တွေက အချိန် တော်တော်လေး ကြာအောင် အသက်ရှင် နိုင်တာကိုး...”

“အဓိက အကြောင်းအရင်းကတော့ အဆင့် ထပ်တက်ရတာ အရမ်း ခက်လို့ပဲ..”

လင်းဟုန်ကျူးက ကူကယ်ရာမဲ့နေသော ပုံစံနှင့် ပြောလိုက်သည်။

ချင်ယန်က လင်းဟုန်ကျူးကို ကြည့်ပြီး ရယ်မောလိုက်သည်။

လင်းဟုန်ကျူး ကျက်သေ သေသွားပြီး.......

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်းဆီမှာ ငါ့ကို ယွမ်ဒန် နယ်ပယ်ရောက်အောင် လုပ်ပေးနိုင်တဲ့ နည်းလမ်း ရှိနေတာလား.."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်ပြီး....

"ရှိတယ်.."

"ဒီလို မလုပ်ခင် ငါမင်းကို ကူညီပေးဖို့ လိုတာလား...."

ချင်ယန်က ပြုံးလိုက်ပြီး.....

“ဒါပေါ့ ယွန်ဒန် ရောက်ဖို့အတွက် အရင်းအမြစ် အများကြီး ပြင်ဆင်ဖို့ လိုသေးတယ်။ ဆေးပြားတစ်ခု ဖွဲ့စည်းရတာ မလွယ်ဘူး..”

ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နှင့် ယွမ်ဒန် နယ်ပယ်ကြားတွင် ကြီးမားသော အတားအဆီးကြီး ရှိနေသည်မှာ အမှန်ပင်.......

သို့သော် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) မှ ယွမ်ဒန် နယ်ပယ်သို့ ရောက်ရှိသွားသောအခါ ယွမ်ချီ

အရည်များက ခဲလာပြီး ရွှေ့ပြောင်းအူတိုင် အဖြစ် ပြောင်းလဲသွားသည်။ ဒါက ပုံစံ ပြောင်းလဲခြင်းပင်....

နဂါးဟိန်းတိုက်ကြီး တစ်ခုလုံးတွင် မရေမတွက်နိုင်သော ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) တန်ခိုးရှင်များက သူတို့ တစ်သက်လုံး ယွမ်ဒန် နယ်ပယ်သို့ မတက်လှမ်း နိုင်ခဲ့ကြပေ။

အဆင့်တက်ရင်း မတော်တဆ ဖြစ်ပြီး သေဆုံးသွားသော တန်ခိုးရှင်များလည်း အများကြီး ရှိနေသည်။

အကယ်၍ မဆိုးရွားပါကာ ကျင့်ကြံခြင်း အခြေခံ ပျက်ဆီးပြီး အသုံးမဝင်သော လူတစ်ယောက် ဖြစ်သွားလိမ့်မည်။ အခြေအနေ ပြင်းထန်မည် ဆိုပါက ယွမ်ဒန် ပေါက်ကွဲပြီး အပိုင်းပိုင်းဖြစ်ကာ သေဆုံး သွားလိမ့်မည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်း အတည် ပြောနေတာလား..."

လင်းဟုန်ကျူး၏ ခန္ဓာကိုယ်က တုန်ယင်နေသည်။ ကြီးမြတ်သော မဟာသခင် တစ်ယောက်ထံမှ ကြားနေရခြင်း ဖြစ်သော်လည်း မယုံနိုင်သေးပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

"လင်းဟုန်ဖိန်းကို မကုသ ပေးခင်တုန်းကလည်း ငါ ကုသနိုင်တယ်လို့ ပြောခဲ့တာ မင်း မယုံခဲ့ဘူးလေ။ ဒါပေမဲ့ တကယ်တမ်းကျတော့ ဘယ်လောက်မှ မကြာလိုက်ဘူး။ လင်းဟုန်ဖိန်းရဲ့ ပြဿနာကို ငါဖြေရှင်းခဲ့တယ်။ ဒါပဲ့ မင်းက မယုံဘူးဆိုလည်း အတင်းအကျပ် မလုပ်ပါဘူး..."

"ယုံတယ်.. ငါ ယုံတယ်...."

လင်းဟုန်ကျူးက အမှန်တကယ် ခိုင်မာစွာ ပြောလိုက်သည်။

လင်းဟုန်ကျူးသည် လင်းဟုန်ဖိန်း၏ အခြေအနေကို ပြန်တွေးရင်း ချင်ယန်အပေါ် ပိုမို ယုံကြည်လာခဲ့သည်။

"ကြီးမြတ်သော မဟာသခင်ချင် ၊ မင်းအတွက် ဘာလုပ်ပေးရမလဲ မသိဘူး...."

ချင်ယန်က ပြုံးလိုက်ပြီး....

"မြို့သခင်လင်း၊ မင်းနဲ့အတူ ဝမ်ရှိ ကုန်းမြေက ဂူကို သွားမယ်ဆိုရင်ရော ဘယ်လိုလဲ...."

လင်းဟုန်ကျူးက မျက်နှာ ပျက်သွားပြီး.....

“ကြီးမြတ်သော မဟာသခင်ချင်၊ နတ်ဆိုးတစ်ယောက်ဂူ အကြောင်းကို မင်းဘယ်လိုသိတာလဲ....”

လင်းဟုန်ကျူးက အနည်းငယ် စဉ်းစားမရဖြစ်နေသည်။ ချမ်ဂျူး ကျွန်းဆွယ် တစ်ခုလုံးတွင် နတ်ဆိုးတစ်ထောင် ဂူအကြောင်းကို မည်သူမျှမသိပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီး.....

“မြို့သခင်လင်းက ဒီအကြောင်း သိစရာမလိုပါဘူး။ မြို့သခင်လင်းသာ နတ်ဆိုး

တစ်ထောင်ဂူကို ငါနဲ့လိုက်ပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နတ်ဆိုးသားရဲ တစ်ကောင် ကူညီပြီး ဖမ်းပေးပါ။ အချိန်တန်ရင် မြို့သခင်လင်းကို ယွမ်ဒန် နယ်ပယ် ရောက်အောင် ကူညီပေးမယ်....”

လင်းဟုန်ကျူးက မျက်မှောင် ကြုတ်လိုက်ပြီး......

“ကြီးမြတ်သော မဟာသခင်ချင်၊ နတ်ဆိုးတစ်ထောင် လှိုဏ်ဂူကြီးက အရမ်း အန္တရာယ်များတယ်။ အလောင်းတွေ ထပ်ထားတဲ့ နေရာဆိုတာ မင်းလည်း သိနေတာပဲ။ ပြီးတော့ အသူရာနဂါး ကျွန်းဆွယ်က မကြီးမားဘူး ဆိုပေမဲ့

အစွမ်းထက်တဲ့ မွန်းစတားတွေ ရှိတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိသင့်တယ်။ အဓိက အကြောင်းအရင်းက အဲ့မွန်းစတားတွေက အလောင်းတွေ မြုပ်ထားတဲ့ နေရာမျိုးတွေမှာ ဝင်နေကြတဲ့ အချက်ပဲ…”

ချင်ယန်က ခေါင်းညိတ် ပြလိုက်သည်။ သူ ထိုအကြောင်းများကို သိသည်။

ဟိုးရှေ့အရင်တုန်းက လူသားမျိုးနွယ်နှင့် မွန်းစတား မျိုးနွယ်များ စစ်ဖြစ်ခဲ့ပြီး နဂါးဟိန်း တိုက်ကြီးကို လူသား မျိုးနွယ်များက အနိုင်ရခဲ့သည်။

အစွမ်းထက်သည့် မွန်းစတား မျိုးနွယ်များက မြေအောက်ဂူများ ဖွင့်ပြီး မွန်းစတား မျိုးနွယ်က တန်ခိုးရှင်များကို မြေအောက်ဂူများထဲ မောင်းထည့်ခဲ့ကြသည်။

နဂါးဟိန်း တိုက်ကြီးတွင် မွန်းစတား မျိုးနွယ်များ ရှိသေးသော်လည်း သူတို့၏ အင်အားက အများကြီး အားနည်း သွားခဲ့သည်။ အစွမ်းထက်သော မွန်းစတား မျိုးနွယ်များကို နက်ရှိုင်းသော တောင်တန်းများနှင့် ရှေးဟောင်း သစ်တောများ ထဲတွင်သာ ရှာတွေ့ နိုင်တော့သည်။

မွန်းစတား မျိုးနွယ်တွင် တန်ခိုးရှင် အမျှားကြီး ရှိလာပါက အခြေအနေ ပြောင်းလဲ လာလိမ့်မည်။

"ကြီးမြတ်သော မဟာသခင်ချင်၊ မင်းက ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နတ်ဆိုးသားရဲကို လိုချင်ရင် ငါ့ဆီမှာ နောက်ထပ် နည်းလမ်းတစ်ခု ရှိသေးတယ်။ ချမ်ဂျူးမြို့ နတ်ဆိုးသားရဲကွင်းမှာ ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) နတ်ဆိုးသားရဲတွေ ရှိတယ်။ ပိုက်ဆံ အမျှားကြီး ပေးမယ်ဆိုရင် အသက်ရှင်တဲ့ တစ်ကောင်ကို ဝယ်လို့ရတယ်…"

"ဒီအကြံက ကောင်းတယ်လို့ မထင်ရင် တခြား နေရာမှာ သွားဖမ်းကြမယ်လေ..."

လင်းဟုန်ကျူးက နတ်ဆိုး တစ်ထောင် လှိုဏ်ဂူထဲကို အမှန်တကယ် မဝင်ချင်သဖြင့် အကြံ လျှောက်ပေး နေခဲ့ခြင်းပင်။

သူမ၏ ယွမ်ဟိုင် နယ်ပယ်အဆင့် (၉) ကျင့်ကြံခြင်း အဆင့်နှင့်ပင် နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲတွင် အန္တရာယ် များနေသေးကြောင်း လင်းဟုန်ကျူးက သိနေသည်။

ချင်ယန်က....

“မြို့သခင်လင်း.. ငါကတော့ နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲဝင်ဖို့ ခေါင်မာ နေတုန်းပဲ...”

နတ်ဆိုးထိန်း လက်စွပ်က ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးများကို တစ်ကောင်ထက် ပိုပြီး ထိန်းချုပ်နိုင်သည်။

သို့သော် နတ်ဆိုးထိန်း လက်စွပ်ထဲတွင် အဓိက ထိန်းချုပ်သော နတ်ဆိုးသားရဲနှင့် အရန် ထိန်းချုပ်သော နတ်ဆိုးသားရဲဟူ၍ နှစ်မျိုး ခွဲခြားထားသည်။

နတ်ဆိုးသားရဲ သခင်က နတ်ဆိုး သားရဲကို တိုက်ခိုက်ရန် စေလွှတ်ပါက ချင်ယန်အတွက် စွမ်းအင် ကုန်ကျမှု နည်းပါးပြီး တိုက်ပွဲကို ကြာရှည်စွာ တိုက်ခိုက်နိုင်သည်။

အရန် ထိန်းချုပ်ထားသော နတ်ဆိုးသားရဲက စွမ်အင် အများကြီး စားသုံးသည်။

ထို့ကြောင့် နတ်ဆိုးထိန်း လက်စွပ်ထဲ ပထမဦးဆုံး ထည့်သွင်းမည့် နတ်ဆိုးသားရဲက ချင်ယန်အတွက် အလွန် အရေးပါနေသည်။ ၎င်းက သန်မာရန်

လိုအပ်သလို ပင်ကိုယ် အရည်အချင်းကလည်း အလွန် ကောင်းမွန်နေမှ ဖြစ်လိမ့်မည်။

သူက ယခု လက်ရှိတွင် ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) ဖြစ်ပြီး အနာဂါတ်တွင် ယွမ်ဒန် နယ်ပယ်။ အကယ်၍ ဓမ္မကလေးငယ် အဆင့်အထိ ဖြစ်သွားမည်ဆိုပါက အကောင်းဆုံး ဖြစ်သည်။

ချမ်ဂျူးမြို့တွင် ချင်ယန် လိုအပ်ချက်နှင့် ကိုက်ညီသည့် နတ်ဆိုးသားရဲ တစ်ကောင် ရှာတွေ့ရန် ခက်ခဲလွန်းသည်။

နတ်ဆိုးတစ်ထောင် လှိုဏ်ဂူကမူ ကွဲပြား ခြားနားသည်။

ချင်ယန်သည် တစ်ချိန်တုန်းက နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲ ဝင်ခဲ့ဖူးသဖြင့် တစ်နေရာတည်း နေတတ်သည့် နတ်ဆိုးသားရဲများ အကြောင်းကို ကောင်းကောင်း သိထားသည်။ ထို့ကြောင့် သူ့အတွက် အလွန် သင့်တော်နေသည်။

လင်းဟုန်ကျူးက စကာထပ် မပြောခင် အချိန် အတော်ကြာအောင် စဉ်းစားလိုက်ပြီး.....

“ကြီးမြတ်သော မဟာသခင်ချင်၊ လိုက်ဝင်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ငါကိုယ်တိုင်တောင် အန္တရာယ် ဖြစ်နိုင်လို့ ကြီးမြတ်သော မဟာသခင်ရဲ့ ဘေးကင်း လုံခြုံမှုကို တစ်ရာ ရာခိုင်နှုန်း အာမ မခံနိုင်ဘူး....”

“ပြီးတော့ ငါတို့တွေ နတ်ဆိုး တစ်ထောင်ဂူထဲ ဝင်သွားမယ်ဆို မီးနဂါး အင်ပါယာက တန်ခိုးရှင်တွေလည်း လိုက်ဝင် လာလိမ့်မယ်...”

"အဲ့အချိန်ကျရင် ငါတို့ ရင်ဆိုင်ရမယ့် အန္တရာယ်က နတ်ဆိုး သားရဲ တစ်မျိုးတည်း မဟုတ်တော့ဘူး..."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"မြို့သခင်လင်း... ဒါတွေကို ငါ သိတယ်။ အခုလက်ရှိ နတ်ဆိုးတစ်ထောင် ဂူထဲကို ဝင်သွားရင် ဘာမှ မဖြစ်ဘူး မဟုတ်လား."

လင်းဟုန်ကျူးက ခေါင်းခါလိုက်ပြီး.....

"ဒါက မမှန်ဘူး....."

"ငါတို့ လူသား တန်ခိုးရှင်တွေက အလောင်းမြုပ်ထားတဲ့ နေရာတွေထက် ပိုအင်အားကောင်းတယ် ဆိုပေမဲ့ အလောင်းမြုပ်ထားတဲ့ နေရာထဲက နတ်ဆိုး သားရဲတွေကို ဖျက်ဆီးပစ်ဖို့ ခက်နေတုန်းပဲ။ တကယ်လို့ မြေအောက်ထဲမှာ နတ်ဆိုးသားရဲတွေ အလွန်အကျွံ သေသွားရင် သူတို့ရဲ့ သွေးစွမ်းအင်က လှိုဏ်ဂူထဲမှာ ရှိတဲ့ ပိုအစွမ်းထက်တဲ့ နတ်ဆိုး သားရဲတွေ ရောက်လာအောင် ဆွဲဆောင် သွားလိမ့်မယ်..."

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်ပြလိုက်သည်။ ဒီအကြောင်းကိုလည်း သူ သိသည့်။

နဂါးဟိန်း တိုက်ကြီး တစ်ခုလုံးတွင် မြေအောက်လှိုဏ်ဂူ အများကြီး ရှိသည်။ ထိုမြေအောက် လှိုဏ်ဂူများက သီးခြား ဖြစ်နေသော်လည်း အမှန်တကယ်တွင် တစ်ခုနှင့်တစ်ခု ဆက်နွယ် နေကြသည်။

မြေအောက်လှိုဏ်ဂူ တစ်ခုတွင် ပြင်ထန်းစွာ ထိခိုက်သွားပါက မကြာခင် အစွမ်းထက်သော နတ်ဆိုးသားရဲများ ရောက်ရှိ လာလိမ့်မည်။

ထို့ကြောင့် လူသား တန်ခိုးရှင်များက မြေအောက် လှိုဏ်ဂူများကို တစ်ခုပြီးတစ်ခု ရှင်းလင်းရန် အခက်တွေ့နေကြခြင်း ဖြစ်သည်။

လူသားမျိုးနွယ်နှင့် နတ်ဆိုးသားရဲ မျိုးနွယ်များသည် အလွန် ကျိုးပျက်လွယ်သော ဟန်ချက်ကို ထိန်းသိမ်ထားသည်မှာ အချိန် အတော်ကြာနေပြီ ဖြစ်သည်။

'ငါကလည်း မြေအောက် လှိုဏ်ဂူထဲမှာ ရှိတဲ့ နတ်ဆိုးသားရဲ အားလုံးကို သုတ်သင် ရှင်းလင်း

ချင်ပါတယ်။ အနာဂါတ်မှာ ဒီဟန်ချက်ကို ဆက်ထိန်းနိုင်ရင် ကောင်းတာပေါ့’

ချင်ယန်က စိတ်ထဲမှ ကြိတ် ပြောလိုက်သည်။

ပြန်လည် မွေးဖွားလာသော ချင်ယန်က အနာဂါတ်ကို သိနေသဖြင့် အနာဂါတ်တွင် ဒီဟန်ချက် ကျိုးပြတ်သွားမည့် အကြောင်းကိုလည်း သိနေသည်။

ယခုလက်ရှိတွင် မြေအောက် လှိုဏ်ဂူထဲတွင် ရှိနေသော နတ်ဆိုး သားရဲများက လူသားများထက် အားနည်းနေခြင်း မဟုတ်ပေ။ အနာဂါတ်တွင်

နတ်ဆိုး သားရဲဘက်၌ တားမြစ်ခြင်းအဆင့် နတ်ဆိုးသားရဲ တစ်ကောင် ရှိလာလိမ့်မည်။

ဒါသည် ကောင်းကင်ဘုံ နယ်ပယ် အဆင့် (၉) ကို ကျော်သွားသော အဆင့် ဖြစ်သည်။

လူသား ဖြစ်စေ၊ နတ်ဆိုး ဖြစ်စေ ကောင်းကင်ဘုံ နယ်ပယ်အဆင့်က အသန်မာဆုံး ဖြစ်နေသည်။

ထို့နောက် မည်မျှပင် အားကောင်းပါစေ ကြယ်တာရာ မဟာကမ္ဘာကြီးကို ပျံသန်းသွားရန် လိုအပ်သည်။

တားမြစ်ခြင်းအဆင့် နတ်ဆိုးသားရဲ ဆိုသည်မှာ မိုးနှင်မြေကြီး နိယာမကို ချိုးဖောက်ထားသော ကောင်းကင်ဘုံ နယ်ပယ် အဆင့်အထက်က တည်ရှိမှု ဖြစ်သည်။

ထိုအဆင့် နတ်ဆိုးသားရဲက ကောင်းကင်ဘုံ နယ်ပယ်အဆင့် တန်ခိုးရှင်ကို အလွယ်တကူ သတ်ဖြတ်နိုင်သည်။ ကောင်းကင်ဘုံ နယ်ပယ်အဆင့် တန်ခိုးရှင် ဆယ်ယောက်က နတ်ဆိုးသားရဲကို သတ်ဖြတ်ရန် မဆိုထားနှင့် ယှဉ်ပြိုင် တိုက်ခိုက်ရန်ပင် အလွန် ခက်ခဲနေပြီ ဖြစ်သည်။

'အဲ့အချိန်တုန်းက.. ဟင်း...'

ချင်ယန်က တိတ်တိတ်လေး သက်ပြင်း ချလိုက်သည်။

သူ ပြန်လည် မမွေးဖွားခင်က သူသည် ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ဧကရာဇ်ကဲ့သို့ သိုင်းဝိညာဉ်ကို ပိုင်ဆိုင်ထားကာ ထိုစဉ်အချိန်က ကောင်းကင်ဘုံနယ်ပယ် အဆင့် (၉) ရှိပြီး ကောင်းကင်ဘုံ နယ်ပယ် တန်ခိုးရှင်များ ကြားမှာပင် အလွန်သန်မာ နေခဲ့သည်။

သူနှင့် ကောင်းကင်ဘုံ နယ်ပယ် တန်ခိုးရှင် ငါးယောက်တို့က တားမြစ် မွန်းစတား ကေရာဇ်ကို ဝိုင်းပြီး တိုက်ခိုက်ခဲ့သည်။ နောက်ဆုံး ရလဒ်မှာ သူတို့ဘက်က နှစ်ယောက်သေ၊ တစ်ယောက်က ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့သည်။ တားမြစ် မွန်းစတား ကေရာဇ်က ပြင်းပြင်းထန်ထန် ဒဏ်ရာ ရသွားသော်လည်း ထွက်ပြေး လွတ်မြောက် သွားသေးသည်။

ထိုတိုက်ပွဲတွင် ချင်ယန်က အဓိက အင်းအားစု ဖြစ်ခဲ့သည်။ ကောင်းကင်ဘုံ နယ်ပယ် တန်ခိုးရှင်

ခြောက်ယောက်က တားမြစ် မွန်းစတား ကေရာဇ်ကို တိုက်ခိုက်ခဲ့သည်။ ဒါသည်ပင် အားကြီး အင်းအားစု တော်တော်များများက ကြီးမားသော အောင်ပွဲဟု ထင်ကြသည်။ သို့သော် ချင်ယန်၏ အမြင်တွင် အရက်ကွဲခြင်း တစ်ခုသာ ဖြစ်သည်။

ရှက်လွန်း၍ မျက်နှာထားစရာ မရှိသော အဖြစ်မျိုး ဖြစ်သည်။

သေသွားသော ကောင်းကင်ဘုံ နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က ချင်ယန်နှင့် ဆက်ဆံရေး အလွန် ကောင်းမွန်သော လူများ ဖြစ်နေသည်။

ထိုတိုက်ပွဲ ပြီးသွားသော အခါ ချင်ယန်က အရှုံးအမူး လေ့ကျင့်ခဲ့ပြီး ကောင်းကင်ဘုံ နယ်ပယ်ထဲတွင် ပိုမို အားကောင်း လာခဲ့သည်။ သို့သော်လည်း တားမြစ်မွန်းစတား ကေရာဇ်နှင့် နောက်တစ်ကြိမ် တိုက်ခိုက်ရာတွင် ထပ်မံ ရှုံးနိမ့်ပြီး ခွေးပြေးဝက်ပြေး ထွက်ပြေး ခဲ့ရသည်။

ထို တိုက်ပွဲအပြီးတွင် တားမြစ် မွန်းစတား ကေရာဇ်က ကြယ်တာရာ မဟာကမ္ဘာကြီးကို တက်လှမ်း သွားသည်။

သိပ်မကြာခင် ချင်ယန်လည်း တက်လှမ်း သွားခဲ့သည်။

တားမြစ် မွန်းစတား ကေရာဇ် အဆင့် တက်သွား ပြီးနောက် နဂါးဟိန်း တိုက်ကြီးက ပြန်လည် တည်ငြိမ်လာခဲ့သည်။ ထို့ပြင် လူသားမျိုးနွယ်၏ တန်ခိုးရှင် အရေအတွက်လည်း အလွန် နည်းပါး သွားခဲ့သည်။

နတ်ဆိုး သားရဲများက မြေအောက် လှိုဏ်ဂူထဲမှ ပြန်ထွက် လာခဲ့ကြသည်။

'တားမြစ် မွန်းစတား ကေရာဇ်က အခုချိန်မှာ အဆင့် (၉) ဖြစ်လောက်တယ်...'

'ဒီဘဝမှာ တားမြစ်အဆင့် မရောက်ခင် သတ်နိုင်မှ ပိုကောင်းမယ်....'

ချင်ယန် မျက်လုံးထဲတွင် အလင်းရောင်တစ်ခု ဖြတ်ခနဲ လက်သွား၏။ ပြန်လည် မွေးဖွားလာခဲ့ပြီ ဖြစ်သဖြင့် ယုံကြည်မှု ပိုရှိနေသည်။

ချင်ယန်က ဤဘဝတွင် တားမြစ်အဆင့် ရောက်နိုင်သည်။

## အခန်း(၂၀၉) - ပြဿနာ ပိုကြီးလာခြင်း..

“ကြီးမြတ်သော မဟာသခင်ချင်၊ ပြဿနာ တစ်ခုခု ရှိလို့လား..”

လင်းဟုန်ကျူးက ချင်ယန်ကို စဥ်းစား မရသော အမူအရာနှင့် ကြည့်နေသည်။ ချင်ယန် ပြောင်းလဲသွားသော အမူအရာနှင့် ပက်သက်၍ မသေချာ မရေရာပေ။

ချင်ယန် အသက် ပြင်းပြင်းလေး ရှူပြီး ခေါင်းခါလိုက်ကာ......

"ဘာမှ မဟုတ်ပါဘူး..."

တားမြစ်မွန်းစတား ကေရာဇ်ကို ကိုင်တွယ်မည့် ကိစ္စနှင့် ပက်သက်၍ ချင်ယန်နှင့် အလှမ်း ဝေးနေသေးသည်။

ယခုအခါ ချင်ယန်၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟူ နယ်ပယ် အဆင့် (၄) လေးသာဖြစ်ပြီး ဤမျှ သေးငယ်သော ခွန်အားလေးနှင့် လက်တွေ့ မဆန်သော အရာကို စဉ်းစားနေခြင်းက

အချိန်ဖြုန်းခြင်းသာ ဖြစ်သည်။ ထို့အတူ ကိုယ့်ကိုယ်ကိုယ် ပြဿနာ ရှာနေခြင်းလည်း ဖြစ်သည်။

ယခုလက်ရှိတွင် တန်ထန် အင်ပါယာ၊ မီးနဂါး အင်ပါယာနှင့် ဝေ့ကျင့်ဂူ စသည့် ပြဿနာများ ရှိနေပြီ ဖြစ်သဖြင့် သူ့အတွက် ပြဿနာများ မရှားပေ။

"ကြီးမြတ်သော မဟာသခင်ချင်၊ ဘယ် အချိန်လောက် နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲ ဝင်ဖို့ စဉ်းစားထားလဲ..."

ချင်ယန်က.....

"လင်းဟုန်ဖိန်း နိုးပြီးတာနဲ့..."

လင်းဟုန်ဖိန်း မနိုးသေးသဖြင့် လင်းဟုန်ကျူး နောက်ဆံ တင်းနေလိမ့်မည်ဟု ချင်ယန်က ခန့်မှန်းလိုက်သည်။

"ရတယ်လေ....'

လင်းဟုန်ကျူးက ခေါင်းညိတ်လိုက်ပြီး.....

"အထဲမဝင်ခင်၊ ငါလည်း အဆင်သင့် ဖြစ်အောင် ပြင်ဆင် ရအုံးမယ်..."

"မြို့သခင်...."

ထိုစဉ် လူတစ်ယောက်က အံ့အားသင့်နေသော အမူအရာနှင့် အလောတကြီး ပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ...."

"မြို့သခင်... မြို့တော်သခင်လေး နိုးလာပြီ။ ဗိုက်ဆာတယ်လို့ ပြောနေတယ်...'

လင်းဟုန်ဖိန်းသည် မတော်တဆမှု ဖြစ်ပြီး ကတည်းက စိတ်အခြေအနေက အမြဲတမ်း အုံ့မှိုင်း နေခဲ့ပြီး ဘာမှ မစားချင်ခဲ့ပေ။ ယခုအခါ

အစားစားချင်သည်ဟု ပြောလာသဖြင့် အခြေအနေ ကောင်းမွန်နေသည်။

"သွားကြည့်ရအောင်..."

လင်းဟုန်ကျူးက ပြုံးရွှင်နေသော အမူအရာနှင့်....

"ကြီးမြတ်သော မဟာသခင်ချင်၊ အရမ်း ကျေးဇူးတင်ပါတယ်။ ဟောင်ယန်မြို့မှာ ကြီးမြတ်သော မဟာသခင် နေ နေသရွေ့ ကာကွယ်ပေးပါ့မယ်။ သိဒ္ဓိအလင်း အိမ်တော်မှာ စိတ်ချလက်ချ နေနိုင်ပါတယ်။ တကယ်လို့

တစ်ယောက်ယောက်က မင်းကို ပြဿနာ လာရှာရင် ငါနဲ့ တွေ့မယ်...”

“အင်း..”

ချင်ယန်က ခေါင်းညိတ် လိုက်သည်။

ချင်ယန်နှင့် လင်းဟုန်ကျူးတို့က မြို့သခင်အိမ်တော်သို့ ရောက်ရန် အချိန် သိပ်မကြာလိုက်ပေ။

ရောက်သွားသောအခါ လင်းဟုန်ဖိန်းက အစားစားနေပြီး မျက်နှာ အခြေအနေက အလွန်ကောင်းမွန်နေသည်။

"အမေ....."

လင်းဟုန်ဖိန်းက လင်းဟုန်ကျူးကို မြင်လိုက်သည်နှင့် ဝမ်းသာ အားရ ထအော်လိုက်သည်။ ထို့နောက် ချင်ယန်ကို မြင်သွားပြီး ကမန်းကတန်း ထရပ်လိုက်ကာ....

"စီနီယာ..."

လင်းဟုန်ဖိန်းက ချင်ယန်ကို မြင်သည်နှင့် လေးစားနေသလို အနည်းငယ်ပင် ကြောက်လန့်နေသေးသည်။

လင်းဟုန်ကျူး၏ မျက်လုံးထဲတွင် အံ့အင့်သွားသော အမူအရာများ ပေါ်လာသည်။ သူမသား လင်ဟုန်ဖိန်းက အနိုင်ကျင့်တတ်သည့် သူမျိုး မဟုတ်သော်လည်း နောက်ခံ ကောင်းကောင်း၊ ပင်ကိုယ် ပါရမီ ကောင်းကောင်းနှင့် ကြီးပြင်းလာသူ ဖြစ်သဖြင့် မိုးနှင့် မြေကြီးကိုပင် မကြောက်တတ်သော စရိုက်မျိုးရှိသည်။ ထို့ကြောင့် အလောင်း မြုပ်နှံထားသည့် နေရာကို တစ်ယောက်တည်း ဝင်သွားခဲ့ခြင်း ဖြစ်သည်။

အများအားဖြင့် လင်းဟုန်ကျူး၏ လုပ်ဖော်ကိုင်ဖက်များနှင့် တွေ့သည့်အခါ အလွန်ယဉ်ကျေးလေ့ မရှိပေ။

ချင်ယန်က လင်းဟုန်ဖိန်း ထက်ပင်ငယ်နေသေးသည်။

ချင်ယန်က ပါးပါးလေး ပြုံးလိုက်မိသည်။ လင်းဟုန်ဖိန်း၏ အပြုအမူက ပုံမှန်သာ ဖြစ်သည်။ သူက လင်းဟုန်ဖိန်း၏ အသိစိတ် ပင်လယ်ထဲဝင်ပြီး လူပုံစံ အသွင်ယူထားသော ဆယ်ကျန်း

မြင့်သည့် နတ်ဆိုးဝိညာဉ်ကို သတ်ဖြတ်ခဲ့သည် မဟုတ်ပါလော....

လင်းဟုန်ဖိန်းက ထို မြင်ကွင်းကို မမြင်ခဲ့သော်လည်း သူ့ မသိစိတ်ထဲတွင် ချင်ယန်ကို ရန်စ၍ မဖြစ်ကြောင်း ခံစားနေရသည်။

“မြို့သခင်လင်း... ဂုဏ်ပြုပါတယ်။ မြို့တော် သခင်လေးမှာ ဘာပြဿနာမှ မရှိတော့ပါဘူး..”

ချင်ယန်၏ စကားကြောင့် လင်းဟုန်ကျူး စိတ်ထဲမှ အပူမီးများ လုံးဝ ငြိမ်းကျသွားသည်။ သူမက လင်းဟုန်ဖိန်းကို စိုက်ကြည့်လိုက်ကာ.....

"ဟုန်ဖိန်း... နောက်တစ်ကြိမ် ဒီလို ထပ်လုပ်ရဲ ထပ်လုပ်ကြည့်။ ဒီတစ်ကြိမ်မှာ ကြီးမြတ်သော မဟာသခင်ချင်နဲ့ မတွေ့ခဲ့ရင် သေနေပြီ...."

"ဟုတ်ကဲ့.."

လင်းဟုန်ဖိန်းက ကြောက်လန့်သွားပြီး ယောင်၍ ခေါင်းပင် ညိတ်ပြ လိုက်သေးသည်။

လင်းဟုန်ဖိန်းသည် သူ့ခန္ဓာကိုယ် အတင်း လုယူခြင်း ခံနေရပြီး ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်ရန် အတွက် နတ်ဆိုးဝိညာဉ်နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက် နေခဲ့ရသည်။

"အမေ၊ သားရဲ့ ပင်ကိုယ်ပါရမီက ပိုကောင်းလာတယ်လို့ ခံစားရတယ်။ ထင်ယောင်ထင်မှား ဖြစ်နေတာလား မသိဘူး..."

လင်းဟုန်ဖိန်းက ပြောလိုက်သည်။

"ပြီးတော့ စိတ်ထဲမှာ တစ်ခုခု ရှိနေသေးတယ်...."

လင်းဟုန်ကျူးက ချင်ယန်ကို လှမ်းကြည့်လိုက်ရာ ချင်ယန်က ပြုံးလိုက်ပြီး.....

"ထင်ယောင် ထင်မှား ဖြစ်နေတာ မဟုတ်ဘူး။ မင်းက နတ်ဆိုးဝိညာဉ် တစ်စိတ်တစ်ပိုင်းကို

စုပ်ယူလိုက်တော့ အခုလက်ရှိ မင်းရဲ့ ပင်ကိုယ် ပါရမီက အများကြီး တိုးတက်လာပြီ။ မင်းထဲမှာ ပေါ်နေတဲ့ အရာတွေကလည်း နတ်ဆိုး ဝိညာဉ် ကျင့်ကြံခြင်း ကျင့်စဉ်တွေနဲ့ သိုင်းကျင့်စဉ် တွေပဲ။ ဖြည်းဖြည်းခြင်း လက်ခံလိုက်။ ဒါဆိုရင် ရရှိလာတဲ့ အချက်အလက်တွေက များသထက် များလာလိမ့်မယ်....”

“အရင်တုန်းက ပင်ကိုယ် ပါရမီထက်စာရင် အခုလက်ရှိ ပင်ကိုယ် ပါရမီက အများကြီး ပိုမြင့်နေတယ်လို့ မင်း ခံစား လာရလိမ့်မယ်...”

"အနာဂါတ်မှာ ယွမ်ဒန် နယ်ပယ် ရောက်ဖို့ ပြဿနာ ကြီးကြီးမားမား မရှိဘူး. မင်းသာ ပိုကြိုးစားမယ်ဆို ဓမ္မကလေးငယ် နယ်ပယ်ကိုတောင် မျှော်လင့်လို့ ရတယ်...."

လင်းဟုန်ဖိန်း၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားသော အမူအရာများ ပေါ်လာသည်။

ယခုလက်ရှိ အချိန်တွင် ချင်ယန်ကို သူ မသိသော်လည်း ချင်ယန် ပြောသည့်စကားက အမှန်သာ ဖြစ်သည်ဟု သူ့ မသိစိတ်က ယုံကြည်နေသည်။

လင်းဟုန်ကျူးကလည်း ထပ်တူ ထပ်မျှ စိတ်လှုပ်ရှားနေသည်။

အချိန်တန်၍ လင်းဟုန်ဖိန်း ယွန်ဒန် နယ်ပယ်သို့မဟုတ် ဓမ္မကလေးငယ် နယ်ပယ်သို့ အမှန်တကယ် ရောက်ရှိ သွားပါက ဟောင်ယန်မြို့အတွက် ရတနာ အများကြီး ရရှိခြင်းထက် ပိုကောင်း သွားလိမ့်မည်။

ထိုကိစ္စနှင့် ပက်သက်ပြီး ပြောရမည် ဆိုလျှင် ဟောင်ယန်မြို့က လင်းဟုန်ဖိန်း ရှာတွေခဲ့သော ရတနာ၏ သုံးဆယ် ရာခိုင်နှုန်းကိုသာ ရရှိခဲ့သည်။

"ကြီးမြတ်သော မဟာသခင် ကျေးဇူး တင်ပါတယ်...."

လင်းဟုန်ကျူးက ရင်ထဲ အသည်းထဲမှ ကျေးဇူး တင်နေသည်။

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"မြို့သခင်လင်း.. ဒီည အနားယူပြီး ပြင်ဆင်လိုက်ပါ။ မနက်ဖြန် မနက်ကျရင် အတူတူ သွားရအောင်...."

“ရတယ်လေ…”

…..

“ချင်ယန်က ဟောင်ယန်မြို့မှာ ဟုတ်လား…”

“လင်းဟုန်ကျူးက ချင်ယန်ကို အမှန်တကယ် ကာကွယ်ပေးနေတာ ယုံတောင် မယုံနိုင်ဘူး….’

“ကြီးမြတ်သော မဟာသခင် လူငယ်လေး… အံ့အောစရာ ကောင်းလွန်းတယ်….’

တန်ခိုးရှင်များက ချမ်ဂျူး မြို့သို့ ပြန်ရောက်သွားသောအခါ ချင်ယန် သတင်းကို နားစွင့်နေသော လူတိုင်းက သတင်း ရသွားကြသည်။

ချင်ယန်ကို သတ်ဖြတ်သည့် လူတိုင်း၏ မိသားစုတိုင်းကို ဟောင်ယန်မြို့က လိုက်သတ်မည်ဟု ကြုံးဝါးထားသော လင်းဟုန်ကျူး၏ စကားကြောင့် လုပ်ကြံသူ တော်တော်များများက အလုပ်မှ တိတ်တဆိတ် နှုတ်ထွက် သွားကြသည်။

သူတို့ထဲတွင် အခြေခံအားဖြင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များက အနားယူ သွားကြသည်။

ဟောင်ယန်မြို့က အင်အား ကြီးမားသည်။ ထို့အပြင် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရောက်နေသော မြို့သခင် လင်းဟုန်ကျူးက အလွန် သန်မာလွန်းသည်။

ချင်ယန်ကို အောင်မြင်စွာ သတ်ဖြတ်နိုင်ခဲ့လျှင်ပင် အချိန်တန်ပါက လင်းဟုန်ကျူးက ရှာတွေ့ သွားနိုင်သည်။ ထိုအခါ အကျိုးဆက်များက ပြင်းထန် သွားလိမ့်မည်။

သို့သော် ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် အများစုက သူတို့ တာဝန်ကို လုံးဝ

လက်မလျှော့ပေ။ သူတို့က ဟောင်ယန်မြို့နှင့် လင်းဟုန်ကျူးကို သိပ် မကြောက်ချေ။

"မင်းတို့ နှစ်ယောက် ဘယ်လိုထင်လဲ..."

လျူရှင်းချန်က ပြောလိုက်သည်။

လျူရှင်းချန် ရှေ့တွင် ဖန်ယွမ်ပနှင့် ကောင်းချင်းတို့ နှစ်ယောက် ရှိနေသည်။

"ငါတို့က မီနဂါး အင်ပါယာထဲ ဝင်လိုက်ပြီ ဆိုတော့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက် ရမှာပဲ။ ဟောင်ယန်မြို့က စုဖွဲ့ထားတဲ့ အင်အားစု

မဟုတ်ဘူး။ ငါတို့ ဟောင်ယန်မြို့က အင်အားကြီးတဲ့ အင်အားစုနဲ့ ဆက်သွယ်လို့ ရတယ်။ တန်ခိုးရှင်တချို့ကို ငါတို့ စည်းရုံးလို့ ရတယ်...”

ကောင်းချင်းက တစ်လုံးခြင်း ပြောလိုက်သည်။

ဖန်ယွမ်ပက ခေါင်းညိတ်လိုက်ပြီး......

“ဟောင်ယန်မြို့မှာလည်း ရန်သူ ရှိတယ်။ ငါတို့ ဆက်သွယ်လို့ ရနိုင်တယ်။ အချိန်တန်ရင် ဟောင်ယန်မြို့ကို အတူတူ ဝိုင်းပြီး ဖိအား ပေးရမယ်....”

"ချမ်ဂျူး အကယ်ဒမီထဲ ချင်ယန် မဝင်သေးသရွေ့ ငါတို့ လက်ထဲမှာ ရှိသေးတယ်...."

ကောင်းချင်းက တစ်ချက် ပြုံးလိုက်ပြီး

"ပြီးခဲ့တဲ့ နာရီဝက်က သတင်းတစ်ခု ရခဲ့တယ်။ အခု လောလောဆယ်တော့ ချင်ယန်က ချမ်ဂျူး အကယဒမီထဲ ဝင်ဖို့ မဖြစ်နိုင်သေးဘူး..."

"ဘာဖြစ်လို့လဲ..."

ဖန်ယွမ်ပ မေးလိုက်သည်။

ကောင်းချင်းက တစ်ချက် ပြုံးလိုက်ပြီး......

“ချင်ယန်က ဝမ်ကျင်ဟန်လို့ ခေါ်တဲ့ လူတစ်ယောက်ကို သတ်ခဲ့ဖူးတယ်။ ဝမ်ကျင်ဟန်ရဲ့ ပင်ကိုယ်ပါရမီက အထွတ်အထိပ်တော့ မဟုတ်ပေမဲ့ ကံကောင်းခဲ့တယ်။ သူက ကျောင်းတက်နေတဲ့ အချိန်အတွင်းမှာ ချမ်ဂျူး အကယ်ဒမီရဲ့ လက်ထောက် နန်းတော်မှူးရဲ့ မြေးနဲ့ နှစ်ယောက်သား သံယောဇဉ် တွယ်ခဲ့တယ်။ လက်ထောက် နန်းတော်မှူးက လုံးဝ သဘော မတူခဲ့ဘူး။ ဒါပေမဲ့ ချင်ယန်က သူ့ကို သတ်လိုက်တော့လည်း လက်ထောက် နန်းတော်မှူးက မတုံ့ပြန်ဘဲ မနေနိုင်ဘူး..”

"ဝေ့ကျင့်ဝူရဲ့ အကြီးအကဲက လင်ထောက်နန်းတော်မှူးပဲ...။ လက်ထောက် နန်းတော်မှူးရဲ့ ရည်ရွယ်ကို သူက ချက်ဆို နားရွက်မီးတောက်တယ်။ ချင်ယန်ကို သတ်ဖို့ ချမ်ဂျူးအကယ်ဒမီက တစ်ခါ ထွက်သွားဖူးတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ ချင်ယန်က ဒီတောင်ရောက်နေပြီ...."

လျူရှင်းချန်က.....

"လက်ထောက် နန်းတော်မှူးကိုယ်တိုင် လွှတ်တာ မဟုတ်ဘူး မဟုတ်လား.."

ကောင်းချင်းက တစ်ချက် ပြုံးလိုက်ပြီး.....

"ချမ်ဂျူး အကယ်ဒမီရဲ့ နန်းတော်သခင်က ယွမ်ဒန် နယ်ပယ် အဆင့် (၉) မှာ အချိန် သိပ်ကြာတော့မှာ မဟုတ်ဘူး။ ခမ္ဘကလေးငယ် နယ်ပယ် တက်လှမ်းဖို့ တံခါးပိတ် ကျင့်ကြံတဲ့ အချိန်မှာ လျှပ်ရှားလိမ့်မယ်။ သူ ပြန်မထွက်လာခင် အချိန်အထိ ချမ်ဂျူး အကယ်ဒမီရဲ့ လက်ထောက် နန်းတော်မှူး သုံးယောက်ထဲက ရှေ့ထွက် နန်းတော်မှူး ဖြစ်လာလိမ့်မယ်..."

"ဝမ်ကျင်ဟာန်က ချင်ယန်ကို သတ်ဖို့ စလုပ်ခဲ့ပေမဲ့ ချင်ယန် လက်ချက်နဲ့ ပြန်သေ သွားတယ်။ လက်ထောက် နန်းတော်မှူးက ချင်ယန်ကို သတ်ဖို့ လူတစ်ယောက် လွှတ်လိုက်မယ်ဆို တခြား လက်ထောက် နန်းတော်မှူး နှစ်ယောက်က အပျော်လွန်ပြီး ထ ကလိမ့်မယ်။ ဒီလို ခိုင်းလိုက်ရင် အမဲစက်ကို မကြီး ကြီးအောင် ပုံကြီးချဲ့လိမ့်မယ်...."

ဖန်ယွမ်ပနှင့် အခြားလူများက ခေါင်းညိတ်လိုက်ကြသည်။ ကောင်းချင်းက ချမ်ဂျူးမြို့တွင်

အချိန်ပေးပြီး စုံစမ်းထားသဖြင့် အခြေအနေကို ရှင်းရှင်းလင်းလင်း သိနေသည်။

"ဒါဆိုရင် လက်ထောက် နန်းတော်မှူးက ချင်ယန်ကို အခု ကိုင်တွယ်တော့မှာလား..."

ဖန်ယွမ်ပ သည်းမခံနိုင်တော့ ထုတ်မေးလိုက်သည်။

ကောင်းချင်းက လည်ချောင်း စိုသွားအောင် လက်ဖက်ရည် တစ်ငုံ သောက်လိုက်ပြီး....

"နတ်ဆိုး တစ်ထောင် လှိုဏ်ဂူမှာ အပြောင်းအလဲဖြစ်နေလို့ နန်းတော်သခင်က နတ်ဆိုးတစ်ထောင်လှိုဏ်ဂူကို သွားတယ်။ ခဏလေးနဲ့တော့ ပြန်မရောက်နိုင်ဘူးလို့ ခန့်မှန်း ထားတယ်..."

"နန်တော်သခင်လည်း မရှိဘူး။ ရှေ့ထွက်နန်းတော်သခင်လည်း မရှိဘူး ဆိုရင် ပင်မကျောင်းသား... ဒါမှမဟုတ် အထက်တန်း နည်းပြတစ်ယောက် ခန့်အပ်ဖို့ဆိုရင် လက်ထောက်နန်းတော်မှူး သုံးယောက်လုံးရဲ့ ထောက်ခံမှုလိုအပ်တယ်။ ဒီအချိန်မှာ ချင်ယန်က ချမ်ဂျူး

အကယ်ဒမီထဲ ဝင်ချင်ရင် လုံးဝ မဖြစ်နိုင်ဘူးဆိုတာ သိသာနေတယ်...”

## အခန်း(၂၁၀) - နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲ ဝင်ခြင်း..

မနက်ခင်း အစောပိုင်းတွင် လင်းဟုန်ကျူးက သိဒ္ဓိအလင်း အိမ်တော်သို့ ရောက်ရှိလာသည်။

"ကြီးမြတ်သော မဟာသခင်ချင်...."

ချင်ယန်က လက်လှုပ်ရမ်း ပြလိုက်ပြီး....

"မြို့သခင်လင်း၊ ကြီးမြတ်သော စကားလုံးကို မသုံးတာ ကောင်းပါတယ်။ ငါ့ကို ကြယ်ငါးပွင့်

မဟာသခင် တစ်ယောက်လို့ သတ်မှတ်ထားရင် အဆင်ပြေတယ်”

လင်းဟုန်ကျူးက ခေါင်းညိတ်လိုက်သည်။ ကြီးမြတ်သော မဟာသခင်အချို့က သူတို့ကို မဟာသခင်ဟု ခေါ်လိုက်ပါက အလွန် စိတ်ဆိုးတတ်ကြသည်။

ယခုအခါ ချင်ယန်က ရှင်းရှင်းလင်းလင်း ပြောလိုက်ပြီ ဖြစ်သဖြင့် မည်သည့် ပြဿနာမှ မရှိတော့ပေ။

"မဟာသခင်ချင်၊ မင်း သိထားသင့်တဲ့ ကိစ္စတစ်ခု ရှိတယ်။ အခု လောလောဆယ် ချမ်ဂျူး အကယ်ဒမီထဲ မဝင်နိုင်မှာ ကြောက်မိတယ်..."

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး...

"ဘာကိစ္စရှိလို့လဲ...."

"နတ်ဆိုးတစ်ထောင် လှိုဏ်ဂူမှာ အပြောင်းအလဲ တချို့ ဖြစ်နေတယ်။ နန်းတော်မှူးက အပြောင်းအလဲ စစ်ဆေးဖို့ နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲ ဝင်သွားပြီ။ သူ ပြန် မရောက်သေးတဲ့ အချိန်အထိ ကြာလိမ့်မယ်..."

ထိုအကြောင်း ပြောနေရင်း လင်းဟုန်ကျူးက ပြုံးလိုက်ပြီး.....

“မဟာသခင်ချင်၊ နန်းတော်မှူး အဘိုးကြီးကူက နတ်ဆိုး တစ်ထောင် လှိုဏ်ဂူထဲ ဝင်နေတယ်ဆိုတော့ ငါတို့လည်း ဝင်ဖို့ အချိန်ကောင်းပဲ။ နန်းတော်မှူးကူက နတ်ဆိုးတစ်ထောင် လှိုဏ်ဂူထဲမှာ ရှိနေတော့ ယွမ်ဒန် နယ်ပယ် နတ်ဆိုးသားရဲတွေကို သူ့ကို စောင့်ကြည့်နေမှာပဲ....”

“ကံဆိုးလို့ ယွမ်ဒန်နယ်ပယ် နတ်ဆိုးသားရဲနဲ့ တွေ့ရင်တောင် ထွက်ပြေးနိုင်ဖို့ များတယ်....”

ချင်ယန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။ ဤကဲ့သို့ အချိန်အခါက လှုပ်ရှားဖို့ကောင်းသည်မှာ အမှန်ပင်။ မြေအောက်လှိုဏ်ဂူတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားမည့် အရေအတွက် စိတ်ပူ နေစရာ မလိုတော့ပေ။

"မြို့သခင်လင်း... ဒီလိုဆိုရင် နတ်ဆိုး တစ်ထောင် လှိုဏ်ဂူကို သွားရအောင်...."

"ဟုတ်ပြီ.."

မိနစ် အနည်းငယ် ကြာသောအခါ ရှီယန်တို့ တစ်ဖွဲ့လုံးက ရှင်လောင်းလှည့်သလို နောက်မှ

လိုက်လာသဖြင့် လင်းဟုန်ကျူးက ချင်ယန်ကို သံသယ မျက်လုံးများနှင့် ကြည့်လိုက်သည်။

ချမ်ဟိုင်၊ နန်ရွှမ် စသည့်လူများက အစောင့်များ ဖြစ်သဖြင့် သေချာပေါက် လိုအပ်သည်။ သို့သော် ရှောင်ကျူဝမ်နှင့် အခြားလူများက အိမ်ဖော်များ မဟုတ်ပါလား....

နတ်ဆိုးတစ်ထောင် လှိုဏ်ဂူကို အိမ်ဖော်များပါ ခေါ်ပြီး သွားနေသဖြင့် မည်ကဲ့သို့ ပြောရမှန်း မသိတော့ပေ။

ရှောင်ကျူ့ဝမ်နှင့် အခြားလူများ၏ ခွန်အားက အားမနည်းသော်လည်း ချင်ယန် သင်ပေးထားသည့် နည်းလမ်းနှင့် သူတို့၏ အော်ရာများကို ဖုံးကွယ်ထားကြသည်။ ပစ်ချက် မရှိသဖြင့် လင်းဟုန်ကျူးက သူမတို့၏ ကျင့်ကြံခြင်း အဆင့်ကို လုံးဝ မစစ်ဆေးနိုင် ဖြစ်နေသည်။ သူမတို့ မတိုက်ခိုက်သရွေ့ လင်းဟုန်ကျူးက ရှောင်ကျူ့ဝမ်တို့၏ ခွန်အားကို မသိနိုင်ပေ။

"မဟာသခင်ချင်၊ သူတို့ အားလုံးက ဘယ်သွားမှာလဲ.."

လင်းဟုန်ကျူးက စဉ်းစားမရသဖြင့် ထုတ်မေးလိုက်သည်။

ချင်ယန် ခေါင်းညိတ်လိုက်ပြီး....

“ငါတို့နဲ့ လိုက်မှာ...”

လင်းဟုန်ကျူးက မည်သည့်စကားမှ ထပ်မပြောတော့ပေ။ ရှောင်ကျူဝမ်နှင့် အခြားသူများက အိမ်ဖော် အနည်းငယ်သာ ဖြစ်ပြီး သူမတို့ သေသွားလျှင်ပင် သိပ် ဈေးမကြီးချေ။

သိပ်မကြာခင် အနီရောင် လင်္ဂျက်ကြီး တစ်ကောင် ပေါ်လာသည်။ ထိုအနီရောင် လင်္ဂျက်ကြီးက ယွမ်ဟိုင်နယ်မြေ ရှိနေသည်။ ၎င်းက လင်းဟုန်ကျူး သိမ်းပိုက်ထားသော ဝိညာဉ်သားရဲ ဖြစ်သည်။

တစ်ချိန်တုန်းက လင်းဟုန်ကျူးသည် အစွမ်းထက်သော စာချုပ်တစ်ခု ရှိခဲ့သည်။ ထိုစာချုပ်ကို အသုံးပြုပြီး ဒီအနီရောင် လင်္ဂျက်ကြီးကို သိမ်းပိုက်ထားခြင်း ဖြစ်သည်။

"မဟာသခင်ချင်၊ မြေအောက် လှိုဏ်ဂူနဲ့ ပက်သက်တဲ့ သတင်အချက်အလက် တချို့ကိုတော့ မင်း သိလိမ့်မယ်။ ဒါပေမဲ့ အများကြီး သိမှာ မဟုတ်ဘူး။ ငါ ပြောပြမယ်..."

"မြေအောက်ဂူတွေက အရမ်း အန္တရာယ် များတယ်။ ပိုသိလေ ပိုနာကျင် ရလေပဲ..."

လင်းဟုန်ကျူးက ပြောပြနေပြီး ချင်ယန်က ခေါင်းညိတ်ရင်း နားထောင်နေသည်။ သူက သိနေသော်လည်း ရှောင်ကျူဝမ်နှင့် အခြားလူများကို

ထုတ်မပြောနိုင်သဖြင့် ဒီကိစ္စကို လင်းဟုန်ကျူး ပြောပြနေခြင်းက ပိုအဆင်ပြေ သွားစေသည်။

.......

နာရီ အနည်းငယ် ကြာပြီးနောက် ချင်ယန်တို့ အဖွဲ့က ချမ်ဂျူးမြို့အနားသို့ ချဉ်းကပ်ခဲ့သော်လည်း ချမ်ဂျူးမြို့ထဲသို့ လုံးဝ မဝင်ခဲ့ပေ။

ချမ်ဂျူး အနောက်ဘက်မြို့၏ မြောက်ဘက် ကီလိုမီတာ နှစ်ရာအကွာတွင် နတ်ဆိုးမျက်လုံး တောင်ကြားဟု ခေါ်သော ကြီးမားသည့် ချိုင့်ဝှမ်းတစ်ခု ရှိသည်။

ထို နတ်ဆိုးမျက်လုံး တောင်ကြားထဲကို သာမန်လူများ လုံးဝ မဝင်နိုင်ပေ။

နတ်ဆိုးမျက်လုံး တောင်ကြား၏ အခြား တစ်ဖက်က နတ်ဆိုးတစ်ထောင် လှိုဏ်ဂူ ဝင်ပေါက် ဖြစ်နေသောကြောင့်ပင်။

ထိုနေရာကို သာမန်လူများ မဝင်ရောက်နိုင်ခြင်းမှာ အားနည်းသူများကို ကာကွယ် ပေးသည့်အပြင် အရင်းအမြစ်များကိုလည်း လက်ဝါးကြီး အုပ်ထားခြင်းလည်း ဖြစ်သည်။

ထို မြေအောက်ဂူက အလွန် အန္တရာယ်များသော်လည်း ထိုမြေအောက် ဂူထဲမှ အရင်းအမြစ်များက ပြင်ပ ကမ္ဘာတွင် တော်တော်လေး ရှားပါးသည်။ အင်အားစု တော်တော်များများကို အချင်းချင်း တိုက်ခိုက်နိုင်လောက်အောင် ကြီးမားသော အမြတ်အစွန်းများကို ယူဆောင် ပေးနိုင်သည်။

ဟောင်ယန်မြို့က အားကောင်းသဖြင့် နှစ်စဉ်နှစ်တိုင်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တစ်ယောက်ကို အစောင့်အဖြစ် ထားလေ့ရှိသည်။

တစ်ချိန်တည်းမှာပင် နှစ်စဉ်နှစ်တိုင်း မြေအောက်ဂူထဲ ဝင်ရောက်ခွင့် နေရာ တော်တော်များများ ရရှိထားသည်။

"မြို့သခင်လင်း ဂါဝါရ ပြုပါတယ်။

"မြို့သခင်လင်း၊ မြေအောက်ဂူထဲ ဝင်ဖို့လား..."

အနီရောင် လဌက် ဆင်းသက်လာသည်နှင့် တန်ခိုးရှင်များ ချက်ချင်း ရောက်လာကြသည်။

လင်းဟုန်ကျူးက အနည်းငယ် ခေါင်းညိတ် ပြလိုက်ပြီး.......

"ဝင်ရအောင်။ အဆင်ပြေရင် တစ်ရက်၊ နှစ်ရက်အတွင်း ပြန်ထွက်လာမယ်...."

"ဟုတ်ကဲ့ပါ မြို့သခင်လင်း.."

"မြို့သခင် အကောင်းဆုံး ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်..."

အနီရောင် လဌက်ကြီးက အပြင်ဘက်တွင် နေခဲ့ပြီး ချင်ယန်တို့အဖွဲ့က လင်းဟုန်ကျူးနှင့် အတူ တောင်ကြားထဲ လိုက်ပါ သွားကြသည်။ အတွင်း တောင်ကြားထဲတွင် စည်းတံဆိပ် အများကြီး ရှိနေသည်။ ရတနာများကိုလည်း နေရာမျိုးစုံတွင်

ခင်းကျင်းထားသည်။ ထိုရတနာများက အစီအရင်မျက်လုံး ဖြစ်သည်။ ထိုအထဲတွင် အစီအရင်ဆယ့်နှစ်ခုကျော် ခင်းကျင်းထားသည်။

အစီအရင်များ ရှိနေသည့် အပြင် တစ်နှစ်ပတ်လုံး ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ဆယ်ယောက်ကျော် ကင်းစောင့်နေသဖြင့် ပြေး ထွက်လာသော နတ်ဆိုးသားရဲများက အချိန်တိုလေး အတွင်း နတ်ဆိုးမျက်လုံး တောင်ကြား အပြင်ဘက်သို့ ထွက်လာရန် မဖြစ်နိုင်ပေ။

နတ်ဆိုးမျက်လုံး တောင်ကြားက ချမ်ဂျူးမြို့နှင့် ကီလိုမီတာ နှစ်ရာသာ ဝေးကွာသည်။ အကယ်၍ ပြဿနာ တစ်ခုခု ရှိလာသည်နှင့် ချမ်ဂျူးမြို့မှ တန်ခိုးရှင်များက မကြာခင် ရောက်လာကြသည်။

"မြို့သခင်လင်း... သွေးစွန်း တောင်တန်း အလယ်မှာ ရှိနေရမှာ မဟုတ်ဘူးလား.. ဘာဖြစ်လို့ ဒီအချိန်ကြီး မြေအောက် လှိုဏ်ဂူထဲ ဝင်နေရတာလဲ..."

တန်ခိုးရှင် တစ်ယောက်က မေးလိုက်သည်။

လင်းဟုန်ကျူးက သာမန်ကာ လျှံကာ အမူအရာနှင့်.....

"သွေးစွန်း တောင်တန်း အလယ်က အမွေအနှစ် နေရာက မလွယ်ကူဘူး။ သေမှာ ကြောက်လို့ အခု လောလောဆယ်တော့ မဝင်သေးဘူး။ သောင်မိသားစု ခေါင်းဆောင်၊ ကျေးဇူးပြုပြီး ဂူတံခါး ဖွင့်ပေးပါ..."

"မြို့သခင်လင်း.. ပစ္စည်းကောင်း ရလာရင် ငါတို့ သောင်မိသားစုကို မမေ့နဲ့နော်...."

သောင်မျိုးရိုးနှင့် တန်ခိုးရှင်က ဂူတံခါးကို စောင့်ကြပ်နေသည်။ သူက ပြောပြီးသည်နှင့် လက်ခုပ်တီးလိုက်ရာ ကြီးမားသော သံတံခါးကြီး တစ်ခု ပေါ်လာသည်။

ဘုန်း ဝုန်း ဘုန်း..

ခဏအကြာ သံတံခါးဘက်မှ တုံ့ပြန်သံ ထွက်ပေါ်လာသည်။ ဒါသည် ဂူဘက်ခြမ်းမှ ဘေးကင်းရေးကို သေချာစေရန် ပြုလုပ်ထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ မဟုတ်ဘဲ ဂူထဲမှ

နတ်ဆိုသားရဲများ ဝရုန်းသုန်းကား ထွက်ပြေးလာလျှင် ပြဿနာ ဖြစ်လာမည် မဟုတ်ပါလား....

"ပွင့်...."

သောင်မျိုးရိုးနှင့် တန်ခိုးရှင်က အော်ဟစ်ပြီး သံတံခါးထဲသို့ ယွမ်ချီများ ထည့်သွင်းလိုက်ရာ အလေးချိန် တန်ချိန် တစ်သန်းကျော် လေးလံသော သံတခါးကြီးက ဖြည်းဖြည်းခြင်း ပွင့်လာသည်။

ထိုတံခါးကြီးက အလွန် တန်ဖိုးကြီးသည်။

တံခါး အားလုံးကို ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်က ပြုလုပ်ထားခြင်း ဖြစ်ပြီး မည်ကဲ့သို့ ဖွင့်ရမှန်း မသိပါက ယွမ်ဒန် နယ်ပယ် နတ်ဆိုးသားရဲပင် အချိန်တိုလေး အတွင်း မဖွင့်နိုင်ချေ။

“မြို့သခင်လင်း၊ အကောင်းဆုံး ဖြစ်ပါစေလို့ ဆုတောင်း ပေးလိုက်တယ်…’

“နတ်ဆိုးသားရဲ နည်းနည်းလောက် ထပ် သတ်ခဲ့အုံး…”

သောင်မျိုးရိုး တန်ခိုးရှင်က အချိန်အနည်းငယ်ကြာအောင် လေးလေးနက်နက် ပြောဆိုနေခဲ့သည်။

ချမ်ဂျူး ဘက်ခြမ်း၌ နတ်ဆိုးတစ်ထောင်လှိုဏ်ဂူထဲတွင် တန်ခိုးရှင် တော်တော်များများ သေဆုံးသွားခဲ့ပြီးပြီ ဖြစ်သည်။

သောင်မိသားစုနှင့် ဟောင်ယန်မြို့မှ တန်ခိုးရှင်တော်တော်များများလည်း ဒီနေရာတွင် သေဆုံးခဲ့ဖူးသည်။

"စိတ်မပူနဲ့..."

လင်းဟုန်ကျူးက ခေါင်းညိတ် လိုက်သည်။ ထို့နောက် ချင်ယန်တို့ အဖွဲ့နှင့် အတူတူ သံတံခါးကြီးကို ဖြတ်ကျော် သွားကြသည်။ အတွင်းဘက်တွင် အလွန် အင်မတန် မာကျောသော ရွှေနီကျောက်များ ရှိသည်။ ထိုရွှေ နီကျောက်များပေါ်တွင် စည်းတံဆိပ် အမျိုးမျိုး ရေးထွင်းထားပြီး ပိုမို မာကျောအောင် ပြုလုပ်ထားသည်။

“မြို့သခင်လင်း ဆုံကြပြန်ပြီ....”

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က အရိုအသေ ပေးလိုက်သည်။ ထိုနေရာကို စောင့်ကြပ်နေသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က အမြဲတမ်း ရှိနေသည်။

"တံခါးဖွင့်..."

လင်းဟုန်ကျူးက ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ... မြို့သခင်...."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်အနက် တစ်ယောက်က တံခါး ဖွင့်ပေးလိုက်သည်။

ထိုတံခါး၏ အရည်အသွေးက မကောင်းသော်လည်း အဆိုးကြီး မဟုတ်ပေ။ ယွမ်ဒန်အဆင့် နတ်ဆိုးသားရဲ၏ တိုက်ခိုက်မှုကို ခုခံရန် ပြဿနာ မရှိပေ။

အတင်း အဓမ္မ ထိုးဖောက်လာသော နတ်ဆိုးသားရဲ တစ်ကောင် ရှိလျှင်ပင် ဒီတံခါးက ယာယီ ပိတ်လှောင် ထားနိုင်သည်။

"အရမ်း တင်းကျပ်လွန်းတယ်။ ဒီလို အခြေအနေနဲ့ဆိုရင် နတ်ဆိုးသားရဲက မြန်မြန် ဆန်ဆန် ထွက်သွားဖို့ မဖြစ်နိုင်ဘူး…'

ရှောင်ကျူယင်က အံ့အောသင့်စွာ ရေရွတ်လိုက်သည်။

“ဒီလို မဟုတ်ဘူး...”

လင်းဟုန်ကျူးက အနည်းငယ် သက်ပြင်း ချလိုက်သည်။

နတ်ဆိုးမျက်လုံး တောင်းကြားထဲမှ နတ်ဆိုးသားရဲ အများအပြား ပြေးထွက်လာခဲ့ ဖူးပြီး မရေမတွက်နိုင်သော လူများ သေဆုံး ခဲ့ဖူးသည်။

ဝုန်း... ဂျလိန်း.....

ချင်ယန်တို့ ရှေ့မှ တံခါးက ဖြည်းဖြည်းခြင်း ပွင့်လာသည်။

ရတ်တရတ် ဆိုသလို ပြင်းထန်သော သွေးအနံ့များနှင့် ကြောက်စရာ ကောင်းသော အော်ရာက ပျံ့နှံ့လာသည်။

တံခါး အတွင်းဘက်တွင်လည်း ချိုင့်ဝှမ်းတစ်ခု ရှိနေသည်။ ထိုချိုင့်ဝှမ်းက နတ်ဆိုးမျက်လုံး တောင်ကြားထက် အများကြီး ပိုကြီးသည်။ မြေပြင် အရောင်က အနီရင့်ရောင် ဖြစ်နေသည်။ ဒါက မြေပြင်၏ မူလအရောင် မဟုတ်ပေ။ အချိန်

အတော်ကြာအောင် သေဆုံးခဲ့သော လူသားများနှင့် နတ်ဆိုးသားများ၏ သွေးများကြောင့် ယခုကဲ့သို့ ဖြစ်နေခြင်း ဖြစ်သည်။

ထို တောင်ကြားထဲတွင် မရေမတွက်နိုင်သော လူများနှင့် နတ်ဆိုးသားရဲများ သေဆုံး ခဲ့ကြသည်။

"သွားရအောင်...."

လင်းဟုန်ကျူးက လေနက်စွာ ပြောလိုက်သည်။ သူမ ဦးဆောင်ပြီး တောင်ကြားထဲမှ ချက်ချင်း ထွက်ခွာသွားသည်။ ချင်ယန်တို့ အဖွဲ့

ဝင်သွားသည်နှင့် ရှုပ်ထွေးလှသော တံခါးကို ချက်ချင်း ပြန်ပိတ်လိုက်သည်။

"ဝေါင်း....."

လူ အငွေ့အသက်ကို ရလိုက်သဖြင့် ခမ်းလှမ်းလှမ်းမှ နတ်ဆိုး သားရဲများ၏ ဟိန်းဟောက်သံများ ထွက်ပေါ်လာသည်။ ထို့နောက် နတ်ဆိုးသားရဲများက တစ်ကောင်ပြီး တစ်ကောင် ဟိန်းဟောက် နေကြသည်။

ရှောင်ကျူဝမ်နှင့် အခြားလူများက မျက်နှာ ပျက်သွားကြသည်။ ထို အခိုက်အတန့်တွင် ချမ်ဟိုင်၊

နန်ရှမ်နှင့် အခြားလူများပင် အနည်းငယ် စိုးရိမ်နေကြသည်။

"မဟာသခင်ချင်၊ မင်းကို တစ်ခုပြောဖို့ မေ့သွားတယ်။ ဒီအထဲမှာ ကျင့်ကြံခြင်း အဆင့်တူနေရင် နတ်ဆိုး သားရဲတွေက ပိုသန်မာတယ်..."

လင်းဟုန်ကျူးက လက်ညှိုး တစ်ချောင်း ညွှန်ပြလိုက်ရာ သူမ လက်ချောင်းထိပ်မှ အနီရောင် အလင်းတန်းက ပြေးထွက်သွားသည်။ မီတာ တစ်ရာအကွာတွင် သူတို့ထံ ပြေးလာနေသော

ယွမ်ဟိုင်နယ်ပယ် ခြသေ့် မွန်းစတား၏ ဦးခေါင်းကို ထိမှန်ပြီး သွေးပေါက်တစ်ခု ဖြစ်သွားသည်။

ဝုန်း.....

ရုတ်တရုတ် ဆိုသလို ခြသေ့်မွန်းစတား သေသွားသည်နှင့် ချင်ယန်တို့ အဖွဲ့ မသိအောင် အနား ချဉ်းကပ်လာသော အခြား နတ်ဆိုးသားရဲများက ရုတ်တရုတ် ထွက်ပြေး သွားကြသည်.။

“သခင်လေး.. ဒီနေရာက အရမ်း ထူးဆန်းတယ်။ ငါတို့က မြေအောက်ထဲ ဝင်လာတာ

မဟုတ်ဘူးလား.. ဘာဖြစ်လို့ ဒီနေရာမှာ ကောင်းကင်ကြီး လင်းနေရတာလဲ..”

ရှန်းယုလင်းက စိတ် ရှုပ်ထွေးနေသော အမူအရာနှင့် မေးလိုက်သည်။

လင်းဟုန်ကျူးက ဒီအချက်နှင့် ပက်သက်ပြီး လုံးဝ မပြောခဲ့ပေ။ သူမလည်း ရှင်းရှင်းလင်းလင်း မသိပေ။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ဒီမြေအောက်ဂူတွေက မြေအောက် အနက်ကြီးထဲမှာ ရှိနေပေမဲ့ မြေအောက် သက်သက်ပဲ မဟုတ်ဘူး။ မြေအောက်ဂူတွေက အစွမ်းထက်တဲ့ နတ်ဆိုးသားရဲတွေ ဖွင့်ခဲ့တဲ့ ဒိုင်မေးရှင်းတွေပဲ။ တကယ်ဆို အဲ့နတ်ဆိုးသားရဲတွေက ကောင်းကင်ဘုံ အဆင့်နဲ့ အတူတူပဲ"

"ကောင်းကင်ဘုံ ကမ္ဘာရှိတဲ့ တန်ခိုးရှင်ကို ကောင်းကင်ဘုံ နယ်ပယ် တန်ခိုးရှင်လို့ ခေါ်တယ်။

ဒါကြောင့်လည်း ဒီလို ဒိုင်မေးရှင်းမျိုး ဖွင့်ပေးနိုင်တဲ့ အစွမ်းမျိုး ရှိနေတာ...”

“ကောင်းကင်ပေါ်က နေကို မြင်လား။ တကယ်တော့ ဒါက အဆင့် (၈) မှော်ကြယ်သားရဲရဲ့ နတ်ဆိုး အူတိုင်ပဲ။ ဒီနတ်ဆိုး အူတိုင်က ကောင်းကင်စွမ်းအားကို အဆက်မပြတ် စုပ်ယူပြီး တစ်ချိန်တည်းမှာပဲ အလင်းရောင်နဲ့ မျှတတဲ့ အပူတွေ ထုတ်ပေးရင် အပင်နဲ့ တိရစ္ဆာန်တွေကို ထောက်ပံ့ပေးနေတာ....”

လင်းဟုန်ကျူးက အံ့အော သင့်သွားပြီး.....

"မဟာသခင်ချင်က အများကြီး သိတာပဲ..။ ကောင်းကင်ပေါ်က အရာက အမှန်တကယ် ကြယ်ရှစ်ပွင့် မှော်ကြယ်သားရဲရဲ့ နတ်ဆိုး အူတိုင် ဖြစ်နေလို့ အချိန်အကြာကြီး စွမ်းအင် ပေးနိုင်တာလား..."

ချင်ယန်က တစ်ချက် ပြုံးလိုက်ပြီး ..

"ရိုးရိုး ကြယ်ရှစ်ပွင့် မှော်ကြယ်သားရဲ့ နတ်ဆိုးအူတိုင်ဆိုရင် ထုံးစံအတိုင်းပဲ မကောင်းဘူး။ ဒါပေမဲ့ ဒီမြေအောက်ဂူကို ကောင်းကင်ဘုံအဆင့် နတ်ဆိုးသားရဲ တန်ခိုးရှင်က ဖွင့်ထားတာ။ ပြီးတော့

ဒီမြေအောက်ဂူရဲ့ ဖွဲ့စည်းပုံက နိယာမတွေနဲ့ တောက်တော်လေး ဆက်နွှယ်နေတယ်။ အတိအကျတော့ မပြောပြတော့ဘူး”

“မြို့သခင်လင်း...... သွားရအောင်.. ကောင်းကင်ဘုံ ဝံပုလွေဆီ သွားရအောင်.....”

လင်းဟုန်ကျူး ရုတ်တရုတ် မျက်နှာပျက် သွားသည်။ ကောင်းကင်ဘုံ ယွမ်ဝံပုလွေ ရှိသည့်နေရာသည် နတ်ဆိုး တစ်ထောင်ဂူ၏ အန္တရာယ် အများဆုံး နေရာထဲမှ တစ်ခု ဖြစ်သည်။

ကောင်းကင်ဘုံ ဝံပုလွေ ဇစ်မြစ်နေရာတွင် ယွမ်ဒန်နယ်ပယ် လုံးဝ မရှိသော်လည်း ယွမ်ဟိုင်နယ်ပယ် ဝံပုလွေက ခုနှစ်ကောင်၊ ရှစ်ကောင်ထက် မနည်းပေ။ ယွမ်ဟူနယ်ပယ် ဆိုပါက ပို၍ပင် များနိုင်သေးသည်။

ကောင်းကင်ဘုံ ဝံပုလွေများက သာမန် ဝံပုလွေများကဲ့သို့ အုပ်စုဖွဲ့ နေထိုင်ရခြင်းကို ကြိုက်နှစ်သက်သည်။